The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL .16, NO . 49 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | December 26 , 2016

## ထိုင်းနိုင်ငံထုတ် ဘီလပ်မြေများ တင်သွင်းမည်ဆိုပါက ကော့သောင်းနယ်စပ်မှတင်သွင်းခြင်းသည် ပိုမိုအကျိုးဖြစ်ထွန်းနိုင်

|pmrsuEs- 16|

## သွင်းကုန်လိုင်စင်လျှောက်ထားရန် လိုအပ်သည့်ကုန်စည် လိုင်းများအနက်မှ ကုန်စည်လိုင်း ၁၅၀ အား ထပ်မံဖြေလျှော့

|pmrsuEs- 26|

## နိုင်ငံခြားဖက်စပ် ကုမ္ပဏီများအား ကုန်သွယ်ခွင့်ပြုသည့် ဆေးရုံသုံးကိရိယာများနှင့် ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများအား HS Code လိုင်းဖြင့် သတ်မှတ်ထုတ်ပြန်

|pmrsuEs- 26|



## ကုန်သွယ်မှု လျှင်မြန်ချောမွေ့စေဖို့ ဘက်စုံဝိုင်းဝန်း

ylay;gif

aqmif&GHupb

မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ဆောင်ရွက်လျက်ရှိရာမှာ ကုန်သွယ်မှု လုပ်ငန်းဟာ အလွန်အရေးပါတဲ့ အခန်းကဏ္ဍက ပါဝင်လျက်ရှိတဲ့အတွက် နိုင်ငံတော်အနေနဲ့ ကုန် သွယ်မှု လျှင်မြန်ချောမွေ့စေဖို့ နည်းလမ်းပေါင်းစုံနဲ့ ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိနေပါတယ်။ ဒါ့အပြင် “နိုင်ငံသားအားလုံး ပူးပေါင်းပါဝင်နိုင်ပြီး တီထွင်ဆန်းသစ်မှုနှင့် ကြိုးပမ်းအားထုတ်မှုများဖြင့် တိုးတက်မှု ရလဒ်ကောင်းများကို အစဉ်အဆက် ရယူထိန်းသိမ်းနိုင်မည့် စီးပွားရေး စနစ်တစ်ခု

|pmrsuEs- 12|

# တရားမဝင်ကုန်သွယ်မှုများကို တားဆီးခြင်းဖြင့် ကုန်သွယ်မှု လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိနိုင်ရေး

Bulc;yrf;fluygpb




ကုန်သွယ်မှု တိုးတက်ရရှိရေးသည် တရားမဝင်ကုန်သွယ်မှု လျော့နည်းမှသာ တိုးတက်ရရှိ လာမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ကုန်သွယ်မှုကို လေ့လာကြည့်မယ်ဆိုရင် မြန်မာနိုင်ငံဟာ နယ်စပ်လမ်းကြောင်း တစ်လျှောက် ဝင်ထွက်ပေါက်တွေ များပြားလှတာကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုမှာ တရားဝင်ကူးသန်းရောင်းဝယ်တာထက် တရားမဝင်ကူးသန်းရောင်းဝယ်တာက ပိုမိုများပြားနေလိမ့်မယ်လို့လည်း ခန့်မှန်းမိပါတယ်။

လွတ်လပ်စွာ ကူးသန်းရောင်းဝယ်မှုပြုခွင့်မရခင်ကတည်းက မှောင်

|pmrsuEs- 18|

Top-Kick Multi - Crop Thresher စပါး နှင့် ပဲအမျိုးမျိုး ခြွေလှေ့စက်

စပါး၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစဉ်းငုံ၊ ပဲကြီး၊ ကုလားပဲ၊
စားတော်ပဲ၊ ပဲပိစပ်၊ ပဲလွန်းနီ၊ ဂျုံ၊ နေကြာ၊
မြေပဲ၊ ပြောင်းအစရှိသည့်သီးထပ်၊ သီးညှပ် ပဲအမျိုးမျိုးတို့ကို
ခြွေလှေ့စက် တစ်လုံးတည်းဖြင့်လွယ်ကူစွာခြွေလှေ့နိုင်ပါသည်။
သီးနှံ တစ်မျိုးပြောင်း၍ခြွေလှေ့တိုင်းမည်သည့်နေရာ
ဒေသမဆိုလိုက်လံခြွေလှေ့ပြသပေးပါသည်။



ပဲကွဲမှုမရှိခြင်း နှင့် သဲ ခဲ ကင်းစင်မှုကို အာမခံပါသည်
စပါးတင်းတစ်ထောင်ခြွေလှေ့ပါက အလေအလွင့်အနေဖြင့် (၄) ပြည်သာလျော့မည်။
ရိုးမဘဏ်(ပြည်ဘဏ်ခွဲ)ဖြင့် ချိတ်ဆက်၍ အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ပါသည်။
Ko Zaw Moe Aung(Electronic Service Engineer)
Top-Kick Engineering Group
No.(14),Mekkheyar Min Thar Gyi Mg Phyo Street,Industrial Zone(1),Pyay.
Ph:09-5409513,09-253100337,09-253149075
ဆက်သွယ်ရန် - ကိုဇော်မိုးအောင်( 09-5409513)အမှတ်(၂၀)၊ ဦးလှကြီးလမ်း၊ စက်မှုဇုန်(၁)၊ ပြည်မြို့


Premium Solution for Quality Living...
Royal Material Co.,Ltd.
နိုင်ငံတကာ အရည်အသွေးမီ ကိုရီးယားနိုင်ငံထုတ် အိမ်တွင်းအလှဆင်ပစ္စည်းများ
အရောင်းပြခန်းနှင့်အိမ်တွင်းအလှဆင်လုပ်ငန်း
ROYAL MATERIAL
INTERIOR DECORATION
အဆင့်မြင့်ခိုင်ခံ့သပ်ရပ်သော Korea Aluminium နှင့်ဆက်စပ်ပစ္စည်းများ၊ကြမ်းခင်းနှင့်နံရံသုံးဆန်းသစ်သော Vinyl ပြားများ၊ နံရံအလှဆင် Wall Leather လိပ်များ
အလင်းရောင်ထိုးဖောက်နိုင်သော Acrylic ပြားများ၊ အိပ်ခန်းနှင့်သန့်စင်ခန်းသုံးတံခါး(ABS Doors)၊ လှပခိုင်ခံ့သောအလူမီနီယမ်ဇကာကွက်များ၊
ခေတ်မီဝရံတာ၊ လှေခါးလက်ရန်းအကာများ၊ ဆေးရှိသုံးလက်ရန်းများ၊ နံရံနှင့်မျက်နှာကျက်အလှဆင်(Space Wall)
အမှတ် (၃၁၂-၃၁၈)၊အနော်ရထာလမ်း၊ (၃)လမ်းထိပ်၊ (KBZ Bank ဘေး)၊လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - 09 79700 6070-72, 09 7312 6052။ Website :www.royalmaterial.com, Email :info.royalmaterial@gmail.com


eagles
GLOBAL LOGISTICS MYANMAR
EAGLES GLOBAL LOGISTICS
INTERNATIONAL FREIGHT FORWORDING & LOGISTICS
YOUR LOGISTICS PARTNER
SERVICES:
International Air / Ocean Freight
Inland and Cross Border Trucking
Special Project Cargo
Customs Clearance
Diplomatic Cargo & Household
Personal Effect
Domestic & International Door to Door Services
E-commerce & Export/ Import Trading Services
tigerair
GSA for Tiger Air Singapore and
Tiger Air Taiwan
A SUBSIDIARY OF EAGLES GROUP OF COMPANIES THAILAND
Myanmar Office :
1st floor (left side), Thirimingalar Old Market, Strand road, Kyeemyindaing tsp, Yangon, Myanmar.
Tel. (+95)9-421014022, (+95)9-43119500 E-mail: myanmar@eaglesthai.com

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြဝတီမြို့ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်း၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၁၇ ရက်က မြဝတီမြို့ရှိ ထိုင်း-မြန်မာ ချစ်ကြည်ရေးတံတား အမှတ်(၁)သို့ ရောက်ရှိလာရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက တံတားအမှတ်(၁)မှ နေ့စဉ် လူဝင်/လူထွက် အခြေအနေ၊ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လူဝင်/လူထွက်ဂိတ်နှင့် ဌာနဆိုင်ရာများအား ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြဝတီမြို့၊ ထိုင်း-မြန်မာ ချစ်ကြည်ရေး တံတားအမှတ် (၂) တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိပြီး တံတားတည်ဆောက်ရေး အင်ဂျင်နီယာမှူး၊ ဦးစောကျော်ဝင်းက အဆိုပါတံတားသည် ယာဉ်သွားလမ်း (၄) လမ်းပါရှိ၍ တံတားအရှည် မီတာ ၇၆၀ရှိပြီး ၂၀၁၉ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံဘက်ခြမ်းမှ တံတားတည်ဆောက်ရေး အင်ဂျင်နီယာမှူး၊ မစ္စတာ ဆူလာချိုင်းအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နံနက် ၉ နာရီတွင် မြဝတီကုန်သွယ်ရေးဇုန်၊ အစည်းအဝေးခန်းမ၌ OSS အဖွဲ့ဝင် ဌာနဆိုင်ရာ ဝန်ထမ်းများအား တွေ့ဆုံကာ အမှာစကားပြောကြားရာတွင် OSS ဝန်ထမ်းများသည် ဌာနအလိုက်လုပ်ထုံးလုပ်နည်းများ မတူညီကြသော်လည်း၊ ပြည်သူကို အလုပ်အကျွေးပြုသည့် ဝန်ထမ်းများဖြစ်သည့်အပြင် အခက်အခဲများအား ပေါင်းစပ်ညှိနှိုင်းလုပ်ဆောင်ပါက လုပ်ငန်းများ မြန်ဆန်သွက်လက်လာမည်ဖြစ်ကြောင်း၊ လုပ်ငန်းဆိုင်ရာ အချက်အလက်များကိုလည်း တစ်ဦးနှင့် တစ်ဦး အပြန်အလှန်သိရှိအောင် ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း စသည်ဖြင့် လမ်းညွှန် မှာကြားခဲ့သည်။

ထို့နောက် ကရင်ပြည်နယ် စီမံ/ဘဏ္ဍာရေး၊ စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်၊ ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုများအား အသီးသီး ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲ ၂ နာရီတွင် မြဝတီမြို့၊ အာရှလမ်းမကြီးရှိ သောင်ရင်းခန်းမ၌ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ကုန်သည်များနှင့် လုပ်ငန်းရှင်များအား တွေ့ဆုံကာ အမှာစကား ပြောကြားရာတွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထား ဆောင်ရွက်လျက်ရှိပြီး၊ ကုန်သွယ်မှု ဖြေလျော့ပေးရေး၊ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး၊ ကုန်သွယ်မှု ပညာပေးရေး၊ ကုန်သွယ်မှုစေ့စပ်ညှိနှိုင်းရေး၊ ကုန်သွယ်မှုမြှင့်တင်နိုင်ရေးနှင့် စားသုံးသူ အကာအကွယ်ပေးရေးဟူသော မဏ္ဍိုင်ကြီးခြောက်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကုန်သွယ်မှု ဆောင်ရွက်ရာတွင် ဒေသတွင်းကူးသန်းရောင်းဝယ်မှုအဆင့်မှ နိုင်ငံတကာနှင့် ချိတ်ဆက်၍ ကူးသန်းရောင်းဝယ်နိုင်ရန် ပုဂ္ဂလိကလုပ်ငန်းရှင်များ နိုင်ငံတကာနှင့် ရင်ပေါင်တန်း လုပ်ကိုင်နိုင်ရေး မိမိတို့ဌာနအနေဖြင့် ကူညီဆောင်ရွက်ပေးမှာဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကုန်သည်လုပ်ငန်းရှင်များ၏ ကုန်ပစ္စည်းထုတ်လုပ်သည်မှ သယ်ယူပို့ဆောင် သိုလှောင်ရောင်းချသည်အထိ Supply Chain တစ်ခုလုံးတွင် တွေ့ကြုံရသည့် အခက်အခဲများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းပေါင်းစပ် ဖြေရှင်းပေးလျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုပြုရာတွင် မလိုလားအပ်သော ကုန်ကျစရိတ်များ၊ အချိန်ကြန့်ကြာမှုများ၊ စာရွက်စာတမ်း အထောက်အထားများ လျှော့ချနိုင်ရေးအတွက် အခြားဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးမှာဖြစ်ပြီး နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှနေ၍ တရားမဝင်ကုန်သွယ်မှုများကိုလည်း သက်ဆိုင်ရာဌာနများနှင့်

*စာမျက်နှာ ၆ သို့*

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် Re-Export နှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းဝေးသို့ တက်ရောက်အမှာစကားပြောကြား

Re-Export စနစ်ဖြင့် ပို့ကုန်တင်ပို့ရာမှ ရရှိသည့် နိုင်ငံခြားငွေများ ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်စေရေး၊ Re-Export စနစ်ဖြင့် ကုန်သွယ်မှုဆောင်ရွက်ရာတွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ သတ်မှတ်နိုင်ရေးကိစ္စတို့နှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၁ ရက်တွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် သကြား၊ ဓါတ်ဆီ၊ ဒီဇယ်ဆီ၊ ကွမ်းသီး၊ မြေပဲ၊ နှမ်း၊ တာယာ စသည့် ပြည်ပပို့ကုန်ပစ္စည်းများကို Re-Export စနစ်ဖြင့် ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိကြောင်း၊ Re-Export စနစ်ဖြင့် ကုန်သွယ်မှုဆောင်ရွက်ခြင်းသည် နိုင်ငံတော်အတွက် အခွန်အခများကို ပိုမိုတိုးတက်စေသည့်အပြင် ကုန်သွယ်မှုပမာဏ တိုးတက်မှုကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေမည် ဖြစ်သည့်အတွက် ဆက်လက်ခွင့်ပြုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ Re-Export စနစ်ဖြင့် တင်ပို့မှုများမှ နိုင်ငံခြားငွေများ ပြည်တွင်းသို့ စနစ်တကျ အပြည့်အဝ ပြန်လည်စီးဝင်ရေးကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့နှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ကုန်သည်လုပ်ငန်းရှင်များကလည်း သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်သွားကြရန်လည်း လိုအပ်ကြောင်း၊ လိုက်နာမှု မရှိသော ကုမ္ပဏီလုပ်ငန်းရှင်များအား အရေးယူ ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း၊ ယခင် တင်သွင်း/တင်ပို့ ထားသည့် တန်ချိန်များအတွက် တင်ပို့ပြီးကြောင်းနှင့် နိုင်ငံခြားငွေ ပြန်လည်ဝင်ရောက်ကြောင်း အထောက်အထား တင်ပြမှသာ ဆက်လက်ခွင့်ပြုပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်က ဘဏ်လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်က ကုန်သွယ်မှုနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာကြသော Re-Export လုပ်ငန်းရှင်များက ပြည်ပသို့ ကုန်ပစ္စည်း တင်သွင်း/တင်ပို့ ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြကြရာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးပြီးနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**MOC (IR)**

Commerce
J O U R N A L

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**
ချိုသက်မူ
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွင့်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သုံ့နွမ်း

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်၊ မြင့်ဆွေ

**ကွန်ပျူတာ**
လဲ့လဲ့မွန်၊ သင်းသီရိအောင်
ပြည့်ဟိန်းဇော်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ဆန်ဟောင်းဈေးငြိမ်ပြီး ဆန်ချောသစ်ရှယ် ဈေးကျ

ယခုတစ်ပတ် ရန်ကုန်မြို့ ဝါးတန်းကုန်စည်ဒိုင်ရဲ့ ဆန်ဈေးနှုန်းမှာ ဆန်ဟောင်းဈေးနှုန်း မပြောင်းဘဲ ဆန်ချောသစ်ရှယ် ဈေးကျကြောင်း သိရပါတယ်။ ဆန်ချော ဖျာပုံပေါ်ဆန်းဆန် ထိပ်စတစ်အိတ် ကျပ် ၃၈၀၀၀ နဲ့ လတ်စတစ်အိတ် ကျပ် ၃၄၀၀၀ ၊ ပုသိမ်/မြောင်းမြ ပေါ်ဆန်းဆန် ထိပ်စတစ်အိတ် ကျပ် ၄၀၀၀၀ နဲ့ လတ်စတစ်အိတ် ကျပ် ၃၄၀၀၀ ၊ ကျိုက်လတ်နယ်စုံ ပေါ်ဆန်းထိပ်စတစ်အိတ် ကျပ်၃၂၀၀၀ နဲ့ လတ်စ တစ်အိတ် ကျပ် ၂၉၀၀၀ ၊ ရွှေဘိုပေါ်ဆန်းဆန် ထိပ်စတစ်အိတ် ကျပ် ၄၃၀၀၀နဲ့ လတ်စတစ်အိတ် ကျပ် ၄၄၅၀၀ ဖြစ်ပြီး ယခင်တစ်ပတ်အတိုင်း ဈေးနှုန်းမပြောင်းလဲကြောင်း သိရှိရပါတယ်။ ပေါ်ဆန်းအသစ်ရှယ် တစ်အိတ် ကျပ် ၂၅၀၀၀ မှ ၂၉၀၀၀ ဖြစ်ပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် တစ်အိတ်ကို ကျပ်၂၀၀၀ ခန့်ဈေးကျကြောင်းသိရပါတယ်။ ဆန်ချောသစ်ရှယ်မှာ အဝင်များပြီး အဝယ်နည်းတာကြောင့် အရောင်းအဝယ် မမျှတာရယ်၊ ရာသီပေါ်ချိန် ဖြစ်တာကြောင့် ဈေးကျတာလို့ သိရပါတယ်။

ဆန်ကြမ်းဈေးနှုန်းမှာ ဧည့်မထဆန် ထိပ်စတစ်အိတ် ကျပ် ၁၉၅၀၀နဲ့ လတ်စတစ်အိတ် ကျပ် ၁၈၅၀၀ ၊ နှံ့သီးထပ်ရှယ် တစ်အိတ်ကျပ် ၁၉၀၀၀မှကျပ် ၂၀၀၀၀ ၊ နှံ့ဆန် ရက်၉၀ တစ်အိတ် ကျပ် ၂၀၅၀၀ မှ ကျပ် ၂၂၀၀၀ ၊ မနောသုခ တစ်အိတ် ကျပ် ၂၄၀၀၀ မှ ကျပ် ၂၅၀၀၀ ၊ အိတ်စ်ပို့ ၂၅မှတ် ဆန်တစ်အိတ် ကျပ် ၁၅၀၀၀ မှ ကျပ် ၁၆၀၀၀ ၊ ဆန်ကြမ်း အသစ်ရှယ် တစ်အိတ် ကျပ် ၁၈၀၀၀ မှ ကျပ် ၁၉၅၀၀ နဲ့ ဆန် ဟောင်းရော ဆန်သစ်ပါ ယခုတစ်ပတ်ဈေးနှုန်း မပြောင်းဘဲ ဈေးငြိမ်နေကြောင်း သိရှိရပါတယ်။ ဆန်အဝင် ပုံမှန်ရှိပြီး အရောင်းအဝယ်လည်း ပုံမှန်အတိုင်းရှိနေတယ်လို့ ဝါးတန်း ဆန်ဈေးကွက်မှ သတင်းရရှိပါတယ်။

မူဆယ် ဆန်ဈေးကွက်မှာလည်း ယခုတစ်ပတ် ဈေးငြိမ်နေတယ်လို့သိရပါတယ်။ ဧည့်မထ ၅မှတ်စူပါတစ်အိတ် ၁၂၇ ယွမ်မှ ၁၃၁ ယွမ်၊ ဧည့်မထ ၁၀မှတ် စူပါတစ်အိတ် ၁၂၄ ယွမ်မှ ၁၂၇ ယွမ်၊ ဧည့်မထ ၁၅မှတ်စူပါတစ်အိတ် ၁၁၉ ယွမ်မှ ၁၂၁ယွမ်၊ ၂၅မှတ် စူပါတစ်အိတ် ၁၁၆ မှ ၁၁၈ ယွမ်၊ ငစိန် ၅မှတ် တစ်အိတ် ၁၂၄ မှ ၁၂၈ ယွမ်၊ ငစိန် ၁၅မှတ် တစ်အိတ် ယွမ် ၁၂၀ မှ ၁၂၃ ၊ ငစိန် ၂၅မှတ် တစ်အိတ် ၁၁၆ ယွမ်မှ ၁၁၈ ယွမ် ဈေး ရှိပါတယ်။

မူဆယ်ကုန်စည်ဒိုင်သို့ပြည်တွင်းနယ်စုံမှ ဆန်အဝင်မှာ ဒီဇင်ဘာ ၁၆ရက်မှ ၂၁ရက်အထိ ၁၉၅၆၂ တန်ရှိပြီး ယခင်တစ်ပတ်ကထက် အဝင်ပိုမိုပါတယ်။ ငွေလဲနှုန်းကတော့ ဒီဇင်ဘာ ၂၃ရက်နေ့မှာ တစ်ယွမ်ကို ၁၉၅ ကျပ် ဈေးပေါက်ကြောင်း မူဆယ်မှ သိရှိရပါတယ်။ **ယဉ်ယဉ်အေး**



# ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အာဖရိကနိုင်ငံများသို့ ဆန်ရော ဆန်ကွဲပါ တန်ချိန်အများအပြား တင်ပို့နိုင်

ဒီဇင်ဘာ ၁၀ ရက်မှ ၁၆ရက်အထိ သီတင်းတစ်ပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်ရှိ ကုန်သွယ်ရေး စခန်းများမှ အမေရိကန်ဒေါ်လာ ၈ဒသမ ၆၉၈ သန်း တန်ဖိုးရှိ ဆန်တန် ၂၅၃၀၀ တင်ပို့ခဲ့ရာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၂၀၅၀ တန်နဲ့ ဧည့်မထဆန် ၁၅၆၇၄ တန်ကျော်၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၈၃ တန်ကျော်နဲ့ဧည့်မထဆန် ၆၁၈ တန်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၆၈၇၄ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဆန် ၂၅၂၈၂ တန်သာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၈တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခု တစ်ပတ်မှာ အမေရိကန်ဒေါ်လာ သုညဒသမ ၆၇၅သန်း တန်ဖိုးရှိ ဆန်ကွဲ ၂၃၂၈ တန်ကို မူဆယ်မှ ၁၃၁၇ တန်နဲ့ လွယ်ဂျယ်မှ ၁၀၁၁ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၂၂၈၁ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၄၇တန် ပိုမို တင်ပို့နိုင်ခဲ့ပါတယ်။ ကုန်သွယ်ရေးစခန်းများမှ ဆန်ရော ဆန်ကွဲပါ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ဒီဇင်ဘာ ၁၁ရက်မှ ၁၇ရက်အထိ သီတင်းတစ်ပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အာရှ၊ ဥရောပနဲ့ အာဖရိက နိုင်ငံများကို အမေရိကန် ဒေါ်လာ ၃ဒသမ ၆၂၆ သန်း တန်ဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန် ၁၂၅၁၈ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခုသီတင်းပတ်မှာအာဖရိကနိုင်ငံများကို ဈေးကွက်ချဲ့ထွင်နိုင်ပြီး တန်ချိန်အများအပြား တင်ပို့နိုင်ခဲ့ပါတယ်။ အာဆီယံ ဒေသတွင်းနိုင်ငံဖြစ်တဲ့ အင်ဒိုနီးရှားကို ဧည့်မထဆန်တန်၇၅၀နဲ့ စင်ကာပူနိုင်ငံကို ပေါ်ဆန်း ၁၅မှတ် ဆန် ၂၄တန်၊ ရုရှားနိုင်ငံကို ဧည့်မထဆန် တန် ၂၀၀၊ အီးယူနိုင်ငံများကို ဧည့်မထဆန် ၁၆၉ တန်ကျော်နဲ့ ပေါင်းဆန် ၃၇၅ တန် တင်ပို့ပြီး အာဖရိက နိုင်ငံများဖြစ်တဲ့ ဂီနီယာနိုင်ငံသို့ ဧည့်မထဆန်တန် ၆၅၀၀၊ တိုဂိုနိုင်ငံသို့ ဧည့်မထဆန် တန်၄၀၀၀ တင်ပို့ခဲ့ရာ အာဖရိနိုင်ငံများသို့ ဆန်တင်ပို့မှု မှာ တန်ချိန် ၁၁၀၀၀ ဖြစ်ပါတယ်။ အာဖရိကသို့ ဈေးကွက်ရရှိပြီး ဝယ်လိုအားလည်း ပိုမိုရလာတာ တွေ့ရပါတယ်။ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ယခင်တစ်ပတ်က ဆန်တန်ချိန် ၅၆၈၁ သာ တင်ပို့နိုင်ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၆၈၃၇တန် ပိုမို တင်ပို့နိုင်ကြောင်း သိရှိရပါတယ်။

ဆန်အပြင် အမေရိကန်ဒေါ်လာ ၈ဒသမ ၇၆၅သန်းတန်ဖိုးရှိ ဆန်ကွဲ ၃၂၀၇၅ တန်ကို အလားတူ နိုင်ငံများသို့ တင်ပို့ရာ အင်ဒိုနီးရှားနိုင်ငံသို့ ဆန်ကွဲ တန် ၂၅၀၊ စင်ကာပူနိုင်ငံသို့ ၇၅တန်၊ အီးယူနိုင်ငံများသို့ ၅၂၅၀ တန်၊ အာဖရိကနိုင်ငံများသို့ ဆန်ကွဲတန် ၂၆၅၀၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တန် ၁၁၀၀၀ သာ တင်ပို့ ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၁၀၇၅ တန် ပိုမိုတင်ပို့နိုင်တာတွေ့ရပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဆန်ရော ဆန်ကွဲပါ ပိုမိုတင်ပို့ပြီး အာဖရိကနိုင်ငံများသို့ အပို့များခဲ့တာ တွေ့ရပါတယ်။ **ယဉ်ယဉ်အေး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၂-၁၂-၂၀၁၆ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၈၆ | ၃၈၁ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၇၅ | ၃၇၀ | ▽ | ၃၅၀ | ၃၅၀ | □ | ၃၅၀ | ၃၅၀ | □ | ၃၄၅ | ၃၄၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | ၃၄၅ | ၃၄၅ | □ | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၆၆ | ၃၆၁ | ▽ | ၃၃၅ | ၃၃၅ | □ | ၃၃၀ | ၃၃၀ | □ | ၃၁၅ | ၃၁၅ | □ |
| ပေါင်းဆန် | ၃၈၀ | ၃၈၇ | △ | - | - | - | ၃၅၅ | ၃၅၅ | □ | - | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၂၃-၁၂-၂၀၁၆)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၉၀၀ | □ | ၂၁၅၀၀ | □ | ၈၂၈၀ | □ | ၃၆၀၀၀ | □ |
| ပုသိမ် | ၄၈၈၀ | △ | ၂၂၀၀၀ | □ | ၇၀၀၁ | □ | ၃၂၀၀၀ | ▽ |
| ပဲခူး | ၅၃၀၀ | □ | ၂၀၀၀၀ | □ | ၇၂၀၀ | □ | ၃၂၀၀၀ | □ |
| ရွှေဘို | ၄၅၀၀ | □ | ၁၉၀၀၀ | □ | ၁၂၀၀၀ | □ | ၃၈၀၀၀ | □ |
| စစ်တွေ | ၄၀၀၀ | □ | ၁၈၀၀၀ | □ | ၈၀၀၀ | △ | ၃၆၀၀၀ | △ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၅၅၀၀ | □ | ၂၅၀၀၀ | □ | - | - | ၃၆၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၃၉၄၀ | □ | ၁၈၅၀၀ | □ | - | - | ၂၉၀၀၀ | □ |
| မန္တလေး | ၆၇၀၀ | □ | ၂၈၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မကွေး | ၈၅၀၀ | □ | ၂၄၀၀၀ | △ | - | - | ၄၅၀၀၀ | □ |
| မော်လမြိုင် | ၅၆၀၀ | □ | ၁၆၀၀၀ | □ | ၇၀၀၀ | □ | ၂၄၀၀၀ | □ |
| လွိုင်ကော် | ၇၂၀၀ | □ | ၂၇၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| မြိတ် | ၄၀၀၀ | ▽ | ၂၁၀၀၀ | □ | - | - | ၃၆၀၀၀ | □ |
| ဘားအံ | ၄၇၀၀ | □ | ၁၉၅၀၀ | △ | - | - | ၃၇၀၀၀ | △ |
| တောင်ကြီး | - | - | ၂၁၅၀၀ | □ | - | - | ၄၃၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လွိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နှံ့(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆန်စပါး ဈေးနှုန်းတည်ငြိမ်၍ ပုံမှန်အရောင်းအဝယ်ဖြစ်

ဧရာဝတီတိုင်းဒေသကြီး ဆန်စပါးဈေးကွက်၌ ယခုရက်ပိုင်းအတွင်း ဈေးကွက်ဝယ်လိုအား မြင့်တက်မှုမရှိတဲ့အတွက် ဈေးနှုန်းတည်ငြိမ်လျက်ရှိပြီး ဆန်ဟောင်းလက်ကျန်မှာလည်း ယခင်ထက် လျော့နည်းကာ ဈေးကွက်တွင် ဆန်ဟောင်း/ ဆန်သစ် ပုံမှန်အရောင်းဝယ်လျက်ရှိကြောင်း လက်ရှိပေါ်ဆန်းစပါးအဟောင်းဈေးမှာ၄၆ပေါင် တင်း၁၀၀ ကို ပုသိမ်၊ ငပုတော၊ မော်ကျွန်း၊ လပွတ္တာ၊ ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ဒေးဒရဲမြို့နယ်များတွင် ကျပ် ၇ သိန်း ဝန်းကျင်ဈေးနှင့်ဆန်အဟောင်းတစ်အိတ်လျှင် ကျပ် ၃၅၀၀၀-၃၆၀၀၀ နှင့်ပေါ်ဆန်းစပါးအသစ်ဈေးမှာ ၄၆ ပေါင် တင်း ၁၀၀ကို ပုသိမ်၊ မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မ၊ လပွတ္တာ၊ မော်ကျွန်း၊ မအူပင်၊ ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ဒေးဒရဲမြို့နယ်များတွင် ကျပ်ခြောက်သိန်းခွဲမှ ကျပ်ခုနစ်သိန်းဝန်းကျင်ဈေးနဲ့ ဆန်တစ်အိတ်လျှင် ကျပ် ၂၇၀၀၀ မှ ၂၉၅၀၀ နှင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ဈေးကွက်မှသိရပါတယ်။

ဧည့်မထမိုးစပါးဟောင်း၄၆ပေါင် တင်း ၁၀၀ ကို ပုသိမ်၊ ကန်ကြီးထောင့်၊ သာပေါင်း၊ ငပုတော၊ ဟင်္သာတ၊ ဇလွန်၊ လေးမျက်နှာမြို့နယ်များတွင် ကျပ် ၄၂၀၀၀၀ မှ ၅၀၀၀၀၀ ဝန်းကျင်ဈေးနှင့် ဆန်တစ်အိတ်လျှင် ကျပ် ၁၉၀၀၀ မှ ကျပ် ၂၂၀၀၀ ဈေးနှုန်းရှိကြောင်း၊ ဧည့်မထ မိုးစပါးအသစ် ၄၆ ပေါင်တင်း ၁၀၀ကို တိုင်းအတွင်းမြို့နယ် ၂၃မြို့နယ်တွင် ကျပ်၄၈၀၀၀၀မှ၅၀၀၀၀၀ ဝန်းကျင်ဈေးနှင့် ဆန်အသစ်တစ်အိတ်လျှင်ကျပ် ၁၆၀၀၀ မှ ၁၉၅၀၀ ဝန်းကျင် အတွင်း ဆန်စပါးအရည်အသွေး၊ ဈေးကွက်ဖွံ့ဖြိုးမှုပေါ်မူတည်၍ ပုံမှန် အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်းဈေးကွက်သတင်းများအရ သိရပါတယ်။ **မင်းမင်းဦး(ပုသိမ်)**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၃-၁၂-၂၀၁၆ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁၆/၁၂ | ၂၃/၁၂ | ပြောင်းလဲမှု | ၁၆/၁၂ | ၂၃/၁၂ | ပြောင်းလဲမှု | ၁၆/၁၂ | ၂၃/၁၂ | ပြောင်းလဲမှု | ၁၆/၁၂ | ၂၃/၁၂ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၈၂၉ | ၁၇၉၃ | ▼ | ၁၇၀၀ | - | - | ၁၆၂၅ | ၁၅၇၅ | ▼ | ၁၆၆၀ | ၁၇၀၀ | ▲ |
| ၂ | ပဲစင်းငုံ | ၁၄၇၀ | ၁၄၀၄ | ▼ | - | - | - | - | ၁၃၂၅ | - | ၁၄၀၀ | ၁၃၇၅ | ▼ |
| ၃ | ပဲတီစိမ်း | ၁၂၃၀ | ၁၂၀၀ | ▼ | ၁၃၃၃ | ၁၃၃၃ | ■ | ၁၃၉၅ | ၁၃၉၅ | ■ | ၁၂၄၀ | ၁၂၄၀ | ■ |
| ၄ | ကုလားပဲရိုးရိုး | ၃၈၀၀ | ၃၈၀၀ | ■ | - | - | - | - | - | - | ၂၉၅၀ | ၂၄၇၅ | ▼ |
| ၅ | ပဲလွန်းဖြူ | ၁၃၃၀ | ၁၃၃၀ | ▲ | ၁၃၈၃ | ၁၄၁၇ | ▲ | - | - | - | ၁၂၉၀ | ၁၂၉၀ | ■ |
| ၆ | ထောပတ်ပဲ | ၇၈၀ | ၆၉၅ | ▼ | ၇၈၂ | ၈၀၀ | ▲ | - | - | - | ၇၆၅ | ၇၄၀ | ▼ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂၃-၁၂-၂၀၁၆ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | | ၁၅/၁၂ | ၂၂/၁၂ | ပြောင်းလဲမှု | ၁၅/၁၂ | ၂၂/၁၂ | ပြောင်းလဲမှု | ၁၅/၁၂ | ၂၂/၁၂ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၇၈၀ | ၇၉၀ | ▲ | ၉၁၅ | ၉၁၃ | ▼ | ၈၁၁ | ၈၃၉ | ▲ |
| ၂ | ပဲစင်းငုံ | ၆၄၀ | ၆၃၀ | ▼ | ၇၅၂ | ၇၂၂ | ▼ | ၇၉၇ | ၇၅၁ | ▼ |
| ၃ | ပဲတီစိမ်း | ၆၀၀ | ၆၀၀ | ■ | ၆၆၄ | ၆၃၃ | ▼ | ၆၆၄ | ၆၆၃ | ▼ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၁၁၅၀ | ၁၁၅၀ | ■ | ၁၄၃၁ | ၁၃၉၉ | ▼ | ၁၃၇၂ | ၁၄၄၃ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၁၀.၁၂.၁၆)ထိ | ယခုတစ်ပတ် (၁၇.၁၂.၁၆)ထိ | (၁.၁.၁၆) မှ (၁၇.၁၂.၁၆) ထိ |
| မတ်ပဲ | ၈၈၁၂ | ၅၄၂၃ | ၄၇၄၆၂၁ |
| ပဲတီစိမ်း | ၁၇၄၀ | ၂၄၀၆ | ၁၇၅၇၀၁ |
| ပဲစင်းငုံ | ၃၅၀၈ | ၁၂၄၆ | ၂၀၅၈၁၅ |
| ကုလားပဲ | ၄၀ | ၂၅ | ၂၉၄၀၂ |
| ပဲလွန်းဖြူ | ၂၇၇ | ၆၉ | ၁၇၅၈၉ |
| မြေထောက်ပဲ | ၁၆၆ | ၇၂ | ၁၃၁၆၇ |

## ၁၉-၁၂-၂၀၁၆ မှ ၂၃-၁၂-၂၀၁၆ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 414 | 34,167,163.230 |
| 2 | Form D | 66 | 3,650,038.910 |
| 3 | Form E | 120 | 2,743,001.556 |
| 4 | Korea GSP | 11 | 395,176.680 |
| 5 | Form AK | 89 | 4,820,337.170 |
| 6 | Form AJ | 11 | 760,444.500 |
| 7 | Form AI | 42 | 3,002,743.255 |
| 8 | Form AANZ | 4 | 174,643.850 |
| 9 | Form DFTP | - | - |
| Grand Total | | 757 | 49,713,549.151 |

# ပြည်ဘိုကိတ်ပဲသစ်များ ဆက်လက်ဝင်ရောက်ပြီး ဈေးငြိမ်နေ

ပြည်ပဲဈေးကွက်သို့ ဘိုကိတ်ပဲအသစ်များ အဝင်ဆက်ရှိနေပြီး တစ်ရက်အိတ် ၂၀/၃၀ ကျော် ဝင်ရောက်ခဲ့ပါတယ်။ ပြည်ခရိုင်အတွင်း ဘိုကိတ်ပဲ စိုက်ဧက ငါးထောင်ကျော်ခန့်သာ စိုက်ပျိုးပြီး ပန်းတောင်းနဲ့ ရွှေတောင်မြို့နယ်များမှာ ပိုမိုစိုက်ပျိုးခဲ့ပါတယ်။ ပြည်ပဲဈေးကွက်သို့ ယင်းမြို့နယ်များမှ ဝင်ရောက်ပြီး ရန်ကုန်-ပြည်ရထားလမ်းတစ်လျှောက် မြို့နယ်အချို့မှ ဝယ်ယူကြကာ လက်လီသမားများနဲ့လည်း အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ပဲဈေးနှုန်းမှာတစ်တင်းကျပ် ၂၆၅၀၀ နဲ့လဆန်းရက်ဈေးထက် ဈေးအနည်းငယ်ပိုရလာပေမယ့် ယခင်နှစ်ပဲသစ်ဈေးထက်တော့ ဈေးလျော့ခဲ့ကြောင်းသိရပါတယ်။ ယခင်နှစ်က ဘိုကိတ်ပဲသစ်ဈေးမှာ တစ်တင်းကျပ် ၃၂၀၀၀ ရရှိခဲ့တာကို တွေ့ရပါတယ်။ **ခင်ဆွေဝင်း**

# ပြည်ပဲလွန်းဖြူ ပဲဝင်ရောက်မှုနည်းလို့ ဈေးမြင့်လာ

ယခုတစ်ပတ်အတွင်း ပြည်ပဲဈေးကွက်သို့ အခြားပဲများနည်းတူ ပဲလွန်းဖြူသီးနှံသစ်များ အဝင်ရှိနေပေမယ့် ထွက်ပေါ်မှုနည်းသေးတာကြောင့် အမြောက်အများဝင်ရောက်မှုမရှိဘဲ အိတ်အနည်းငယ်သာ ဝင်ရောက်ခဲ့တာကို တွေ့ရပါတယ်။ ဒါကြောင့် အရောင်းအဝယ်ဖြစ်မှုမှာလည်း လက်လီသာရောင်းချမှုရှိခဲ့ပြီး ပဲတစ်တင်း ကျပ် ၂၆၅၀၀ ဖြင့် ပဲသစ်ပေါ်စအချိန် နိုဝင်ဘာလကုန်က ဈေးထက်တော့ ဈေးပိုရလာခဲ့တယ်လို့သိရပါတယ်။ ပဲသစ်ပေါ်စ အဖွင့်ဈေးနှုန်းက တစ်တင်း ကျပ်၂၂၀၀၀ သာရရှိခဲ့တဲ့အတွက် ယခုဈေးနှုန်း ကျပ် ၂၆၅၀၀ ရရှိလာပြီဖြစ်လို့ ဈေးတက်လာတဲ့ သဘောတွေ့ရကာ ပဲအဝင်လှိုင်လာချိန်မှာ ဈေးထပ်ကောင်းမလားဆိုတာ စောင့်ကြည့်ရမှာဖြစ်တယ်လို့သိရပါတယ်။ **ခင်ဆွေဝင်း**



# ပြည်ပဲမျိုးစုံ ဈေးကွက်အတွင်း ပဲတီစိမ်းအရောင်းအဝယ်သွက် ကုလားပဲသီးနှံ မျိုးပဲအဝယ်ရှိကာ ဈေးနှုန်းအမြင့်ဆုံးဖြစ်ခဲ့

ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံဈေးကွက်အတွင်း ပဲတီစိမ်း၊ပဲစင်းငုံ၊ ဘိုကိတ်၊ ပဲလွန်းဖြူ ပဲပုပ်စသည်ဖြင့် ပဲသစ်များ ဝင်ရောက်နေပေမယ့် မတ်ပဲနဲ့ ကုလားပဲသီးနှံကတော့ မျိုးပဲများအဝယ်ရှိကာ လက်ကျန်ပဲများကိုသာ ရောင်းချနေရတယ်လို့သိရပါတယ်။ ပဲစင်းငုံ၊ ဘိုကိတ်၊ ပဲလွန်းဖြူ သီးနှံများမှာ အမြောက်အများ ဝင်ရောက်မှုမရှိသေးသော်လည်း ပဲတီစိမ်းသီးနှံကတော့ ပဲအဝင်များခဲ့သလို အရောင်းအဝယ်သွက်တဲ့ပဲလည်း ဖြစ်ခဲ့ပါတယ်။

မတ်ပဲသီးနှံမှာ အဝင်မရှိသလောက်ဖြစ်နေခဲ့ပြီး ရန်ကုန်ဝယ်လက်က လက်ကျန်ပဲများကိုဝယ်ယူခဲ့သော်လည်း ရောင်းချမှုနည်းခဲ့လို့ ရက်ခြားသာ အရောင်းအဝယ်ဖြစ်ခဲ့ကာ ယခုရက်ပိုင်းအတွင်း မျိုးပဲအနေဖြင့်သာ ဝယ်ယူခဲ့ကြတဲ့အတွက် တစ်တင်းကျပ် ၃၈၀၀၀ ရရှိခဲ့ပါတယ်။ လက်ကားအနေနဲ့ တစ်တင်းကိုကျပ် ၃၄၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ လဆန်းရက်ကဈေးနှုန်းများ ထပ်မံ ကျဆင်းကာ ဈေးကွက်မှာ ဈေးအေးနေလို့အရောင်းအဝယ်လည်း အေးခဲ့တဲ့ပဲ ဖြစ်ခဲ့ပါတယ်။ ယခုနှစ်က နှစ်ကုန်ပိုင်းမှာ ပဲဈေးစံချိန်တင် မြင့်တက်လာခဲ့တဲ့အတွက် ရောင်းချမှုများကာ ဈေးကွက်အတွင်း ပဲလက်ကျန်မရှိတော့တဲ့အထိ ဖြစ်ခဲ့ရပါတယ်။

ပဲတီစိမ်းသီးနှံမှာ ပဲထွက်ရှိမှုများလာပြီဖြစ်လို့ ဈေးကွက်အတွင်းသို့ ပန်းတောင်း၊ ကံမ၊ ပေါင်းတလည်၊ ပေါက်ခေါင်းနှင့် ပြည်အနီးတစ်ဝိုက်မှ အိတ် ၇၀၀ ကျော် ၈၀၀ ဝင်ရောက်ခဲ့တယ်လို့သိရပါတယ်။ မန္တလေးဝယ်လက်မှလည်း အဝင်ရှိသလောက် ဝယ်ယူနေပေမယ့် တစ်တင်းကျပ် ၂၈၅၀၀-၂၉၀၀၀ နဲ့ ဈေးအတက်အကျမဖြစ်ဘဲ ဈေးငြိမ်နေတာကို တွေ့ရပါတယ်။

ကုလားပဲသီးနှံမှာ ပဲဈေးနှုန်းမြင့်တက်လာသော်လည်း ပဲလက်ကျန်နည်းသလို ခွဲစက်သမားများရဲ့ဝယ်ယူမှုများကြောင့် အိတ်အနည်းငယ်ရောင်းချခဲ့ရသလို မျိုးပဲကိုလည်း ဝယ်ယူခဲ့ကြတယ်လို့သိရပါတယ်။ မျိုးပဲဈေးမှာ တစ်တင်းကျပ်၅၅၀၀၀ ဖြင့် ကုလားပဲသီးနှံဈေးဟာ ယခုနှစ်မှာတော့ ပဲဈေးကွက်မှာ စံချိန်တင်မြင့်တက်နေခဲ့တာကိုလည်းတွေ့ရပါတယ်။ မတ်ပဲ၊ ပဲစင်းငုံ သီးနှံဈေးနှုန်းများ တဖြည်းဖြည်း လျော့နည်းကျဆင်းလာချိန်မှာ ကုလားပဲသီးနှံဈေးကတော့ တရိပ်ရိပ်မြင့်တက်လာနေခဲ့ပါတယ်။

အခြားပဲများ ဈေးအတက်အကျရှိနေသော်လည်း ပဲကြီးသီးနှံကတော့ ဈေးငြိမ်ကာ(ရွှေကျွန်း)တစ်တင်း ကျပ်၂၉၀၀၀၊ (ကမ်းနား) တစ်တင်းကျပ် ၂၆၀၀၀ ဖြင့် ပဲအဝင် သိပ်မရှိပေမယ့် လက်ကျန်ပဲများရှိခဲ့လို့ ပဲကြော်ဖိုသမားများ ဝယ်ယူမှုအပေါ် နေ့စဉ်အိတ်၁၅၀ မှ ၂၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။

ထောပတ်ပဲ၊ ပဲနီပြားနဲ့ စားတော်ပဲသီးနှံတို့မှာ ပဲသစ်မဝင်ရောက်သေးပေမယ့် လက်ကျန်ပဲအသင့်အတင့်ရှိခဲ့တဲ့အတွက် လက်လီသမားများ ဝယ်ယူမှုအပေါ် အိတ်အနည်းငယ်စီ အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ ပဲဈေးနှုန်းများအနေဖြင့် ထောပတ်ပဲတစ်တင်းကျပ် ၁၄၅၀၀၊ ပဲနီပြား တစ်တင်းကျပ် ၂၂၀၀၀၊ စားတော်ပဲတစ်တင်း ကျပ် ၃၇၅၀၀ ဖြင့် ဈေးငြိမ်နေခဲ့ကြပြီး လလယ်ကဈေးအတိုင်းသာ ရောင်းဝယ်ခဲ့ကြကြောင်းသိရပါတယ်။

ဒါကြောင့် ယခုတစ်ပတ်၊ ပြည်ပဲမျိုးစုံဈေးကွက်အတွင်း ပြည်ပဝယ်လက်ပဲထဲမှာ ပဲတီစိမ်းသီးနှံဈေးလည်း ကောင်းသလို အရောင်းအဝယ်လည်းသွက်ခဲ့ပါတယ်။ ပြည်တွင်းဝယ်လက်ပဲများအနက် ကုလားပဲသီးနှံက ဈေးအကောင်းဆုံးဖြစ်ခဲ့ပြီး ကျန်ပဲများကဈေးငြိမ်နေခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း**

***စာမျက်နှာ ၃ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး သတင်းမှအဆက်***

ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးမှာ ဖြစ်ကြောင်း၊ မြဝတီဒေသသည် East-West Economic Corridor ပေါ်တွင် တည်ရှိနေခြင်းကြောင့် စီးပွားရေး အလားအလာကောင်းများရှိပြီး သီလဝါစီးပွားရေးဇုန် ဖွံ့ဖြိုးလာသည်နှင့်အမျှ ကုန်သွယ်မှုထိန်းကျောင်းနိုင်ရန်အတွက် Dry Port များ တည်ဆောက်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နှစ်နိုင်ငံချစ်ကြည်ရေးတံတား အမှတ် (၂) တည်ဆောက်ပြီးစီးပါက ကုန်သွယ်မှု ပိုမိုတိုးတက်လာမည်ဟု မျှော်လင့်ထားပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ် စီမံ/ဘဏ္ဍာ၊ စည်ပင်ဝန်ကြီး ဦးသန်းနိုင်၊ ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကုန်သွယ်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသည့် ကုန်သည်လုပ်ငန်းရှင်များက ကုန်သွယ်မှုပြုရာတွင် တွေ့ကြုံရသည့် အခက်အခဲများအား တင်ပြကြရာ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းက ပြန်လည်ဆွေးနွေးပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**MOC (IR)**

# မူဆယ်မှ ရေထွက်ကုန် တန်ချိန်ရော တန်ဖိုးပါ လျော့နည်းတင်ပို့

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဒီဇင်ဘာ ၁၀ ရက်မှ ၁၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ဒသမ ၅၂၃ သန်းတန်ဖိုးရှိ ရေထွက် ကုန် ၁၈၇၁ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က အမေရိကန်ဒေါ်လာ ၂ဒသမ ၇၇၄ သန်း တန်ဖိုးရှိရေထွက်ကုန် ၁၉၈၃ တန်ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ သုညဒသမ ၂၅၁ သန်း၊ တန်ချိန် အားဖြင့် ၁၁၂ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။

ယခုတစ်ပတ်မှာ ငါးလေးခြောက်၊ ကဏန်း၊ ငါးပူတင်း အရေခွံခြောက်၊ ငါးလိပ်ကျောက် အရေခွံခြောက်၊ ငါးမြစ်ချင်းစီဖောင်းနဲ့ ပုစွန်ခြောက် (အသေး) ပိုမို တင်ပို့နိုင်ခဲ့သော်လည်း ငါးခြောက်၊ ငါးရှဉ့်၊ ငါးစီဖောင်း၊ ငါးကြင်းစီဖောင်း၊ ငါးဆားနယ်၊ ပုစွန်ခြောက်မှုန့်၊ ပုစွန်ခြောက် (အကြီး)နဲ့ ကင်းမွန်ခြောက် တင်ပို့မှု လျော့နည်းခဲ့တာကြောင့် ရေထွက်ကုန်တင်ပို့မှု လျော့နည်းရတာဖြစ်ကြောင်း၊ တစ်ဖက်နိုင်ငံ ယွမ်ဈေးအနေဖြင့် ငါးရှဉ့် တစ်တန်လျှင် ယွမ် ၃၁၀၀၀၊ ကဏန်းတစ်တန်လျှင် ၅၂၀၄၈ ယွမ်ဈေးရရှိခဲ့ကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သိရပါတယ်။

**မော်မော်အောင်**

# မုံရွာကုန်စည်ဒိုင် ဒီဇင်ဘာတတိယပတ် ပဲမျိုးစုံ ဈေးကွက်တွင် ပဲတီစိမ်းသီးနှံများဈေးငြိမ် အရောင်းအဝယ်သွက်

ဒီဇင်ဘာတတိယပတ် မုံရွာကုန်စည်ဒိုင် ပဲမျိုးစုံဈေးကွက်မှာ ပဲတီစိမ်းသီးနှံ၊ အရောင်းအဝယ်သွက်နေကြောင်း သိရပါတယ်။ ယခုတစ်ပတ် ပဲတီစိမ်း(ကြီး)ပေါက်ဈေးမှာ တစ်တင်း ၂၆၅၀၀ ကျပ်၊ စိမ်း(သေး) တစ်တင်း ၂၄၅၀၀ ကျပ်နဲ့ ဈေးငြိမ်ပြီး နေ့စဉ်အိတ် ၅၀၀ ခန့် အရောင်းအဝယ်သွက်နေကြောင်း သိရပါတယ်။

ပြည်ပဝယ်လက်ပဲများဖြစ်တဲ့ မတ်ပဲ၊ ပဲစင်းငုံသီးနှံဈေးကွက်မှာ မတ်ပဲ (အထွက်တိုး) ပဲသစ်တစ်တင်း ကျပ် ၃၁၀၀၀၊ (ကုန်း) ပဲအသစ် ကျပ် ၃၅၀၀၀ ဖြစ်ပြီး နေ့စဉ် ၁၅၀ ခန့် အရောင်းအဝယ်ဖြစ်ကာ ငုံနီတစ်တင်း ၂၆၅၀၀ ကျပ်နဲ့ ဈေးငြိမ်နေတာတွေ့ရပါတယ်။ ဒေသတွင်းသုံး ပဲများအနက် ကုလားပဲမျိုးစုံမှာ ဈေးအမြင့်ဆုံးဖြစ်ပြီး ဒေသတွင်း ဝယ်လက်အဆွဲရှိလို့ တစ်ရက် အိတ် ၁၅၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

ယခုတစ်ပတ် ကုလားပဲမျိုးစုံတစ်တင်းဈေးနှုန်းများမှာ ကုလားပဲဖြူလုံးကြီး V2 ကျပ် ၄၇၀၀၀၊ 929 ကျပ် ၄၇၀၀၀၊ ထိုင်ဝမ် ကျပ် ၅၀၀၀၀ အထိ အသီးသီးပေါက်ပြီး ဈေးအနည်းငယ်ကျဆင်းခဲ့ပါတယ်။ စွန်တာနီပဲတစ်တင်း ၁၆၅၀၀ ကျပ်၊ မလွမ်းပို တစ်တင်း ၂၀၇၀၀ ကျပ်၊ ထောပတ်ပဲတစ်တင်း ၁၃၅၀၀ ကျပ်၊ ပုဂံပဲတစ်တင်း ကျပ် ၂၈၀၀၀၊ ပဲယင်း တစ်တင်း ၁၆၅၀၀ ကျပ်၊ စားတော်ပဲတစ်တင်း ကျပ် ၂၈၀၀၀၊ မြေထောက်ပဲတစ်တင်း ၂၆၅၀၀ ကျပ်၊ ပဲဖြူလေး တစ်တင်း ၁၆၅၀၀ ကျပ်၊ ပဲလွန်းပြာတစ်တင်း ကျပ် ၂၆၀၀၀ အသီးသီး ဈေးငြိမ်ပြီးလက်လီအနေနဲ့ တစ်ရက်အိတ် ၁၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲကြီးကတော့ တစ်တင်းကျပ် ၃၀၀၀၀ ဈေးပေါက်ပြီး ဒေသတွင်းဝယ်လက်အဆွဲရှိလို့ နေ့စဉ်အိတ် ၁၅၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

ဆီထွက်သီးနှံဈေးကွက်မှာ မြေပဲလုံးဆန်က ဝယ်လက်အဆွဲအနည်းငယ်အေးနေပြီး နေ့စဉ်အိတ် ၄၀၀၊ ၅၀၀ ခန့် ဝင်ရောက်လျက်ရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ် မြေပဲလုံးဆန် တစ်ပိဿာ လုံးဆန်ဖြူ(ဟောင်း) ကျပ် ၂၁၀၀၊ (သစ်) ကျပ် ၂၆၀၀၊ ဆီဆန်ဖြူ ၁၉၅၀ ကျပ်၊ လုံးဆန်နီ ၂၄၅၀ ကျပ်အသီးသီး ဈေးနှုန်းဖြစ်ပေါ်လျက်ရှိပါတယ်။ နှမ်းမျိုးစုံဈေးကွက်မှာ နှမ်းဖြူတစ်ပိဿာ ၂၁၃၀ ကျပ်နဲ့ တစ်ရက်အိတ် ၅၀၀ ခန့်၊ နှမ်းနက်တစ်ပိဿာ ကျပ် ၂၈၀၀နဲ့ အိတ် ၃၀၀ ခန့်၊ နှမ်းညို တစ်ပိဿာ ၁၅၄၀ ကျပ် အသီးသီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ကုန်စည်ဒိုင်သတင်းရပ်ကွက်မှ သိရှိရပါတယ်။

**ကြည်ကြည်နွယ်(မုံရွာ)**

# ပြည်မြေပဲဆန် ဈေးကွက်သို့ ဝင်ရောက်မှုများလာ

ပြည်ဈေးကွက်သို့ ပြည်-အောင်လံကြားရှိ ကျေးရွာများမှ မြေပဲဆန်အသစ် တစ်နေ့လျှင် အိတ် ၁၂၀၀ ခန့် ဝင်ရောက်လာတာတွေ့ရပါတယ်။ ရန်ကုန်ဝယ်လက်များက လုံးဆန်ကို အဝယ်ရှိခြင်း၊ ဆီဆန်ကို မကွေးဆီစက်များက အဝယ်ရှိခြင်းတို့ကြောင့် ပြည်ဈေးကွက်တွင် အရောင်းအဝယ်မပြတ်တာ တွေ့ရပါတယ်။

လုံးဆန်အဖြူနဲ့ အနီကို ဝယ်လက်များက အဝယ်ရှိသော်လည်း ယခင်တစ်ပတ်ထက်စာလျှင် ဈေးကျလာတာတွေ့ရပါတယ်။ ဆီဆန်ကို ဆီစက်များက အဝယ်ရှိနေသော်လည်း ဈေးမှာပုံမှန်ဖြစ်နေတာ တွေ့ရပါတယ်။ မြေပဲဆီဆန်ဈေးမှာ တစ်ပိဿာလျှင် ကျပ် ၁၈၀၀ ၊ လုံးဆန် (အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၅၀၀ နှင့် လုံးဆန် (အနီ) တစ်ပိဿာလျှင် ကျပ် ၂၄၀၀ ဈေးဖြင့် တစ်နေ့လျှင်အိတ် ၁၀၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

**ဝေဝေမင်း**

# ပြည်ဈေးကွက်သို့ ပဲစင်းငုံသီးနှံ အသစ်များ စတင်ဝင်ရောက်လာ

ယခုဒီဇင်ဘာလကုန်ကာနီးတွင် ပြည်ပဲဈေးကွက်သို့ ပဲစင်းငုံသီးနှံအသစ်များ စတင်ဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။ သို့သော်လည်း အရောင်းအဝယ်များများဖြစ် လောက်အောင် မဝင်ရောက်သေးတာကြောင့် ပဲဟောင်း လက်ကျန်များသာ ရန်ကုန်ဝယ်လက်ဝယ်ယူခဲ့တဲ့အတွက် တစ်ရက်ကို အိတ် ၁၅၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

ပဲဈေးနှုန်းအနေဖြင့် ပဲဟောင်းမှာ တစ်တင်းကျပ် ၂၆၀၀၀ ရရှိခဲ့ပြီး ပဲသစ်မှာ တစ်တင်းကျပ် ၂၇၀၀၀ နဲ့ ဈေးဖွင့်ဝယ်ယူ ခဲ့ကြပါတယ်။ ယခင်နှစ် ပဲသစ်ဝင်ချိန်က ပဲသစ်အဖွင့်ဈေးမှာ တစ်တင်း ကျပ်ငါးသောင်းခန့်ရရှိလို့ ယခုနှစ်ဈေးက ယခင်နှစ်ရဲ့ ထက်ဝက်ကျော်ကျော်သာရရှိခဲ့ကြတယ်လို့လည်း သိရပါတယ်။

**ခင်ဆွေဝင်း**

# ပြည်ပဲပုပ်အသစ်က အဟောင်းထက် ဈေးအနည်းငယ်ပို

ပဲခူးတိုင်းဒေသကြီး ပြည်ပဲဈေးကွက်သို့ ပဲပုပ်အသစ်များ ဆက်လက်ဝင်ရောက်လျက်ရှိပါတယ်။ ပေါင်းတလည်၊ ပေါက်ခေါင်း၊ ပန်းတောင်းမြို့နယ်များမှ အိတ်အနည်းငယ် ဝင်ရောက်ခဲ့ကာ ပဲသစ်ဈေးမှာလည်း ပဲဟောင်းဈေးနဲ့ သိပ် မကွာဘဲ တစ်တင်းကျပ် ၂၃၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

ပဲပုပ်သီးနှံဟာ နှစ်စဉ်နှစ်တိုင်းဈေးအတက်အကျသိပ်မဖြစ်ဘဲ နှစ်စဉ်ကျပ်နှစ်သောင်းဝန်းကျင်သာ ရရှိခဲ့လို့ ယခင်နှစ် နှစ်ကုန်မှာလည်း ပဲပုပ်တစ်တင်း ကျပ် ၁၉၀၀၀ ရရှိခဲ့ကြပါတယ်။ ယခုနှစ် နှစ်ကုန်ပိုင်းမှာရရှိနေတဲ့ ပဲပုပ်သစ်ဈေးကတော့ တစ်တင်း ကျပ် ၂၃၀၀၀ရရှိနေခဲ့တာကြောင့် ယခင်နှစ်များက ပဲဈေးထက်တော့ အနည်းငယ်ပိုရခဲ့တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း**

# သာယာဝတီခရိုင်၏ ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

သာယာဝတီခရိုင်၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဒီဇင်ဘာ ၁၉ ရက်က သာယာဝတီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ရာ ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်ကိုးဦး တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးညွှန့်သန်းက ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ နှင့် ခရိုင်စားသုံးသူရေးရာ ဦးစီးဌာန၏ စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်း များ ဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြပါသည်။ ထို့နောက် တက်ရောက်လာကြသည့် သက်ဆိုင်ရာ ဌာနအသီးသီးမှ တာဝန် ရှိသူများက အသေးစိတ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**ခိုင်ခိုင်ရီ (စားသုံးသူ)**

# ရေဦးမြို့နယ်မှ မိုးစပါးသစ်များ ဈေးကွက်သို့ ဝင်ရောက်

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်တွင် ၂၀၁၆ ခုနှစ် မိုးစပါးစိုက်ဧကမှာ ရှစ်သောင်းကျော်စိုက်ပျိုးနိုင်ခဲ့ပြီး အောက်တိုဘာလမှစ၍ မိုးစပါးသစ်များ ဈေးကွက်သို့ ဝင်ရောက်လာခဲ့ရာ ယခုတစ်ပတ် စပါး/ဆန် ပေါက်ဈေးနှုန်းမှာ ပေါ်ဆန်းစပါးတင်း ၁၀၀ ကို ကျပ် ၈၀၀၀၀၀၊ ဆန်တစ်အိတ် ကျပ် ၂၅၀၀၀၊ အသွယ်စပါးတင်း ၁၀၀ ကျပ် ၅၀၀၀၀၀၊ ဆန်တစ်အိတ် ကျပ် ၁၇၅၀၀၊ ဧရာမင်းစပါးတင်း ၁၀၀ ကျပ် ၇၅၀၀၀၀၊ ဆန်တစ်အိတ်ကျပ် ၂၆၀၀၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

ယခင်နှစ်က မိုးစပါးစိုက်ဧက ရှစ်သောင်းကျော် စိုက်ပျိုးခဲ့ပြီး ယခင်နှစ်မိုးစပါး ဆန်ဈေးနှုန်းမှာ ပေါ်ဆန်း စပါးတင်း ၁၀၀ ကျပ် ၈၅၀၀၀၀၊ ဆန်တစ်အိတ် ကျပ် ၃၀၀၀၀၊ အသွယ်စပါးတင်း ၁၀၀ ကျပ် ၅၆၀၀၀၀၊ ဆန်တစ်အိတ်ကျပ် ၃၀၀၀၀၊ အသွယ်စပါးတင်း ၁၀၀ ကျပ် ၅၆၀၀၀၀၊ ဆန်တစ်အိတ် ကျပ် ၂၀၀၀၀၊ ဧရာမင်းစပါးတင်း ၁၀၀ ကျပ် ၆၅၀၀၀၀၊ ဆန်တစ်အိတ် ကျပ် ၂၁၈၀၀ နှုန်းပေါက်ခဲ့တာကြောင့် ယခင်နှစ်ဈေးနှုန်းနှင့်နှိုင်းယှဉ်လျှင် ယခုနှစ် ပေါ်ဆန်းစပါး/ဆန်ဈေးနှုန်းမှာ အနည်း ငယ်ကျဆင်းပြီး ဧရာမင်းစပါး/ဆန်ဈေးနှုန်းမှာ အနည်းငယ်ဈေးမြင့်လျက် ရှိကြောင်း ရေဦးမြို့နယ် စက်ပိုင်ကုန်သည်များထံမှ သိရှိရပါတယ်။

**ကြည်ကြည်နွယ် (မုံရွာ)**

## ချင်း



### ရှမ်းချင်းကို ပြည်တွင်းဝယ်လက်တွေကသာ ဝယ်ယူလို့ ဈေးအတက်အကျနည်း

ဒီတစ်ပတ်အောင်ပန်းဈေးကွက်မှာ ချင်းအဝင်များလာပါပြီ။ နယ်စုံက ဝင်လာတဲ့ချင်းတွေ အောင်ပန်းဈေးကွက်မှာစုပြီး၊ မြန်မာနိုင်ငံအနှံ့အပြားကို စီးဆင်းပါတယ်။ ချင်းကိုရှမ်းပြည်နယ်တောင်ပိုင်းက အဓိကထွက်ရှိပြီး၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ကလည်းထွက်ရှိပါတယ်။ ဒီနှစ်မှာချင်းတွေ အဝင်လှိုင်နေပေမယ့် ရောင်းအားကတော့သိပ်ပြီး မကောင်းသေးပါဘူး၊ ထုံးစံအတိုင်းပြည်တွင်းဝယ်လက်ဖောက်သည်တွေကသာ ဝယ်ယူနေတာကြောင့် ဈေးအတက်အကျသိပ်မရှိဘူးလို့ ဒေသခံကုန်သည်တွေထံမှ သိရှိရပါတယ်။ ပြင်ဦးလွင်ချင်းတွေလည်း ဈေးကွက်ကိုရောက်လာတော့မန္တလေးဝယ်လက်တွေက အောင်ပန်းချင်းအစား ပြင်ဦးလွင်ချင်းတွေကို ဝယ်ယူနေတာကြောင့် ရှမ်းချင်းရဲ့ရောင်းအားကျလာတယ်လို့ သိရပါတယ်။ ရှမ်းချင်းရောင်းအား မကောင်းလို့ချင်း(စို)တွေကိုအချို့ကုန်သည်တွေက အခြောက်ခံ စက်ရုံတွေကိုပို့ဖို့အတွက် ဝယ်ယူတဲ့ ဈေးကွက်တစ်ခုဖြစ်လာပြီး တပ်ကုန်းနဲ့ရန်ကုန်မှာရှိတဲ့ အခြောက်ခံစက်ကို ပို့ကြတယ်လို့ သိရပါတယ်။ ဈေးနှုန်းတွေက တစ်ပိဿာကျပ် ၃၅၀-၄၀၀ ရှိပြီး ရန်ကုန်အရောက်ဈေးကတော့ကျပ် ၄၅၀ဈေး ရှိတယ်လို့ သိရပါတယ်။ ဒေသတွင်းမှာတော့ချင်းခြောက်ကို မပြုလုပ်ကြ သေးပါဘူး။ လက်ကျန်ချင်းခြောက်တွေကိုပဲ အရောင်းအဝယ်ပြုလုပ်နေကြတယ်သိရပါတယ်။ ချင်းခြောက်ကိုတော့ ရန်ကုန်၊ ပြည်စတဲ့မြို့တွေက လှော်င်လက်တွေ ဝယ်ယူနေတယ်လို့လည်း သိရပါတယ်။ ဒီတစ်ပတ်အောင် ပန်းဈေးကွက်ကနေ တပ်ကုန်း၊ ရန်ကုန်၊ ပြည်၊ မုံရွာစတဲ့မြို့မှ ဝယ်လက်တွေက ဝယ်ယူမှုကြောင့် ချင်းစိုပိဿာချိန် ပေါင်း ၂ ဒသမ ၂ သိန်းနဲ့ ချင်းခြောက် ရှစ်သောင်းခန့်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ချင်းပွဲရုံတွေထံမှသိရပါတယ်။ **ဇေခိုင် (တောင်ကြီး)**

### ပြည်ချင်းအဝင်များလို့ ဈေးအနည်းငယ်ကျ

ပြည်ချင်းဈေးကွက်တွင် ယခင်တစ်ပတ်ကချင်းတစ်ပိဿာ ကျပ် ၉၀၀မှ ကျပ် ၅၀၀ အထိရှိပြီး ယခုတစ်ပတ်မှာတော့ ယခင်တစ်ပတ်ကထက်ဈေးကျဆင်းပြီး ကျပ်၆၀၀မှ ကျပ် ၅၀၀ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။အောင်ပန်း၊ တောင်ကြီးဘက်မှ ပိဿာ ၃၀ ဝင်အိတ် ၃၅၀ ခန့်နေ့စဉ်ပုံမှန်အဝင်ရှိပါတယ်။ ထွက်ရှိရာဒေသများမှာ ဈေးကျဆင်းတဲ့အတွက် မှာယူမှုပေါ်မူတည်ပြီး ဈေးအနည်းငယ်ကျဆင်းရခြင်းဖြစ်တယ်လို့ ပွဲရုံဈေးကွက်မှ သိရပါတယ်။ တစ်နေ့ကို ပိဿာချိန် ၁၅၀ ခန့်အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ပြည်ဈေးကွက်မှတစ်ဆင့် ဧရာဝတီတိုင်းဒေသကြီးနဲ့ရခိုင်ပြည်နယ်ဘက်သို့ စားသုံးမှုအဖြစ် ယခုတစ်ပတ်အတွင်း ပိဿာချိန် ၂၀၀ခန့်တင်ပို့ကြောင်းသိရပါတယ်။ **ဝင်းဝင်းခိုင်**

### ပြည်သစ်သီးဝလံဈေးကွက်တွင် ဆီးသီးမှည့်များဝင်ရောက်

ပြည်သစ်သီးဝလံဈေးကွက်တွင် ယခုတစ်ပတ်အတွင်း ဆီးသီးမှည့်များဝင်ရောက်လာတာတွေ့ရပါတယ်။ ဝင်ရောက်စမှာပင် ရှားပါးခြင်းမရှိဘဲ ဝင်ရောက်မှုညီတာတွေ့ရပါတယ်။ အချဉ်သီးသက်သက်မဟုတ်ဘဲ စားသုံးသူ အများကြိုက်တဲ့ ချိုချဉ်အရသာဆီးသီးများ ဖြစ်ပါတယ်။ ဈေးကွက်တွင် ဆီးသီးတစ်ပြည်လျှင် ကျပ်၅၀၀မှကျပ်၆၀၀အထိ ရောင်းချလျက်ရှိပြီးလက်လီတစ်ဖူးချင်းကိုတော့ ကျပ်၁၀၀နဲ့ ရောင်းချလျက်ရှိပါတယ်။ရန်ကုန်သို့ တစ်ရက်လျှင် ၁၀ခြင်းမှ၁၅ခြင်းအထိ စတင်တင်ပို့နေပြီဖြစ်ပြီး ဈေးကွက်အတွင်း လက်ကျန်မရှိတဲ့အထိ အရောင်းအဝယ်ဖြစ်နေကြောင်းလည်း သိရပါတယ်။

**နီနီဝင်း**

## နနွင်း

### ရှမ်းနနွင်းအဟောင်း လက်ကျန်ပြတ်

ရှမ်းနနွင်းအသစ်တွေ ပေါ်ချိန်ရောက်လာတာကြောင့် ဇန်နဝါရီလဆိုရင်နနွင်းအသစ်တွေ ဈေးကွက်မှာစပြီး တွေ့ရတော့မှာဖြစ်ပါတယ်။ အခုလောလောဆယ်မှာတော့ အောင်ပန်းဈေးကွက်မှာနနွင်းအရောင်းပါးပြီး ဈေးကွက်မှာအဝင်လည်း မရှိတော့ပါဘူး။ ဒါ့ကြောင့် အရင့်အရင် နှစ်တွေက လက်ကျန် နနွင်းဟောင်းတွေကိုသာ အရောင်းအဝယ် လုပ်နေရပြီး ဒီနှစ်မှာတော့ အဟောင်းလက်ကျန်တွေလည်း အတော်များများ ကုန်သွားတယ်လို့ သိရပါတယ်။ မနှစ်က ထွက်တဲ့ နနွင်းတွေအနက် အရည်အသွေးကောင်းတဲ့ နနွင်း တွေက ပိုပြီးအရောင်းသွက်လာတာကြောင့်၊ ဒီနှစ်မှာ တောင်သူတွေကလည်း မျိုးကောင်းတွေကို ပိုပြီး စိုက်လာကြပါတယ်။ ဒီနှစ်ထွက်မယ့် နနွင်းကိုလည်း ဝယ်လက်တွေက အစိုအတိုင်းကို အရောင်ခွဲပြီး ဝယ်ယူကြလိမ့်မယ် ထင်တယ်လို့ ဆိုပါတယ်။ နနွင်းမှာ အရည်အသွေးနဲ့ အမျိုးအစားကို လိုက်ပြီး အနီရောင်၊ အဝါရောင်၊ ညိုဝါရောင်ဆိုပြီး ရှိပါတယ်။ အနီရောင်ကတော့ ဝယ်လက်တွေကြိုက်တဲ့ အဆင့်မှာရှိလို့ အစိုအတိုင်း ဝယ်ယူဖို့ ကမ်းလှမ်းထားပေမယ့် ပစ္စည်းထွက်တဲ့ အချိန်ရောက်မှသာ ယူဖြစ်၊ မယူဖြစ်ကို သိရမှာဖြစ်တယ်လို့ ဒေသခံကုန်သည်တစ်ဦးထံမှ သိရှိရပါတယ်။ ရှမ်းပြည်နယ် တောင်ပိုင်းကထွက်တဲ့ ဆင်တောင်နနွင်း၊ တောင်ပို့လ(ထိပ်စ)နဲ့ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ကထွက်တဲ့ နနွင်းတွေက အနီရောင်ရှိတဲ့ နနွင်းတွေ ဖြစ်တယ်လို့သိရပါတယ်။ အဲဒီနနွင်းတွေကတော့ ၂၀၁၆ ခုနှစ်မှာ ရောင်းတန်းဝင်ခဲ့တဲ့ ပြည်ပဝယ်လက် ကြိုက်တွေဖြစ်ပါတယ်။ ၂၀၁၇ မှာထွက်တဲ့ နနွင်းတွေမှာလည်း ထိပ်စကပိုပြီး အရောင်းအဝယ်ဖြစ်မလား၊ ရိုးရိုးစတွေက ပိုပြီး အရောင်းအဝယ်ဖြစ်မလားဆိုတာကိုလည်း စောင့်ကြည့်ကြရဦးမယ်လို့လည်း အောင်ပန်းနနွင်းပွဲရုံတွေက သိရပါတယ်။ အဝါရောင်ရှိတဲ့ နနွင်းကတော့ ပြုတ်ခြောက်အဖြစ် လုပ်ပြီးမှ နနွင်းခြောက်အဖြစ် ရောင်းကြရတယ်လို့လည်း သိရှိပါတယ်။ ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ နနွင်းတစ်ပိဿာပေါက်ဈေးက အနိမ့်ဆုံး ၁၅၀၀ ကျပ်မှ အမြင့်ဆုံး ၂၆၀၀ ကျပ်ဈေး ရှိပါတယ်။

**ဇေခိုင် (တောင်ကြီး)**

### မူဆယ်မှနနွင်းတက် ပိုမိုတင်ပို့ပြီး စစ်တွေမှ လျော့နည်းတင်ပို့

မြန်မာ- တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်နဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ ဒီဇင်ဘာ ၁၀ ရက်မှ ၁၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၀၂၄၂ တန်ဖိုးရှိ နနွင်းတက် ၅၄ တန်ကျော် တင်ပို့ခဲ့ရပါတယ်။ စခန်းအလိုက် တင်ပို့ခဲ့တာကတော့ မူဆယ်မှ နနွင်းတက် (ရှမ်းစ) ၅၃ တန်ကျော်နဲ့ စစ်တွေမှ တစ်တန်ဖြစ်ပါတယ်။

ယခင်သီတင်းပတ်က မူဆယ်မှ ၁၆ တန်ခွဲနဲ့ စစ်တွေမှ နှစ်တန်တင်ပို့ခဲ့တာကြောင့် ယခုတစ်ပတ် မူဆယ်မှ နနွင်းပိုမိုတင်ပို့ခဲ့ပြီး စစ်တွေမှ လျော့နည်းတင်ပို့တာကို တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်သီတင်းပတ်က နနွင်းတက်တစ်တန် (ငွေလဲနှုန်းအရ) ၉၄၂၉၃၂ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် ၉၈၉၆၂၅ ကျပ်သို့လည်းကောင်း၊ စစ်တွေမှာ ၂၀၆၁၆၀၀ ကျပ်မှ ၂၀၈၂၀၀၀ ကျပ်သို့လည်းကောင်း အသီးသီးဈေးမြင့် တက်လာခဲ့တယ်လို့ သိရပါတယ်။ **မော်မော်အောင်**

### ပုသိမ်မြို့တွင် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေမူကြမ်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနရုံးချုပ်နှင့် USAID တို့ပူးပေါင်း၍ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေမူကြမ်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၀ ရက်က ပုသိမ် မြို့ရှိ ပုသိမ်ဟိုတယ်တွင် ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် စားသုံးသူရေးရာဦးစီးဌာနရုံးချုပ်မှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်နှင့် ဧရာဝတီတိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌတို့က အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားခဲ့ပြီး ထိရောက်သော စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကြောင့် စားသုံးသူများရရှိနိုင်မည့် အကျိုးကျေးဇူးများအကြောင်းအား စားသုံးသူရေးရာ ဦးစီးဌာနရုံးချုပ်၊ စားသုံးသူရေးရာ ဦးစီးဌာနခွဲမှ ညွှန်ကြားရေးမှူးဦးဆွေတင့်ကြူးက ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် စားသုံးသူရေးရာဦးစီးဌာနရုံးချုပ်၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူးဦးရဲထွဋ်နိုင်က စားသုံးသူအကာအကွယ်ပေးရေးဥပဒေ(မူကြမ်း)အား ဖတ်ကြားရှင်းလင်းခဲ့ရာ တက်ရောက်လာသော ကုန်သည်၊ လုပ်ငန်းရှင်များ၊ တာဝန်ရှိသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြကြောင်း သတင်း ရရှိပါသည်။ **မောင်ပုသိမ်**

## ကြက်သွန်

### ပြည်ကြက်သွန်ဖြူ အရောင်းအဝယ် ပုံမှန်ဖြစ်ပြီး ဈေးအနည်းငယ်ကျ

ယခုတစ်ပတ်အတွင်း ပွဲရုံများသို့ ကြက်သွန်ဖြူ အိတ်တွေအဝင်များလာတာကြောင့် ဈေးလည်းအနည်းငယ်ကျလာပါတယ်။ ပွဲရုံဈေးအနည်းငယ်ကျဆင်းပေမယ့် ဒေသတွင်းဈေးကတော့ ကျလာတာမတွေ့ရပါဘူး။ ယခုတစ်ပတ်ကြက်သွန်ဖြူ (ပွဲရုံဈေး) တစ်ပိဿာလျှင် (ရှမ်းစ) ကျပ်၅၀၀၀နဲ့ (ကြူကုတ်စ) ကျပ် ၄၉၀၀၊ ကျပ် ၅၀၀၀အထိ ဈေးကျလာပါတယ်။ဒေသတွင်း လက်လီရောင်းဈေးတွေကတော့ (ရှမ်းစ)ရော ကြူကုတ်စပါ ကျပ်၅၆၀၀နဲ့ ရောင်းဝယ်လျက်ရှိနေပါတယ်။ ကြက်သွန်ဖြူသုံးစွဲမှုများလာတာကြောင့်ပွဲရုံများမှာ ကြက်သွန်ဖြူ အရောင်းအဝယ်ဖြစ်နေပါတယ်။ ပွဲရုံများမှာ တစ်ပတ်အတွင်း အိတ်၁၅၀ကျော်အထိ အရောင်းအဝယ်ဖြစ်ကြောင်းလည်းသိရပါတယ်။

**နီနီဝင်း**

### မုံရွာကြက်သွန်နီဈေးကွက် ဈေးနှုန်း အနည်းငယ်ကျဆင်း

ဒီဇင်ဘာတတိယပတ် မုံရွာပွဲရုံစားဖိုဆောင်သီးနှံ ရောင်းဝယ်ရေးတွင် မိုးကြက်သွန်နီသစ်များ ဈေးကွက်အတွင်းသို့ ဝင်ရောက်လာ၍ ကြက်သွန်နီဈေးနှုန်းအနည်းငယ်ကျဆင်းခဲ့ပါတယ်။ ယခုတစ်ပတ်တွင် ပွဲရုံသို့ကြက်သွန်နီသစ်များ နေ့စဉ်ပိဿာ ၃၀ ဝင်အိတ် ၅၀၀ ကျော် ဝင်ရောက်မှုရှိပြီး ရန်ကုန်ဝယ်လက်အဆွဲရှိနေသလို ဒေသတွင်း လက်လီပြန်လည် ရောင်းချသူများနဲ့ အရောင်းအဝယ်ဖြစ်မှုမှာ တစ်ရက်ပိဿာတစ်သောင်းခန့်ရှိကြောင်းသိရပါတယ်။ ယခုတစ်ပတ် ကြက်သွန်နီဈေးနှုန်းမှာ ပွဲရုံဈေး(ကြီး) တစ်ပိဿာ ကျပ် ၄၀၀၊ (လတ်) ကျပ် ၃၀၀၊ (သေး) ကျပ် ၂၅၀ လက်လီဈေးနှုန်းမှာ တစ်ပိဿာ(ကြီး) ကျပ် ၇၀၀၊ (လတ်) ကျပ် ၆၀၀၊ (သေး) ကျပ် ၅၀၀ ဖြစ်ပြီး ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ဈေးအနည်းငယ်ကျဆင်းသွားတာ သိရပါတယ်။ ယခုတစ်ပတ် ကြက်သွန်ဖြူဈေးနှုန်းမှာ ပွဲရုံဈေးတစ်ပိဿာ (ဗမာ) ကျပ် ၅၅၀၀၊ (ရှမ်း) ကျပ် ၄၈၀၀၊ လက်လီကတော့ တစ်ပိဿာ(ဗမာ) ကျပ် ၆၀၀၀၊ (ရှမ်း) ကျပ်-၅၀၀၀ ဖြစ်ပြီး လက်လီအနေနဲ့ နေ့စဉ် အိတ် ၁၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း မုံရွာကြက်သွန်နီပွဲရုံမှ သိရှိရပါတယ်။

**ကြည်ကြည်နွယ်(မုံရွာ)**



■ ခင်မောင်ညို ( ဘောဂဗေဒ )

မကြာသေးမီက ကျွန်တော်ဟာ စီးပွားရေး လုပ်ငန်းများရဲ့ စီးပွားရေး လွတ်လပ်မှုနဲ့ လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးပွဲတစ်ပွဲကို ဖိလစ်ပိုင် နိုင်ငံမှာ သွားရောက်တက်ခွင့် ရခဲ့ပါတယ်။ တကယ်တော့ စီးပွားရေး လွတ်လပ်ခွင့်ဆိုတဲ့ ဝေါဟာရကို ယဉ်ပါးနေပေမယ့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးမှုတွေတော့ အရင်က မလုပ်ခဲ့ဖူးပါဘူး။ နှစ်စဉ်နှစ်တိုင်း နိုင်ငံ ၁၅၆ နိုင်ငံနဲ့ ဟောင်ကောင်တို့ကို စာရင်းတွေ ကောက်၊ သုတေသန စစ်တမ်းတွေလုပ်ပြီး ပြုစုထားတဲ့ ကမ္ဘာ့စီးပွားရေး လွတ်လပ်ခွင့် အညွှန်းကိန်းဆိုတာ ကြားတောင် မကြားဖူးခဲ့ပါဘူး။ အဲဒီအညွှန်းကိန်းအရလည်း ကိုယ့်နိုင်ငံက အောက်ဆုံးတစ်နေရာမှာ မထင်မရှားပါနေလေတော့ ဒီအကြောင်းအရာနဲ့ စိမ်းနေတာလည်း သိပ်ပြီး မဆန်းလှဘူးလို့ ပြောရမှာပါ။

၁၉၉၆ ခုနှစ်တုန်းက Jame Gwartney နဲ့ အခြားပညာရှင်တွေ ဖွင့်ဆိုခဲ့တဲ့ စီးပွားရေးလွတ်လပ်မှု (Economic Freedom) ရဲ့ အဓိပ္ပာယ်ကို ကြည့်ရတာ စိတ်ဝင်စားစရာ တွေ့ရပါတယ်။ လူတစ်ယောက်ချင်းစီမှာ စီးပွားရေး လွတ်လပ်ခွင့်ရှိတယ်။ အတင်း အကျပ်ပြု၊ လိမ်ညာ၊ ခိုးဝှက်တာတွေကြောင့် မဟုတ်ဘဲ ရလာတဲ့ ပိုင်ဆိုင်မှုတွေကို တခြားသူတွေက ရုပ်ပိုင်းဆိုင်ရာ အတင်းအကျပ်ဝင်ရောက် ရယူမှုကနေ ကာကွယ်တားဆီးထားတယ်။ သူတို့ရဲ့ ပိုင်ဆိုင်မှုကို တခြားသူတွေရဲ့ အခွင့်အရေးကို ချိုးဖောက်ခြင်း မပြုသမျှ လွတ်လွတ်လပ်လပ် အသုံးပြုနိုင်တယ်။ ဖလှယ်နိုင်တယ်။ ပေးနိုင်တယ်။ စီးပွားရေးလွတ်လပ်မှု ညွှန်းကိန်းဟာ မှန်မှန်ကန်ကန် ရရှိထားတဲ့ ပိုင်ဆိုင်မှုတွေကို ဘယ်လောက် ကာကွယ်စောင့်ရှောက် ပေးထားသလဲ၊ လူတစ်ဦးချင်း၊ လုပ်ငန်းတစ်ခုချင်းဟာ မိမိရဲ့ သဘောဆန္ဒအလျောက် ဘယ်လောက် အပေးအယူအရောင်းအဝယ် လုပ်နိုင်သလဲဆိုတာကို တိုင်းတာပါသတဲ့။

တိုင်းတာပုံ တိုင်းတာနည်းကတော့ အစိုးရရဲ့ အရွယ်အစားနဲ့ အခွန်အကောက်၊ ပုဂ္ဂလိက ပိုင်ဆိုင်မှုနှင့် တရားဥပဒေစိုးမိုးမှု၊ ခိုင်မာတဲ့ငွေကြေး၊ ကုန်သွယ်မှု စည်းမျဉ်းစည်းကမ်းတွေ၊ အခွန်အခ၊ စီးပွားရေးလုပ်ငန်းတွေ၊ လုပ်သားနဲ့ အရင်းအနှီး ဈေးကွက်တွေနဲ့ ပတ်သက်တဲ့ စည်းမျဉ်း စည်းကမ်းတွေပဲ ဖြစ်ပါတယ်။ ခိုင်မာတဲ့ ငွေကြေးလို့ ဆိုရာမှာ ငွေကြေးတိုးတက်မှု၊ ငွေဖောင်းပွမှု၊ လွတ်လပ်စွာ နိုင်ငံခြား ငွေစာရင်း ဖွင့်လှစ်ခွင့်ရရှိမှုတို့ကို ထည့်တွက်တယ်။

သူတို့ရဲ့ လေ့လာချက်အရဆိုရင် ဖိလစ်ပိုင်နိုင်ငံဟာ ၁၉၈၀ ပြည့်နှစ်လောက်တုန်းက ဆယ်မှတ်ပေးရင် ငါးမှတ်သာသာလောက်ရတဲ့ အဆင့်ကနေ ၂၀၁၃ မှာ ခုနစ်မှတ်နီးပါး ရလာပါတယ်။

သုတေသီတွေရဲ့ အဆိုအရဆိုရင်တော့ စီးပွားရေး လွတ်လပ်မှုဆိုတာ တကယ့်ကို အခြေခံအခွင့်အရေးတစ်ရပ်ဖြစ်ပြီး၊ စီးပွားရေး လွတ်လပ်မှုမရှိရင်၊ နိုင်ငံရေးနဲ့ ပြည်သူ့လွတ်လပ်ခွင့်တွေ မရနိုင်ပါဘူး။ စီးပွားရေး လွတ်လပ်မှုဆိုတော့ စီးပွားရေး တိုးတက်မှုနဲ့ ဖွံ့ဖြိုးမှုအတွက်လည်း အရေးပါတယ်။ ကျယ်ပြန့်တဲ့ လူသားဖွံ့ဖြိုးမှု အားလုံး အကျုံးဝင်တဲ့ ဖွံ့ဖြိုးမှုတွေအတွက်လည်း စီးပွားရေး လွတ်လပ်မှုဟာ ကြိုတင်လိုအပ်တဲ့ အခွင့်အရေးတစ်ခုဖြစ်တယ်။

စီးပွားရေး လွတ်လပ်မှုမြင့်လာရင် တစ်ဦးကျဝင်ငွေမြင့်မားမယ်။ ဆင်းရဲနွမ်းပါးမှုနှင့် ဆူကြုံနိမ့်မြင့် ကွာဟမှုတွေ နည်းပါးမယ်။ စီးပွားရေး လွတ်လပ်မှုဟာ အုပ်ချုပ်စီမံမှုတွေ၊ ဒီမိုကရေစီတွေနဲ့လည်း ဆက်စပ်နေတယ်။ နိုင်ငံရေး အခွင့်အရေးတွေနဲ့လည်း ဆက်စပ်နေတယ်။ စီးပွားရေး လွတ်လပ်မှုရှိရင်၊ အကျင့်ပျက်မှုတွေ လာဘ်ပေး လာဘ်ယူမှုတွေ လျော့ပါးစေမယ်။ ကိုယ့်ရဲ့ဘဝကို ပိုမိုကျေနပ်စေမယ်။ မျှော်မှန်းသက်တမ်း တိုးလာမယ်။ စာတတ်မြောက်မှုနှုန်း မြင့်မားမယ်။

၁၉၇၀ ခုနှစ်လောက်ကနေ ၂၀၁၃ ခုနှစ်အတွင်း တောင်အာဖရိကတို့ ချီလီတို့မှာ စီးပွားရေး လွတ်လပ်မှု သိသိသာသာ တိုးမြင့်လာတာကို တွေ့ရတယ်။ အဲဒီနိုင်ငံတွေရဲ့ တစ်ဦးကျဝင်ငွေကလည်း သိသိသာသာ တက်လာတာကို တွေ့ရတယ်။ အရှေ့တောင်အာရှ တောင်ကိုရီးယားနဲ့ စင်ကာပူတို့ဆိုလည်း အဲဒီအတိုင်း ယုတ်စွအဆုံး အာဖရိက ဆာဟာရဒေသခွဲမှာတောင် တိုးတက်မှုတွေကို တွေ့ရတယ်။

၂၀၁၆ ခုနှစ် ကမ္ဘာ့စီးပွားရေး လွတ်လပ်မှုနှစ်ပတ်လည် အစီရင်ခံစာအရ ဟောင်ကောင်နဲ့ စင်ကာပူဟာ ထိပ်ဆုံးမှာ ရောက်နေပြီး သူ့နောက်က နယူးဇီလန်၊ ဆွစ်ဇာလန်တို့ လိုက်ကြတယ်။ အမေရိကန်က နံပါတ် ၁၆၊ တရုတ်နိုင်ငံက ၁၁၃ ချိတ်တယ်။ ၁၅၉ နိုင်ငံအနက် မြန်မာက ၁၄၈ မှာ ချိတ်တော့ နောက်မှာ ၁၁ နိုင်ငံ ကျန်နေသေးတယ်။ ဒါ့ကြောင့် ဆွေးနွေးပွဲမှာ မြန်မာနိုင်ငံက ဆွေးနွေးခွင့်ရတော့ ဒီအညွှန်းကိန်းတွေဟာ မြန်မာနိုင်ငံနဲ့ မသက်ဆိုင်သလို ဖွံ့ဖြိုးတဲ့ နိုင်ငံတွေနဲ့သာ သက်ဆိုင်သလိုဖြစ်နေကြောင်း ဆွေးနွေးဖြစ်ခဲ့ပါတယ်။

# တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် လေထီးခုန်ခြင်း၊ ရေလျှောလျှောစီးခြင်းနှင့် တောင်တက်ခြင်း စသည့်ကစားနည်းများဖြင့် ခရီးသွားများကို ဆွဲဆောင်ကာ စီးပွားရေးတိုးတက်အောင် ဆောင်ရွက်မည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် အီသနောထုတ်လုပ်ခြင်းမှ အင်္ဂါဂြိုလ်သို့ သွားရောက်ခြင်းအထိ ကိစ္စရပ်တိုင်းအပေါ် ရည်မှန်းချက်ချ ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ စီးပွားရေး အသွင်ကူးပြောင်းမှုကို အထောက်အကူပြုရန် ကမ္ဘာလှည့်ခရီးသည်များ ငွေကြေးပိုမိုသုံးစွဲမည့် လုပ်ငန်းများကို အလေးထားဆောင်ရွက်ရန် အာဏာပိုင်အဖွဲ့အစည်းများက တိုက်တွန်းမှုကြောင့် နိုင်ငံ၏ စီးပွားရေးဆိုင်ရာ စီမံကိန်းအဖွဲ့အစည်းကြီးက လေထီးခုန်ခြင်း၊ ရေလျှောလျှောစီးခြင်းနှင့် တောင်တက်ခြင်း စသည့် အားကစားနည်းများကို ပစ်မှတ်ထားကာ ကမ္ဘာလှည့်ခရီးသည်များ ပိုမိုလာရောက်ရေးအတွက် စီမံကိန်းချမှတ် ဆောင်ရွက်လျက်ရှိသည်။

၂၀၂၀ ခုနှစ်တွင် ခရီးသွားလုပ်ငန်းမှ ယွမ် ၇ ထရီလီယံ ရရှိရန် ရည်မှန်းထားပြီး အဆိုပါ ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု နှစ်စဉ် ၂၀ ရာခိုင်နှုန်း တိုးတက်အောင် ဆောင်ရွက်ရန် ရည်မှန်းထားကြောင်း တရုတ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် ပြုပြင်ပြောင်းလဲမှု ကော်မရှင် (National Development and Reform Commission, NDRC) က ယခုလအတွင်း ပြောကြားခဲ့သည်။

အစိုးရအနေဖြင့် ၂၀၂၀ ခုနှစ်အတွက် လေထီးခုန်အားကစားများမှ ယွမ်ဘီလီယံ ၂၀၀၊ ရေပေါ် ရေအောက် အားကစားနည်းမှ ယွမ် ၃၀၀ ဘီလီယံနှင့် ခြေလျင်ခရီးထွက်ခြင်း၊ တောင်တက်ခြင်း၊ တောင်တက်စက်ဘီး စီးခြင်း အစရှိသည့် အားကစားနည်း များမှ ယွမ်ဘီလီယံ ၄၀၀ရရှိရန် အသေး စိတ်ရည်မှန်းချက် ချထားကြောင်း NDRC က ပြောကြားခဲ့သည်။

အဆိုပါ ရည်မှန်းချက်များ အားလုံးကို ဆက်စပ်လွှမ်းခြုံနေသည့် ရည်မှန်းချက်တစ်ခုအဖြစ် လုပ်ဆောင်ရန် ရည်ရွယ်ထားကြောင်း၊ သမ္မတ၏ စီမံကိန်းသည် ၂၀၂၀ ခုနှစ်တွင် GDP တန်ဖိုးအား ၂၀၁၀ ခုနှစ် GDP ၏ နှစ်ဆဖြစ်ရန်နှင့် ၅ နှစ်မျှ ပျမ်းမျှတိုးတက်မှုနှုန်းအနည်းဆုံး ၆ ဒသမ ၅ ရာခိုင်နှုန်းဖြင့် ကမ္ဘာ့ ဒုတိယမြောက် စီးပွားရေး အင်အားကြီးနိုင်ငံအဖြစ် ဆက်လက် ရပ်တည်သွားရန် ဖြစ်သည်။

တရုတ်နိုင်ငံသားများသည် ယခုအခါ ခရီးသွားကဏ္ဍမှစ၍ အားကစားကဏ္ဍအထိ ကဏ္ဍများစွာတွင် သီးခြားစီ မတူကွဲပြား၍ အရည်အသွေးမြင့်အရာများကို ပြုမူဆောင်ရွက်လာကြသည်။ ၂၀၂၂ ခုနှစ်တွင် အိုလံပစ် အားကစားပွဲတော်အား အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် တရုတ်နိုင်ငံသည် ၂၀၂၀ ခုနှစ် နောက်ဆုံးထား၍ ယွမ်ဘီလီယံ ၆၀၀ ကုန်ကျခံ ဆောက်လုပ်မည့် နှင်းလျှောစီးအားကစားအတွက် Ski Slopes များတွင် လူဦးရေ သန်း ၃၀၀ လာရောက်ရန် မျှော်မှန်းထားသည်။ အစိုးရကလည်း ၂၀၂၀ ခုနှစ် ကုန်ခါနီးတွင် အပန်းဖြေယာဉ်များဖြင့် စခန်းချသည့်နေရာ (Recreational vehicle camp ground) ၂၀၀၀ ဆောက်လုပ်ရန် စီစဉ်လျက်ရှိသည်။

လေထီးခုန် အားကစားနည်းသည် နည်းပညာမြင့်၊ ခေတ်မီရေပန်းစားသည့် အားကစားနည်းဖြစ်ကြောင်း၊ အစိုးရသည် Flying Camp 2000 ဆောက်လုပ်ရန် ရည်ရွယ်ထားပြီး၊ လေထီးခုန် အားကစားနည်းများအတွက် ကလပ်အသင်း ၁၀၀၀ တည်ထောင်ထားကာ အသင်းဝင်ဦးရေ သန်း ၂၀ ရရှိအောင် ဆွဲဆောင်ရန် ရည်မှန်းထားကြောင်း သိရှိရသည်။

**Source: Xinhua**

**စန္ဒာထွန်း (TTI)**

## ကမ္ဘာ့ဝယ်လိုအားလျော့နည်းလာခြင်းကြောင့် တရုတ်သံမဏိ ထုတ်လုပ်မှုကျဆင်း

ကမ္ဘာ့သံမဏိဝယ်လိုအား လျော့နည်းလာခြင်းကြောင့် ၂၀၁၇ ခုနှစ်၌ တရုတ်၏ သံမဏိထုတ်လုပ်မှုကျဆင်းမည်ဖြစ်ပြီး ထုတ်လုပ်မှုပိုလျှံသည့် အခက်အခဲအားဆက်လက် ရင်ဆိုင်ရဖွယ်ရှိကြောင်း China Metallurgical Industry Planning and Research Institute က ထုတ်ပြန်သည့် အစီရင်ခံ စာ၌ ဖော်ပြထားပါသည်။

၂၀၁၇ ခုနှစ်၌ သံမဏိဝယ်လိုအား မက်ထရစ်တန် ၆၆၀ ရှိမည်ဟု ခန့်မှန်းထားပြီး ယခင်နှစ်ထက် ၁ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းမည်ဖြစ်ကြောင်း ဆက်လက်ဖော်ပြထားပါသည်။ သို့သော် တရုတ်သံမဏိစက်ရုံများ၏ ထုတ်လုပ်မှုတန်ချိန်မှာ ၇၈၈ သန်းရှိ နိုင်ပြီး ယခင်နှစ်ထက် ၂ ဒသမ ၂ ရာခိုင်နှုန်း လျော့နည်းထုတ်လုပ်မည်ဖြစ်ကြောင်း၊ ဝယ်လိုအားကျဆင်းခြင်း၏ အဓိကအကြောင်းရင်းမှာ အိမ်ရာ အဆောက်အအုံ ဆောက်လုပ်ရေး ကုမ္ပဏီများ၏ ဝယ်လိုအားမှာ နှစ်စဉ် ၁ ဒသမ ၇ ရာခိုင်နှုန်းနှင့် သင်္ဘောတည် ဆောက်ရေးလုပ်ငန်းများ၏ ဝယ်လိုအားမှာလည်း ၄ ဒသမ ၂ ရာခိုင်နှုန်း အသီးသီး ကျဆင်းလာသည့်အတွက်ဖြစ်ကြောင်း သိရှိရပါသည်။ သို့သော် မော်တော်ကားထုတ်လုပ်ခြင်းနှင့် ရထားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းများ၌မူ ဝယ်လိုအားမှာ ၃ ဒသမ ၇ ရာခိုင်နှုန်းနှင့် ၄ ဒသမ ၂ ရာခိုင်နှုန်း အသီးသီး တိုးမြင့်လာပါသည်။

ထုတ်လုပ်မှုပမာဏ နည်းပါးသည့် သမားရိုးကျစတီးကုမ္ပဏီများကို လျှော့ချပိတ်သိမ်းမှု ဆက်လက်ဆောင်ရွက်နေမည်ဖြစ်ပြီး ခေတ်မီသည့် သဘာဝပတ်ဝန်းကျင် မထိခိုက်သည့် အကြီးစားစက်မှုလုပ်ငန်းများကို အားစိုက်ဆောင်ရွက်နေပါသည်။ တရုတ်နိုင်ငံသည် ခေတ်မီနည်းပညာ ဖြင့် သံမဏိထုတ်လုပ်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း လတ်တလော ရင်ဆိုင်နေရသည့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုပြဿနာကို ဖြေရှင်းရန် နည်းပညာခေတ်မမီဘဲ ကျန်ရှိနေသေးသည့် အသေးစားသံမဏိစက်ရုံများကို လျှော့ချနေခြင်းဖြစ်ပါသည်။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလအထိ ထုတ်လုပ်သမျှကို ရောင်းချနိုင်ခြင်း မရှိ သည့်အတွက် သံမဏိထုတ်လုပ်မှု တန်ချိန် ၄၅ သန်းကို လျှော့ချနိုင်ခဲ့ပြီး လာမည့်လေးနှစ်အတွင်း တန်ချိန် ၅၅ သန်းမှ ၁၀၅ သန်းအထိ လျှော့ချမည် ဖြစ်ကြောင်း၊ သို့မဟုတ် နှစ်စဉ်တန်ချိန် ၁၃ ဒသမ ၇၅ သန်းမှ ၂၆ ဒသမ ၂၅ သန်းအထိ လျှော့ချရန် ရည်မှန်းထားကြောင်း သိရှိရပါသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ပေကျင်းမြို့**

# ခတ်ဆီ/ဒီဇယ်

## ရေကြောင်းလမ်းမှ ဒီဇယ်၊ ခတ်ဆီ တန်ချိန် ၁၁၀၀၀၀ ကျော်ဝင်

သီတင်းတစ်ပတ်ဖြစ်တဲ့ ဒီဇင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ ပင်လယ်ရေကြောင်းလမ်းမှ ကန်ဒေါ်လာ၃၃၅၁၅၉၇၂တန်ဖိုးရှိ ဒီဇယ်၇၅၀၁၁ဒသမ ၇၄၁တန်နဲ့ ကန်ဒေါ်လာ၁၉၄၉၄၈၄၆တန်ဖိုးရှိခတ်ဆီ ၃၈၆၃၉ဒသမ၀၁၉ တန်ကို တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ **(95)** က ၁၀၂၇ ဒသမ ၃၈၇ တန်သာ ဝင်ခဲ့ပြီး **(92)** က ၃၇၆၁၁ ဒသမ ၆၃၂ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ **(92)** ပိုမိုတင်သွင်းခဲ့တာ တွေ့ရပါတယ်။ ယခင်သီတင်းပတ် ဒီဇယ်အဝင် တန်ချိန်၄၄၀၀၀ ကျော်နဲ့ နှိုင်းယှဉ်ရင်တန်ချိန် ၃၁၀၀၀ကျော်အဝင်ပိုခဲ့ပြီး ယခင်တစ်ပတ် ခတ်ဆီအဝင်တန်ချိန် ၇၅၇၀ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၃၁၀၀၀ ကျော်ပိုမိုတင်သွင်းနိုင်ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဒီဇယ်ရောခတ်ဆီပါ အဝင်ပိုခဲ့ပါတယ်။

နယ်စပ်စခန်းများဖြစ်တဲ့ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၃၇၂၂၆၃ တန်ဖိုးရှိ ဒီဇယ် ၇၇၃တန်နဲ့ကန်ဒေါ်လာ၂၃၁၅၀၀ တန်ဖိုးရှိ ခတ်ဆီ ၃၉၉ တန်ကို လည်းကောင်း၊ မြိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ၁၆၀၃၉၅ တန်ဖိုးရှိဒီဇယ်၃၃၅တန်နဲ့ ကန်ဒေါ်လာ၃၂၅၂၉တန်ဖိုးရှိခတ်ဆီ ၅၇တန်ကိုလည်းကောင်း တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ခတ်ဆီ၊ ဒီဇယ်မှာ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း **(92)** နဲ့ **(95)** မှာ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ် ၇၁၅ ကျပ်၊ အောက်တိန်း **(92)** ကျပ် ၆၂၀၊ အောက်တိန်း **(95)** ကျပ်၇၅၀၊ အဆင့်မြင့်ဒီဇယ် ၆၁၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဒီဇင်ဘာ ၁၉ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၅၃၀၀၀၊ ရောင်းဈေး ကျပ် ၁၅၅၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ပြီး ဒီဇင်ဘာ ၂၁ ရက်တွင် ဝယ်ဈေးကျပ်၁၀၀၀၊ရောင်းဈေး ၂၀၀၀ကျပ်ဈေးမြင့်ပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဒီဇင်ဘာ ၁၉ ရက်မှာ ခတ်ဆီဝယ်ဈေး ကျပ် ၁၃၄၀၀၀ ၊ ရောင်းဈေး ကျပ် ၁၃၇၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ နှိုင်းယှဉ်ရင် ဒီဇယ်ဈေးမြင့်ခဲ့ပြီး ခတ်ဆီဈေး ငြိမ်ခဲ့တယ်လို့ သိရပါတယ်။ ပြင်ပလက်လီ တစ်ဂါလံဈေးများမှာ ဒီဇယ်တစ်ဂါလံ ကျပ် ၃၃၀၀၊ ခတ်ဆီတစ်ဂါလံ ကျပ် ၂၉၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ခတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် ခတ်ဆီဈေးငြိမ်ပြီး ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်ခဲ့တယ်လို့သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချ နေတဲ့ တစ်လီတာဈေးနှုန်းများမှာ ခတ်ဆီတစ်လီတာ ၆၄၅ကျပ်၊ ဒီဇယ် ကျပ်၆၇၀ အဆင့်မြင့် ဒီဇယ် ကျပ် ၇၁၀၊ အောက်တိန်း **(92)** ကျပ် ၇၁၀နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ပီပါ ဈေးများမှာ ဒီဇင်ဘာ၁၉ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ်၁၅၉၀၀၀၊ ရောင်းဈေး ကျပ် ၁၆၂၀၀၀နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဒီဇင်ဘာ ၂၁ ရက်တွင်ဝယ်ဈေး ကျပ် ၁၀၀၀ ဈေးကျခဲ့သော်လည်း ရောင်းဈေး ယခင်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ခတ်ဆီဈေးမှာ ဒီဇင်ဘာ ၁၉ ရက်တွင် ဝယ်ဈေး ကျပ် ၁၃၅၀၀၀၊ ရောင်းဈေးကျပ် ၁၃၈၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ အရောင်း အဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ပြင်ပလက်လီ ဆိုင်များတွင် တစ်ဂါလံ ဈေးမှာ ဒီဇယ် ကျပ်၃၄၀၀၊ ခတ်ဆီ ကျပ် ၂၉၀၀ နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ခတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ်ခတ်ဆီ၊ ဒီဇယ်နဲ့အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်ဂါလန် ဈေးများမှာ ခတ်ဆီ ကျပ်၃၂၀၀၊ ဒီဇယ် ၃၁၉၅ကျပ် ၊ အောက်တိန်း ကျပ်၃၂၄၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခတ်ဆီတစ်ဂါလံ ကျပ်၃၂၀၀၊ ဒီဇယ်တစ်ဂါလံ ကျပ် ၃၂၀၀၊ အောက်တိန်း တစ်ဂါလံ ၃၂၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**MIRT-DOT**

## ပြည်တွင်းငွေလဲနှုန်းများ တစ်ပတ်အတွင်း ကျပ် ၅၀ ကျော် ပြန်လည်ကျဆင်း

ယခုတစ်ပတ်အတွင်း ပြည်တွင်း ငွေလဲနှုန်းများသည် ကျပ် ၅၀ ကျော်ကျဆင်းလာခဲ့ကြောင်း ဈေးကွက်အတွင်း မှ စုံစမ်းသိရှိရသည်။ မော်တော်ယာဉ်တင်သွင်းခွင့်ပါမစ်များ ရပ်ဆိုင်းလိုက်ပြီးသည့်နောက်တွင် ယခုကဲ့သို့ ဈေးများ ပြန်လည်ကျဆင်းလာခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ပြင် ဈေးကစားသူများကြောင့်လည်း ဈေးများကျဆင်းလာရခြင်းဖြစ်ကြောင်းဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

မော်တော်ယာဉ်တင်သွင်းသူများအနေဖြင့် မော်တော်ယာဉ်တင်သွင်းခွင့် မရရှိသဖြင့် ဘဏ်တွင်ထည့်သွင်းထားသည့် အမေရိကန်ဒေါ်လာများကို ပြန်လည်ထုတ်ယူရမည်ဖြစ်ရာ ယင်းငွေများကြောင့်လည်း ဈေးများကျဆင်းလာနိုင်ကြောင်း သုံးသပ်လျက်ရှိသည်။

ထို့ပြင် ပြည်တွင်းရှိ ဘဏ်လုပ်ငန်းရှင်များ၏ ပြည်ပဘဏ်များရှိ ငွေစာရင်းများအား ဗဟိုဘဏ်မှ တောင်းယူထားသဖြင့်လည်း စင်ကာပူ၌ အဝေးရောင်းချမှုများ ပိုမိုများပြားလာသဖြင့် ဈေးပြန်လည်ကျဆင်းလာရခြင်းဖြစ်ကြောင်း ဈေးကွက်အတွင်း သုံးသပ်လျက်ရှိသည်။ ယခုတစ်ပတ်တွင် အမြင့်ဆုံးဈေးအဖြစ် ရောင်းဈေး ၁၄၂၇ ကျပ်အထိ မြင့်တက်သွားခဲ့ပြီးနောက် အနိမ့်ဆုံးဈေးအဖြစ် ရောင်းဈေး ၁၃၇၅ ကျပ်အထိ ကျဆင်းခဲ့သည်။

ပြင်ပငွေလဲစင်တာများတွင် အမေရိကန်တစ်ဒေါ်လာလျှင် ဒီဇင်ဘာ ၁၉ ရက်က ရောင်းဈေး ၁၄၂၇ ကျပ်၊ ဝယ်ဈေး ၁၄၂၀ ကျပ်ရှိခဲ့ပြီး ဒီဇင်ဘာ ၂၁ ရက်တွင် ရောင်းဈေး ၁၃၉၇ ကျပ်၊ ဝယ်ဈေး ၁၃၈၇ ကျပ်သို့ကျဆင်းခဲ့သည်။ ထို့ပြင် ဒီဇင်ဘာ ၂၄ ရက်တွင် ရောင်းဈေး ၁၃၇၀ ကျပ်၊ ဝယ် ဈေး ၁၃၆၀ ကျပ်သို့ ဆက်လက်ကျဆင်းခဲ့သည်။

**မယ်သီတာ**

## ပြည်တွင်းရွှေဈေး တစ်ပတ်အတွင်း ကျပ်နှစ်သောင်းကျော် ကျဆင်း

ယခုတစ်ပတ်အတွင်း ပြည်တွင်းရွှေဈေးများသည် ကျပ်နှစ်သောင်းကျော်ကျဆင်းလာခဲ့ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ပြည်တွင်းငွေလဲနှုန်းများ ကျဆင်းလာမှုကြောင့် ပြည်တွင်းရွှေဈေးများ ကျဆင်းလာရခြင်းဖြစ်ပြီး ကမ္ဘာ့ရွှေဈေးသည်လည်း ဆက်လက်ကျဆင်းလာ သဖြင့် ပြည်တွင်းရွှေဈေးများလည်း ကျဆင်းလာရခြင်းဖြစ်ကြောင်း ရွှေကုန်သည်တစ်ဦးက ဆိုသည်။

"ဒီတစ်ပတ်ထဲမှာ ပြည်တွင်းငွေလဲ နှုန်းကလည်း ကျလာတယ်။ ကမ္ဘာ့ရွှေဈေးကလည်း ကျဆင်းလာတဲ့အတွက် ပြည်တွင်းရွှေဈေးက လိုက်ပါကျဆင်း လာရတာဖြစ်ပါတယ်။ ပြည်တွင်းရွှေဈေးကျလာတဲ့အတွက် ဈေးကွက်ထဲမှာ အရင်တစ်ပတ်ကထက် ပိုပြီးအရောင်းအဝယ်ဖြစ်လာတယ်။ ဒါပေမယ့် အခုလို အကျကြမ်းလာတဲ့အတွက် ရွှေဈေး ကွက်ထဲမှာ တော်တော်လေးကို လှုပ်လှုပ်ခတ်ခတ် ဖြစ်ကုန်တယ်"ဟု ရွှေကုန်သည် ဦးစံမြင့်က ဆိုသည်။

ပြည်တွင်းရွှေဈေးသည် ဒီဇင်ဘာ ၁၉ ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ်၈၆၀၅၀၀ ရှိခဲ့ရာမှ ဒီဇင်ဘာ ၂၂ ရက်တွင် ကျပ် ၈၅၀၀၀၀ သို့ ကျဆင်းခဲ့သည်။ ဒီဇင်ဘာ ၂၄ ရက်တွင် ကျပ် ၈၄၄၀၀၀ သို့ ဆက်လက်ကျဆင်းခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် ဒီဇင်ဘာ ၁၉ ရက်က တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၁၃၉ ရှိခဲ့ရာမှ ဒီဇင်ဘာလ ၂၂ ရက်တွင် ၁၁၃၂ ဒေါ်လာသို့ ကျဆင်းခဲ့ပြီး ဒီဇင်ဘာ ၂၄ ရက်တွင် ၁၁၃၄ ဒေါ်လာသို့ အနည်းငယ်ပြန်လည်မြင့်တက်ခဲ့သည်။

**မယ်သီတာ**

## FMI ရှယ်ယာဈေးများ အနိမ့်ဆုံးဈေးသို့ ကျဆင်း

ယခုတစ်ပတ်အတွင်း FMI ၏ ရှယ်ယာဈေးနှုန်းများသည် ကျပ် ၁၅၀၀၀ သို့ ကျဆင်းခဲ့ရာ အနိမ့်ဆုံး ဈေးသို့ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း YSX သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ထို့ပြင် ယခုဒီဇင်ဘာလအတွင်း YSX တွင် စတော့ရှယ်ယာရောင်းဝယ်မှုအခြေအနေမှာ လက်ရှိအချိန်အထိ ကျပ် ၁၂၃ သန်းသာရှိသဖြင့် အရောင်းအဝယ်ဖြစ်မှုပမာဏ နည်းပါးလျက်ရှိကြောင်း သိရသည်။

FMI ၏ယခင်က ဖြစ်ပေါ်ခဲ့သည့် အနိမ့်ဆုံးဈေးမှာ ကျပ် ၁၅၅၀၀ ဖြစ်ခဲ့ရာ ယခုဒီဇင်ဘာ ၂၃ ရက်တွင် ဖြစ်ပေါ်ခဲ့သည့် ကျပ် ၁၅၀၀၀ မှာ FMI ၏အနိမ့်ဆုံးဈေးဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျပ် ၁၅၀၀၀ သည် ရန်ကုန်စတော့အိတ်ချိန်းတွင် ဝင်ရောက်ခဲ့သည့် FMI ၏ရှယ်ယာဈေးနှုန်း အတိုင်းသာရှိခဲ့ကြောင်း သိရသည်။

FMI ၏ ရှယ်ယာဈေးနှုန်းသည် ပြီးခဲ့သည့်မတ်လအတွင်းက ကျပ် လေးသောင်းကျော်ရှိခဲ့သည်။

FMI ၏ ရှယ်ယာဈေးနှုန်းများ ကျဆင်းခဲ့သည့်နည်းတူ MTSH ၏ ရှယ်ယာဈေးနှုန်းများလည်း ကျဆင်းခဲ့ကြောင်း သိရသည်။

**မယ်သီတာ**

## Currency Exchange Rate

December 23, 2016
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.39 |
| BDT | Bangladesh Taka | 78.55 |
| CAD | Canada Dollars | 1.35 |
| CNY | China Yuan Renminbi | 6.94 |
| EUR | Euro | 0.96 |
| H KD | Hong Kong Dollars | 7.76 |
| I NR | India Rupees | 67.84 |
| I DR | Indonesia Rupiahs | 13460.67 |
| JPY | Japan Yen | 117.47 |
| MYR | Malaysia | 4.48 |
| PKR | Pakistan Rupees | 104.82 |
| PHP | Philippines Pesos | 49.84 |
| RUB | Russia Rubles | 60.82 |
| SGD | Singapore Dollars | 1.45 |
| KRW | South Korea Won | 1203.40 |
| LKR | Sri Lanka Rupe | 149.35 |
| THB | Thailand Baht | 36.02 |
| GBP | United Kingdom Pounds | 0.81 |
| VND | VietnamDon | 22758.31 |

*Source:xe.com*

## World Gold Price

December, 2016 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 19 | 1136 | 1136 | 1137 |
| 20 | 1134 | 1134 | 1134 |
| 21 | 1133 | 1134 | 1135 |
| 22 | 1129 | 1129 | 1128 |
| 23 | 1129 | 1130 | 1130 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 19 -12- 2016 | 860.50 | 859.80 |
| 20-12- 2016 | 855.00 | 854.50 |
| 21-12-2016 | 860.50 | 859.50 |
| 22-12-2016 | 850.00 | 848.00 |
| 23 -12-2016 | 844.00 | 842.80 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဒီဇင်ဘာလ ၂၀၁၆ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 19 | 6 .95 | 35.84 | 79.30 | 67.74 |
| 20 | 6. 95 | 35.93 | 79.43 | 67.88 |
| 21 | 6 95 | 35.99 | 78.85 | 67.85 |
| 22 | 6 .95 | 36.02 | 78.60 | 67.89 |
| 23 | 6.94 | 36.02 | 78.55 | 67.84 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 19- December | 16.10 | 2728.99 | 1747.20 | 5681.31 | 923.00 |
| 20- December | 15.90 | 2620.13 | 1735.10 | 5580.74 | 916.00 |
| 21- December | 16.09 | 2665.60 | 1753.92 | 5623.74 | 918.00 |
| 22- December | 15.85 | 2650.59 | 1753.02 | 5539.07 | 913.00 |
| 23- December | 15.76 | 2646.56 | 1751.90 | 5586.34 | 905.00 |

Source:kitco.com

## Energy NYMEX 16-12-2016

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 52.52 | -0.43 | -0.81 |
| Brent Crude Futr (USD/bbl) | 54.67 | -0.38 | -0.69 |
| Gasoline Rbob Fut (Cent/gal) | 159.06 | -1.34 | -0.84 |
| Natural Gas Futr (USD/MMBtu) | 3.56 | 0.04 | 1.16 |
| Heating Oil Futr (Cent/gal) | 165.50 | -0.58 | -0.35 |

## ဘိလပ်မြေ



### ပင်လယ်ရေကြောင်းလမ်းမှ ဘိလပ်မြေတန်ချိန် ၆၀၀ ကျော်ဝင်

ဒီဇင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်း ကန်ဒေါ်လာ၈၉၆၄၀ တန်ဖိုးရှိ ဘိလပ်မြေ၆၁၂ ဒသမ ၇၁၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ သုညဒသမ၃၁၁တန်၊ အိန္ဒိယနိုင်ငံမှ တန်ချိန် ၂၈၀၊ အီရန်နိုင်ငံမှ ၁၆၀ဒသမ ၂၀ တန်၊ စင်ကာပူနိုင်ငံမှ ၂၀ ဒသမ ၂၀၄ တန်၊ ထိုင်းနိုင်ငံမှ ၁၂၅ တန်နဲ့ ဗီယက်နမ်နိုင်ငံမှ ၂၇တန်အသီးသီး တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင် တန်ချိန် ၂၀၀၀၀ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၁၉၀၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### ဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ

ဒီဇင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေတန်ချိန် ၆၁၀ ကျော်ဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်က ဝင်ရောက်ခဲ့တဲ့ တန်ချိန် ၂၀၀၀၀ ကျော် နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၁၉၀၀၀ ကျော် အဝင်လျော့ခဲ့ပါတယ်။ ဒီတစ်ပတ် နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၂၄၂၄၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၂၁၉၂၀ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၂၃၂၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ ရေလမ်းမှအဝင်လျော့ခဲ့ပြီး နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်ပိုခဲ့ပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဘိလပ်မြေ အရောင်းအဝယ်ပုံမှန်ရှိသလို ဈေးလည်း ငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ ဆင်(ထိုင်း)ကပစ္စည်း ပြတ်နေတယ်လို့ သိရပါတယ်။ အထိုင်ဈေးနဲ့ အရောက်ဈေးက ကျပ် ၂၀၀ ဝန်းကျင်ကွာဟတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ အထိုင်ဈေးမှာ ဆင်(ထိုင်း) ကျပ် ၅၇၀၀၊ စိန်(ထိုင်း) ကျပ် ၅၆၀၀၊ မော်လမြိုင် ဆင် ကျပ် ၄၉၀၀၊ ကြံ့နှစ်ကောင်(နီ) ကျပ် ၅၀၀၀၊ ကြံ့နှစ်ကောင်(စိမ်း) ကျပ် ၄၇၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**တောင်ကြီးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီး ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်း အဝယ်ဖြစ်နေတဲ့ ဈေးမှာ စိန်(ထိုင်း) ကျပ် ၆၄၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၂၀၀၊ ကမ္ဘောဇ ကျပ် ၄၂၀၀၊ နဂါး ကျပ် ၄၅၀၀၊ ဆင်(ထိုင်း) ကျပ် ၆၃၀၀ နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** အရောင်းပုံမှန်ရှိပြီး ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲမှာ ပစ္စည်းအဝင်အထွက်မျှနေတယ်လို့လည်း သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ဈေးမှာ အေသုံးလုံး ကျပ်၄၄၀၀၊ မြန်မာဆင် ကျပ် ၄၁၀၀၊ ဆင်(ထိုင်း) ကျပ်၆၇၀၀၊ စိန်(ထိုင်း) ကျပ် ၆၈၀၀၊ ဆင်မင်း ကျပ်၄၂၀၀၊ ကျားခေါင်း ကျပ် ၄၀၀၀ နဲ့ မြင်းခေါင်းကျပ် ၄၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

## ဓာတ်မြေသြဇာ

### ဒီတစ်ပတ် မြေသြဇာတန်ချိန် ၇၀၀၀ နီးပါးဝင်

နိုဝင်ဘာ ၁၁ ရက် မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၇၁၇၃၆၅ တန်ဖိုးရှိ မြေသြဇာ ၆၈၈၁ ဒသမ ၇၉၆ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ ၄၆၅၉ ဒသမ ၉၉၆ တန်၊ ဂျာမနီနိုင်ငံမှ ၁၁၇၅ တန်၊ ဗီယက်နမ်နိုင်ငံမှ ၆၁၅ တန်၊ စင်ကာပူမှ တန်ချိန် ၃၀၀၊ ထိုင်းနိုင်ငံမှ ၅၂ တန်၊ နယ်သာလန်နိုင်ငံမှ ၄၄ တန်၊ ဂျပန်နိုင်ငံမှ ၂၇ တန်၊ ဂရိနိုင်ငံမှ ၇ဒသမ ၂၀ တန်နဲ့ တောင်အာဖရိကနိုင်ငံမှ ၁ဒသမ ၆၀တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ မဂ္ဂနီဆီယမ်ဆာလဖိတ်၊ ဇင့်ဆာလဖိတ်၊ အမိုးနီးယမ်းဆာလဖိတ်၊ ရွှေနဂါးတော့(ပ်)ဝမ်းမြေသြဇာ၊ ကွန်ပေါင်း၊ ဩဂဲနစ်၊ ပိုတက်၊ ရွှေမြေသီးမြေသြဇာစသဖြင့်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် မြေသြဇာအဝင်မှာတန်ချိန် ၁၁၈၀၀ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၄၉၅၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### ရန်ကုန်နဲ့ မော်လမြိုင်မှာ ဓာတ်မြေသြဇာဈေးကွက်အရောင်းသွက်

ဒီဇင်ဘာ ၁၁ ရက်မှ ၁၇ရက်အထိသီတင်းပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ မြေသြဇာတန်ချိန် ၆၈၈၀ကျော် အဝင်ရှိခဲ့ပြီး ယခင်သီတင်းပတ်က တန်ချိန် ၁၁၈၃၀ ကျော်ဝင်ခဲ့တာကြောင့် ဒီတစ်ပတ် မှာ တန်ချိန် ၄၉၅၀ ကျော် တင်သွင်းမှု လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေသြဇာအဝင်မှာ တန်ချိန် ၁၅၁၀၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၁၃၀၆၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၂၀၅၀ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေကြောင်း ရောနယ်စပ်လမ်းမှပါ မြေသြဇာအဝင် လျော့ခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ်ရောင်းအား ပြန်တက်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ပုလဲအသေး ၄၆% နဲ့ ကွန်ပေါင်း၁၅ ပတ်လည် က ကျပ် ၅၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ က ကျပ် ၃၀၀ နဲ့ တီစူပါ ၄၆% ကျပ် ၁၀၀၀ဈေးမြင့်ပြီး အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်း အဝယ်ဖြစ်နေတဲ့ ဈေးမှာ ပုလဲ-အသေး ၄၆%(ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်)ကျပ် ၂၁၅၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ်၃၅၀၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ်၃၀၀၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ် ၂၁၅၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၁၀၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်း ရရှိခဲ့ပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** မြေသြဇာကနယ်ဘက်မှ အဆွဲရှိတာကြောင့် အရောင်း အဝယ်သွက်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ယူရီးယားက ဈေးငြိမ်နေပေမယ့် တီစူပါက ကျပ် ၁၂၀၀ဈေးကျပြီး ပိုတက်က ကျပ် ၅၀၀ဈေးမြင့်လာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (နေရွှက်လှေ-တရုတ်) ကျပ် ၂၁၅၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၁၅၀၀၊ တီစူပါ (သံကွင်း-တရုတ်) ကျပ် ၁၈၈၀၀၊ ပိုတက်(အိန္ဒိယ) ကျပ် ၂၃၅၀၀၊ ကွန်ပေါင်း ၁၅း၁၅း၁၅ ကျပ် ၃၇၅၀၀ ဈေးရှိတယ်လို့ မြေသြဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဒီတစ်ပတ် အရောင်းအေးတယ်လို့ သိရပါတယ်။ အရောင်းအေးပေမယ့် ယူရီးယား ကျပ်၉၀၀၊ တီစူပါ ၁၅ပတ်လည် နဲ့ယူရီးယား (ယူအေအီး)ကျပ် ၅၀၀ ဈေးမြင့်လာတယ်လို့ သိရပါတယ်။ ဒီလိုဈေးမြင့်ရတာလည်း ငွေဈေးမြင့်လာလို့ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက် အရောင်းအဝယ် ဖြစ်နေတဲ့ ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၂၂၀၀ ၊ ယူရီးယား(ရွှေတောင်-တရုတ်)ကျပ် ၂၂၂၀၀ ၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၃၆၀၀၊ တီစူပါ ၂၀% (တရုတ်) ကျပ် ၁၃၀၀၀၊ ပိုးသတ်ဆေး ကျပ်၁၉၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၆၅၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၆၀၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၄၀၀၀၊ ပိုတက်(တရုတ်) ကျပ် ၂၃၅၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၁၉၅၀၀၊ မြွားကမ္ဘာ ကျပ် ၁၆၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်း သိရပါတယ်။

**မကွေးဈေးကွက်မှာ** ရာသီသီးနှံအတွက် အဝယ်ရှိတာကြောင့် အရောင်းပုံမှန်ရှိပြီး ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြွားကမ္ဘာ ၁၂း၁၃(အပြာ) ကျပ် ၁၆၀၀၀၊ ဆင် ၁၀း၁၀း၅ ကျပ် ၁၅၂၀၀၊ သီးစုံ (ဝါစိမ်းပြာ)ကျပ် ၁၅၅၀၀၊ အာမို ၁၅ပတ်လည် ကျပ် ၃၅၃၀၀၊ အာမို ၁၆း၆း၈ ကျပ် ၃၃၃၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၂၁၃၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်)ကျပ် ၂၃၁၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၆၃၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ တီစူပါ ကျပ် ၁၈၇၀၀၊ တောင်သူမ ကျပ် ၁၅၁၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ /နို့မှုန့်

### နို့ဆီတန်ချိန် ၅၀၀ နီးပါးနဲ့ နို့မှုန့်တန်ချိန် ၇၀ နီးပါးဝင်

ဒီဇင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်းကန်ဒေါ်လာ ၆၅၉၇၉၅ တန်ဖိုးရှိ နို့ဆီ ၄၈၀ ဒသမ ၄၄၆ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ Falcon တံဆိပ်နို့ဆီ ၁၅၄ ဒသမ ၅၆ တန်၊ Ship တံဆိပ်နို့ဆီ ၃၄ ဒသမ ၆၅၆တန်၊ တီးပေါ့နို့ဆီ ၄၆ ဒသမ ၅၅တန်နဲ့ ဒွန်းနို့ဆီ ၂၄၄ ဒသမ ၆၀ တန် တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ် နို့ဆီအဝင်တန်ချိန်၃၅၀ ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၁၃၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ် မလေးရှားနိုင်ငံမှ နို့မှုန့် ၃၂ဒသမ ၉၁၄တန်၊ အိုင်ယာလန်နိုင်ငံမှ ၁ ဒသမ ၂၄၈ တန်၊ စင်ကာပူနိုင်ငံမှ ၃ဒသမ၇၅တန်၊ နယူးဇီလန်မှ ၁၆တန်နဲ့ ဂျာမနီနိုင်ငံမှ ၁၄ဒသမ၇၃၂ တန်၊ စုစုပေါင်း ၆၈ ဒသမ ၆၄၅ တန် တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်နို့မှုန့်တင်သွင်းမှု တန်ချိန် ၁၇၀ကျော်နဲ့ နှိုင်းယှဉ်ရင်တန်ချိန် ၁၀၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

သီတာဝင်း (DOT) စုစည်းသည်

**ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ**

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၀/၁၂ မှ ၁၆/၁၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၃/၁၂ မှ ၉/၁၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၃၃၉၈.၀၀ | ၁၇၆၆.၀၀ | (+) | ၁၆၃၂.၀၀ |
| ၂။ | လွယ်ဂျယ် | ၅၀၁.၀၀ | ၆၁၅.၀၀ | (-) | ၁၁၄.၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၄၂၆၆.၀၀ | ၃၂၀၁.၀၀ | (+) | ၁၀၆၅.၀၀ |
| ၅။ | တာချီလိတ် | - | ၈၀၀၀.၀၀ | (-) | ၈၀၀၀.၀၀ |
| ၆။ | မြဝတီ | ၆၂၈.၇၀ | ၇၁၁.၆၇ | (-) | ၈၂.၉၇ |
| ၇။ | ကော့သောင်း | ၁၄၉၁၄.၅၀ | ၉၀၉၅.၀၀ | (+) | ၅၈၁၉.၅၀ |
| ၈။ | မြိတ် | ၃၆၀၀.၀၀ | ၁၃၀.၀၀ | (+) | ၃၄၇၀.၀၀ |
| | စုစုပေါင်း | ၂၄၂၄၉.၂၀ | ၂၁၉၂၈.၆၇ | (+) | ၂၃၂၀.၅၃ |

မော်မော်အောင်

**ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ**

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၀/၁၂ မှ ၁၆/၁၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၃/၁၂ မှ ၉/၁၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၀၇၉၀.၃၀၀ | ၉၁၉၉.၂၇၀ | (+) | ၁၅၉၁.၀၃ |
| ၂။ | လွယ်ဂျယ် | - | ၂၉.၀၀၀ | (-) | ၂၉.၀၀ |
| ၃။ | ချင်းရွှေဟော် | ၈၈၆.၂၅၀ | ၁၆၈၁.၀၀၀ | (-) | ၇၉၄.၇၅ |
| ၄။ | ကန်ပိုက်တီး | - | - | | - |
| ၅။ | မြဝတီ | ၁၈၄၂.၁၈၈ | ၁၂၅၄.၆၀၀ | (+) | ၅၈၇.၅၈၈ |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | ၁၆၀၀.၀၀၀ | ၉၀၀.၀၀၀ | (+) | ၇၀၀.၀၀ |
| | စုစုပေါင်း | ၁၅၁၁၈.၇၃၈ | ၁၃၀၆၃.၈၇ | (-) | ၂၀၅၄.၈၆၈ |

ခင်မိုးသူ

## နှမ်း

# နှမ်းတင်ပို့မှု လျော့နည်း

မြန်မာ-တရုတ် နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဒီဇင်ဘာ ၁၀ရက်မှ ၁၆ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၃၉ သန်းတန်ဖိုးရှိ နှမ်းဖြူ ၂၈၂ တန်ကျော်နဲ့ နှမ်းနက် ၉၆၈ တန်ကျော်တင် ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က နှမ်းဖြူ ၂၆၉ တန်ကျော် နဲ့ နှမ်းနက် ၁၅၆၇ တန်ကျော် တင်ပို့ခဲ့တဲ့အတွက်ယခုတစ်ပတ်မှာ ချင်းရွှေဟော်မှ နှမ်းတန်ငါးရာကျော်ခန့်လျော့နည်းတင်ပို့ခဲ့တာတွေ့ရပါတယ်။မြဝတီကုန်သွယ်ရေးဇုန်မှ ယခုတစ်ပတ် နှမ်းတင်ပို့မှု မရှိခဲ့ပါဘူး။

မူဆယ်ကုန်စည်ဒိုင်မှာ ဒီဇင်ဘာ ၃ ရက်မှ ၉ရက်အတွင်း နှမ်းဖြူ တစ်တန် ၁၃၂၈၁၈၅ ကျပ်နဲ့ နှမ်းနက် တစ်တန် ၂၄၈၆၄၈၆ ကျပ်ရှိပြီး ဒီဇင်ဘာ ၁၀ ရက်မှ ၁၆ ရက်အတွင်းမှာတော့ နှမ်းဖြူ တစ်တန် ၁၃၇၀၅၁၈ ကျပ်နဲ့ နှမ်းနက်တစ်တန် ၂၅၆၅၇၃၇ ကျပ် စျေးရှိတယ်လို့ သိရပါတယ်။ ကုန်သည်အများစုက စျေးကောင်းရရန်မလွယ်ဟု ခန့်မှန်းထားခဲ့တဲ့နှမ်းရောင်စုံ စျေးကွက်မှာ ယခုတစ်ပတ်အတွင်း နှမ်းစျေးနှုန်းများ ပိုမိုမြင့်တက်လာခဲ့ပြီး အရောင်း အဝယ်လည်း ပိုမိုကောင်းမွန်လာခဲ့ကြောင်း နှမ်းစျေးကွက်အတွင်းမှ သိရပါတယ်။

**မော်မော်အောင်**

# ပြည်စျေးကွက်တွင် နှမ်းနီစျေးမြင့်ပြီး နှမ်းနက်နဲ့ စမုံနက်နှမ်းစျေးပြန်ကျလာ

ယခုတစ်ပတ် ပြည်စျေးကွက်တွင် နှမ်းစျေးအနည်းငယ်မြင့်လာပြီး နှမ်းနက်(ရိုးရိုး)နဲ့ စမုံနက်နှမ်းစျေး အနည်းငယ်ကျလာတာတွေ့ရပါတယ်။ ဆောင်းနှမ်းအသစ်များကလည်း ပေါင်းတည်၊ ပေါက်ခေါင်းနဲ့ ပြည်၊ အောင်လံကြားကျေးရွာများမှ တစ်နေ့လျှင် အိတ် ၅၀၀ မှ ၉၀၀ ခန့် ဝင်ရောက်နေပါတယ်။ အောင်လံဘက်မှ နှမ်းနက်ကို အဝယ်ရှိသော်လည်း စျေးမတက်ဘဲ စျေးပြန်ကျနေတာတွေ့ရပါတယ်။ နှမ်းနီကို မြို့တွင်းဆီစက်များက ဆီကြိတ်ရန် အဝယ်ရှိသဖြင့် ယခင်တစ်ပတ်ထက်စျေးမြင့်လာတာတွေ့ရပါတယ်။

ယခုတစ်ပတ် နှမ်းစျေးမှာ နှမ်းနီတစ်တင်းလျှင် ကျပ် ၂၇၆၀၀၊ ရိုးရိုးနှမ်းနက်တစ်တင်းလျှင် ကျပ် ၃၃၀၀၀နဲ့ စမုံနက်နှမ်း တစ်တင်းလျှင် ကျပ် ၄၃၀၀၀ ဖြင့် တစ်နေ့လျှင် နှမ်းအိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

**ဝေဝေမင်း**

## စားအုန်းဆီ

# တရုတ်နှင့် အမေရိကန် ပဲပုပ်ဆီစျေးမြင့်တက်မှု အထောက်အပံ့ကြောင့် စားအုန်းဆီစျေး အနည်းငယ်မြင့်တက်

စားအုန်းဆီနှင့်အပြိုင်ဖြစ်သော တရုတ်ဒါလီယံ စျေးကွက်နှင့် အမေရိကန်ပြည်ထောင်စု ချီကာဂိုစျေးကွက်မှ ပဲပုပ်ဆီတို့က တန်ဖိုးမြင့်တက်လာသည့်အတွက် သုံးရက်ကြာကျဆင်းနေခဲ့သော စားအုန်းဆီကြိုရောင်းစျေးသည် ဒီဇင်ဘာ ၂၁ရက် နံနက်ပိုင်းစျေးကွက်တွင် ပြန်လည် မြင့်တက်လာခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ဘာဆာမလေးရှားကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange) တွင် ဒီဇင်ဘာ ၂၂ ရက် နေ့လည်စျေးကွဲချိန်က မတ်လအတွက် စာချုပ်ချုပ်ဆို ရောင်းချသည့် စားအုန်းဆီစျေးမှာ တစ်တန်ကို ၃၁၀၈ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၆၉၄ ဒသမ ၂၁) နှုန်း ရှိခဲ့ရာ ယခင်နေ့ကစျေးနှင့် နှိုင်းယှဉ်ပါက သုည ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ ထိုနေ့ နံနက်ပိုင်းက အရောင်းအဝယ်ဖြစ်သော ပမာဏမှာ ၂၅တန်ရှိ အတွဲ ၁၀၆၆၇ တွဲ ရှိခဲ့သည်။

စားအုန်းဆီ ကြိုရောင်းစျေးက ဒါလီယံကုန်စည်ဒိုင်နှင့် ချီကာဂိုကုန်သွယ်ရေးဘုတ်အဖွဲ့တို့ကဲ့သို့သော ပြည်ပစျေးကွက်များ၏ လမ်းကြောင်းကိုလိုက်၍ ဆက်လက် မြင့်တက်မည့် အလားအလာရှိကြောင်း ကွာလာလမ်ပူအခြေစိုက်ကုန်သည်တစ်ဦးက ပြောသည်။ ကမ္ဘာ့စားသုံးဆီစျေးကွက်တွင် စျေးကွက်ဝေစု ရရှိရေးအတွက် ယှဉ်ပြိုင်နေကြရသည့်အတွက် စားအုန်းဆီစျေးအခြေအနေအပေါ်တွင် အခြားဟင်းရွက်ဆီစျေးကလည်း အကျိုးသက်ရောက်မှုရှိတတ်သည်။

" ဒီနေ့ညနေဘက် ဒါလီယံစျေးကွက်မှာပဲပုပ် စျေးကျမယ်ဆိုရင် စားအုန်းဆီစျေးကလည်း လိုက်ပါကျဆင်းမှာဖြစ်ပါတယ် "ဟု သူက ပြောသည်။ စားအုန်းဆီ ကြိုရောင်းစျေးက တစ်တန်ကို ရင်းဂစ် ၃၁၀၀ နဲ့ ၃၂၀၀ ကြားမှာပဲ ရှိနေနိုင်ကြောင်းလည်း သူက ပြောသည်။

ဒါလီယံစျေးကွက်ရှိ စားအုန်းဆီ၏ မေလအတွက် ကြိုရောင်းစျေးက သုညဒသမ ၂၅ ရာခိုင်နှုန်း ကျဆင်းပြီး ဒါလီယံစျေးကွက်ရှိ မေလအတွက် ပဲပုပ်ဆီစျေးက ပြောင်းလဲမှု မရှိကြောင်းသိရသည်။



အခြားဟင်းရွက်ဆီတစ်မျိုးဖြစ်သော အမေရိကန်ပြည်ထောင်စု ချီကာဂို ကုန်သွယ်ရေးဘုတ်အဖွဲ့ရှိ ပဲပုပ်ဆီ၏ ဇန်နဝါရီအတွက် ကြိုရောင်းစျေးက သုည ဒသမ ၃၉ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

စားအုန်းဆီစျေးများ ဆက်လက်ကျဆင်းမည့် အလားအလာရှိသည်ဟု ကုန်သည်များက ယူဆသည့် အတွက် ယခင်နှစ်ရက်အတွင်း အချို့ကုန်သည်များက ထုတ်ရောင်းလာကြပြီးနောက် စျေးကွက်က စားအုန်းဆီကို ပြန်လည် ဝယ်ယူလာကြကြောင်း ဒုတိယ ကုန်သည်တစ်ဦးက ပြောသည်။စားအုန်းဆီစျေးသည် ဒီဇင်ဘာ ၂၀ရက်က တတိယမြောက်နေ့အဖြစ် ဆက်လက် ကျဆင်းပြီး ၁ဒသမ ၅၆ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

"ဒီရက်အတွင်းမှာ စားအုန်းဆီကို ထုတ်ရောင်းထားတဲ့ တစ်ချို့ရင်းနှီးမြှုပ်နှံသူတွေ က စားအုန်းဆီကို ပြန်လည် ဝယ်ယူလာတာကိုတွေ့ရပါတယ်"ဟု ကုန်သည်က ပြောသည်။

ရင်းဂစ်တန်ဖိုး ကျဆင်းမှုနှင့် အထွက်နှုန်း ကျဆင်းမှုကြောင့် စားအုန်းဆီ ကြိုရောင်းစျေးက မကြာသေးမီ ရက်သတ္တပတ်အတွင်း တက်ရိပ်ပြလျက် ရှိနေသည်ကို တွေ့ရသည်။ ရင်းဂစ်တန်ဖိုး ကျဆင်း မှုက နိုင်ငံခြားငွေဖြင့် ဖလှယ်ပြီး ဝယ်ယူရသူများအတွက် စျေးနှုန်းချိုသာလျက်ရှိသဖြင့် မလေးရှားစားအုန်းဆီက စျေးနှုန်းအရ ယှဉ်ပြိုင်နိုင်မှုကို မြင့်တက်စေသည်။ သီးနှံအထွက်ကို ဖျက်ဆီးတတ်သော အယ်လ်နီညို ရာသီဥတုကြောင့်လည်း စားအုန်းဆီအထွက်နှုန်းကို ထိခိုက်မှု ရှိခဲ့သည်။

**စံမီအောင်**

## ပြည်တွင်းဆီစျေးနှုန်းများ (၂၃-၁၂-၂၀၁၆) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၁၅၀ | ၂၁၅၀ | □ |
| ရန်ကုန် | ၃၈၀၀ | ၃၈၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၂၀၀၀ | ၁၉၄၀ | ▽ |
| မန္တလေး | ၃၅၀၀ | ၃၀၀၀ | ▽ | ၃၀၀၀ | ၃၀၀၀ | □ | ၂၁၀၀ | ၂၀၆၀ | ▽ |
| ပဲခူး | ၃၈၀၀ | ၄၀၀၀ | △ | ၄၆၀၀ | ၄၆၀၀ | □ | ၂၀၅၀ | ၂၁၀၀ | △ |
| မကွေး | ၄၀၀၀ | ၄၀၀၀ | □ | ၃၅၀၀ | ၃၅၀၀ | □ | ၁၉၀၀ | ၂၁၀၀ | △ |
| မုံရွာ | ၃၆၀၀ | ၃၆၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၂၁၀၀ | ၂၀၈၀ | ▽ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၀၀၀ | ၂၂၀၀ | △ |

***Source: mirt***



## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) စျေးနှုန်း

၂၃-၁၂-၂၀၁၆ **US$/Ton**

| အမျိုးအစား | ဒီဇင်ဘာဒုတိယပတ် | ဒီဇင်ဘာတတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| **RBD P.Oil** | ၇၃၄.၀၀ | ၇၄၅.၀၀ | △ |
| **RBD P.Olein** | ၇၃၆.၀၀ | ၇၄၅.၀၀ | △ |
| **RBD P.Strarin** | ၇၃၇.၅၀ | ၇၄၇.၅၀ | △ |

***Source: econ.mpob***

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းစျေးတွက်ချက်ပုံ (၂၃- ၁၂ -၂၀၁၆ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF စျေး | (CIFx USD)/ 612 | ၁၇၆၈.၁၈ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၄.၄၂ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၈.၈၄ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားစျေး | ၉.၆၅ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%)/612 | ၈၅.၆၀ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၄၅.၀၁ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၇၄ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းစျေး | ၁၉၃၄.၂၄၅ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၂၃-၁၂-၂၀၁၆နေ့ (CIF စျေး Cloud Point 8 ˚C Max ၇၈၇ ဒေါ်လာနှင့် USD စျေး ၁၃၇၅ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၂၃-၁၂-၂၀၁၆ နေ့ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် စျေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် စျေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာစျေး ၁၃၇၅ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

Vol: 16, No.49 Monday December 26 2016

# ကုန်သွယ်မှု လျင်မြန်ချောမွေ့စေဖို့ ဘက်စုံဝိုင်းဝန်း



မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ဆောင်ရွက်လျက်ရှိရာမှာ ကုန်သွယ်မှုလုပ်ငန်းဟာ အလွန်အရေးပါတဲ့ အခန်းကဏ္ဍက ပါဝင်လျက်ရှိတဲ့အတွက် နိုင်ငံတော်အနေနဲ့ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေဖို့ နည်းလမ်းပေါင်းစုံနဲ့ ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပါတယ်။ ဒ့ါအပြင် " နိုင်ငံသားအားလုံး ပူးပေါင်း ပါဝင်နိုင်ပြီး တီထွင် ဆန်းသစ်မှုနှင့် ကြိုးပမ်းအားထုတ်မှုများဖြင့် တိုးတက်မှု ရလဒ်ကောင်းများကို အစဉ်အဆက် ရယူထိန်းသိမ်းနိုင်မည့် စီးပွားရေး စနစ်တစ်ခုအဖြစ် ထူထောင်ရန် " နိုင်ငံတော်မှ ရည်မှန်းချက်ထားပြီး လုပ်ဆောင်လျက် ရှိပါတယ်။

နိုင်ငံတော်ရဲ့ စီးပွားရေးမူဝါဒဟာ ပြည်သူကို ဗဟိုပြုပြီး အားလုံးပါဝင်နိုင်သော စဉ်ဆက်မပြတ် တိုးတက်မှု ရရှိစေနိုင်သော မူဝါဒတစ်ရပ်အဖြစ် ရည်ရွယ်ပြီး ရေးဆွဲထားတာဖြစ်ပါတယ်။ စီးပွားရေးမူဝါဒကို အကောင်အထည် ဖော်ရာမှာလည်း အမျိုးသား ပြန်လည်သင့်မြတ်ရေးကို အထောက်အကူရရှိစေရန် ဦးတည်၍ သဘာဝသယံဇာတ အရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းကာ ပြည်နယ်နှင့် တိုင်းဒေသကြီးများအကြား မျှတမှန်ကန်စွာ ခွဲဝေ အသုံးချနိုင်မည့် စီးပွားရေးမူဘောင် ချမှတ်ဆောင်ရွက်ရန် မျှော်မှန်းပြီး ရေးဆွဲခဲ့တာ ဖြစ်ပါတယ်။

## ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေး

နိုင်ငံတော်အစိုးရအနေနဲ့ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းရှင်များ လုပ်သာကိုင်သာရှိစေရေးအတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်ကို ပြဋ္ဌာန်းပေးခဲ့သလို စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေနဲ့ ယှဉ်ပြိုင်မှုဥပဒေများကိုလည်း ပြုစုရေးဆွဲ အတည်ပြု ပြဋ္ဌာန်းခဲ့ပါတယ်။ ဒ့ါအပြင် ပင်လယ်ရေကြောင်း ကုန်သွယ်မှု၊ နယ်စပ်ကုန်သွယ်မှုတို့မှာ ကုန်သွယ်မှုလုပ်ငန်းများ နှောင့်နှေးမှုမရှိစေဘဲ လျင်မြန်ချောမွေ့စွာ ကုန်သွယ်မှုပြုနိုင်စေဖို့ စီစဉ်ဆောင်ရွက်ပေးဖို့ အထူးလိုအပ်လျက် ရှိနေတာကို တွေ့ရှိရ ပါတယ်။

## ပို့ကုန်တင်ပို့မှု

နိုင်ငံတော်အစိုးရဟာ နိုင်ငံတော်ဘဏ္ဍာ ပိုမိုရရှိစေဖို့ ပို့ကုန် တင်ပို့မှုကို အားပေးလျက်ရှိပါတယ်။ ဒါကြောင့် ပို့ကုန်လုပ်ငန်းရှင်များ အားအခွန်များ လျှော့ပေါ့ပေးခြင်းများ ပြုလုပ်ပေးခဲ့သလို ပို့ကုန် တိုးမြှင့် တင်ပို့နိုင်ရေးအတွက်လည်း ကုန်ထုတ်လုပ်ငန်းရှင်များ ကြုံတွေ့နေရတဲ့အခက်အခဲ၊ အတားအဆီးနဲ့ အဟန့်အတားတွေကို ဖြေလျှော့ ဆောင်ရွက်ပေးလျက် ရှိပါတယ်။

ပို့ကုန်တင်ပို့မှုကို ကြည့်ပါက ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ ၁၁ ရက်အထိ ပင်လယ်ရေကြောင်းမှ ပို့ကုန်ပစ္စည်း အုပ်စုအလိုက် တင်ပို့မှု တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၂၃၄ဒသမ ၉၄၁ သန်း၊ နယ်စပ် ပို့ကုန် တင်ပို့မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၇၆၃ဒသမ ဝ၉၇ သန်း ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ပို့ကုန်တင်ပို့မှု စုစုပေါင်းမှာ အမေရိကန် ဒေါ်လာ ၆၉၉၇ဒသမ ၉၈၈ သန်း ဆောင်ရွက်နိုင်တာ တွေ့ရပါတယ်။

ယခင်နှစ် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာ ၁၅ ရက်အထိ ပင်လယ် ရေကြောင်းမှ တင်ပို့မှုနှင့် နယ်စပ်မှ ပို့ကုန်တင်ပို့မှု စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၆၄၄၅ဒသမ ၅၂၉ သန်း ဆောင်ရွက်ခဲ့ရာ ယခု နှစ် ပို့ကုန်တင်ပို့နိုင်မှုကို ယခင်နှစ်တင်ပို့မှုနှင့် နှိုင်းယှဉ်ရာမှာတော့ အမေရိကန်ဒေါ်လာ ၅၅၂ဒသမ ၄၅၉ သန်း ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ပို့ကုန်တင်ပို့မှုအနေနဲ့ လယ်ယာထွက်ကုန် ပစ္စည်း၊ ရေထွက် ကုန်ပစ္စည်း၊ သတ္တုတွင်းထွက်ကုန်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ စက်မှုကုန်ချောအုပ်စုတို့မှာ ပိုမိုတင်ပို့နိုင်ခဲ့ပြီး လယ်ယာထွက်ကုန်ပစ္စည်းအနေနဲ့ အဓိကထားတင်ပို့တဲ့ ဆန်၊ ကောက်ညှင်းဆန်၊ နာနတ်သီး၊ ပြောင်း၊ ရော်ဘာ၊ ဖရဲသီးတို့ကိုလည်း ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

## သွင်းကုန်တင်သွင်းမှု

ပင်လယ်ရေကြောင်း ကုန်သွယ်မှုဖြင့် သွင်းကုန် တင်သွင်းရာတွင် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်အထိ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၇၄၁၅ဒသမ ၆၆၃ သန်း၊ နယ်စပ်ကုန်သွယ်မှုဖြင့် သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၆၉၁ဒသမ ၅၈၅ သန်း တင်သွင်းခဲ့ရာ သွင်းကုန်တန်ဖိုး စုစုပေါင်း အမေရိကန်ဒေါ်လာ ၉၁၀၇ ဒသမ ၂၄၈ သန်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ယခင်နှစ်ကာလတူဖြစ်တဲ့ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာ ၁၁ ရက်အထိ ပင်လယ်ရေကြောင်းမှ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၈၀၅၀ ဒသမ ၁၁၀ သန်း တင်သွင်းနိုင်ခဲ့ပြီး နယ်စပ်ကုန်သွယ်မှုဖြင့် သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၅၄၇ဒသမ ၅၈၂ သန်း တင်သွင်းနိုင်ခဲ့ရာ ယခင်နှစ် ကာလတူက သွင်းကုန် စုစုပေါင်း ၉၅၉၇ ဒသမ ၉၆၂ သန်း ဆောင်ရွက်နိုင်ခဲ့တာကို တွေ့ရပါတယ်။

သွင်းကုန်တင်သွင်းမှုအနေနဲ့ ယခု ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ရက်နဲ့ ယခင်နှစ် ကာလတူကို နှိုင်းယှဉ်လေ့လာပါက သွင်းကုန် တန်ဖိုး စုစုပေါင်း အမေရိကန်ဒေါ်လာ ၄၉၀ ဒသမ ၄၄၄ သန်း လျော့နည်း တင်သွင်းခဲ့ပါတယ်။ စက်နှင့် စက်ပစ္စည်းများ၊ သံနှင့်သံမဏိ ဆောက်လုပ်ရေးပစ္စည်းများ၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးနဲ့ တပ်ဆင်ပစ္စည်းများ တင်သွင်းမှု လျော့နည်းခဲ့တာ တွေ့ရပါတယ်။

## ပို့ကုန်၊ သွင်းကုန်များ ပိုမိုတိုးတက်ရေး

မြန်မာနိုင်ငံရဲ့ ပို့ကုန်သွင်းကုန်ကဏ္ဍဟာ တရားမဝင် တင်သွင်းတင်ပို့မှုများ ကြောင့် တစ်နေ့တခြား လျော့ကျလာတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။ တရားမဝင် ပို့ကုန်သွင်းကုန်များ လျော့ကျစေဖို့အတွက် ကုန်ပစ္စည်းစစ်ဆေးရေး ဌာနများ၊ ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိသူဝန်ထမ်းများက ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

ပို့ကုန်သွင်းကုန်များ တိုးတက်မှသာ နိုင်ငံတော် အခွန်ဘဏ္ဍာများ တိုးတက်ရရှိမှာ ဖြစ်ပါတယ်။

ပို့ကုန်သွင်းကုန်များ တိုးတက်စေဖို့အတွက် ကုန်သွယ်မှု လျာထားချက်များကို နှစ်စဉ်ရေးဆွဲပြီး လုပ်ဆောင်ကြရပါတယ်။ အဲဒီလို လုပ်ဆောင်ကြရာမှာ မြေပြင်မှာဖြစ်ပေါ်နေတဲ့ ကိန်းဂဏန်း တန်ဖိုးကို အခြေခံပြီး ရေးဆွဲကြမှသာ မှန်ကန်တိကျတဲ့ ကုန်သွယ်မှု လျာထားချက်ကို ရရှိမှာ ဖြစ်ပါတယ်။ ဒါမှသာ လျာထားချက်အတိုင်း အကောင်အထည်ဖော်နိုင်မှုရှိမရှိဆိုတာကို သိရှိနိုင်မှာ ဖြစ် ပါတယ်။

တရားမဝင် တင်ပို့တင်သွင်းမှုများ လျော့နည်းပပျောက်ဖို့အတွက် ပြည်နယ်/တိုင်းဒေသကြီး အသီးသီးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာဌာနအသီးသီး မှ တာဝန်ရှိသူများ ပူးပေါင်းပြီး တားဆီးကြရမှာ ဖြစ်ပါတယ်။ တရားမဝင် ကုန်သွယ်မှုကြောင့် နိုင်ငံတော် ရဲ့သယံဇာတ အရင်းအမြစ်တွေ ဆုံးရှုံးသလို နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာ ရရှိမှုလည်း ဆုံးရှုံးရတဲ့အတွက် တရားမဝင်ကုန်သွယ်မှု ပပျောက်ရေးကို ထိထိရောက်ရောက် လုပ်ဆောင်သင့်လှပါတယ်။

## ဖွံ့ဖြိုးတိုးတက်ဖို့ လိုနေပြီဖြစ်တဲ့ ကုန်သွယ်ရေးစခန်းများနဲ့ ကုန်သွယ်ရေးဇုန်များ

ကုန်သွယ်မှု လျင်မြန် တိုးတက်စေဖို့အတွက် မြန်မာနိုင်ငံ အတွင်းမှာရှိတဲ့ ကုန်သွယ်ရေးစခန်းများနဲ့ ကုန်သွယ်ရေးဇုန်များကို ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ပေးဖို့ လိုအပ်လှပါတယ်။

မြန်မာနိုင်ငံအတွင်းမှာ နယ်စပ်ကုန်သွယ်ရေးစခန်းနဲ့ ကုန်သွယ်ရေး ဇုန်ပေါင်း ၁၅ ခု ရှိပါတယ်။

ပို့ကုန်ပိုင်းမှာ နယ်စပ်ကုန်သွယ်မှု ကဏ္ဍအားလုံးရဲ့ ၁၈ ရာခိုင် နှုန်းကျော် ကုန်သွယ်မှု ပြုပေးနိုင်တဲ့ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေး ဇုန်သို့ သွားရောက်ရာ ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပေါ်စေရေးအတွက် လမ်းပိုင်းတိုးချဲ့ခြင်း များကို ဆောင်ရွက်လျက် ရှိပါတယ်။ ဒ့ါအပြင် နယ်မြေအေးချမ်း လုံခြုံမှုရှိစေရေး အတွက်ကိုလည်း တပ်မတော်နဲ့ ဒေသခံပြည်သူတွေ၊ OSS အဖွဲ့ဝင်ဝန်ထမ်းတွေ ပူးပေါင်းပြီး လုပ်ဆောင်လျက်ရှိတဲ့အတွက် တစ်လနီးပါးခန့် ကုန်သွယ်မှု အားနည်းခဲ့တဲ့ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ဟာ ယခုဒီဇင်ဘာလအတွင်းမှာ ကုန်သွယ်မှုတွေ ပြန်လည်ပြုလုပ်လာနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း မြန်မာနိုင်ငံရဲ့ ကုန်သွယ်ရေး စခန်းနဲ့ ကုန်သွယ်ရေးဇုန်တွေဟာ အိမ်နီးချင်းနိုင်ငံတွေကို ပြည်တွင်းက ကုန်ပစ္စည်းတွေ တင်ပို့နိုင်ဖို့ ခရီးတစ်ထောက်နားတဲ့ စခန်းတစ်ခုအသွင်သာ ရှိနေခဲ့ပါတယ်။

တစ်ဖက်နိုင်ငံက ကုန်သွယ်ရေး စခန်းတွေကတော့ မြန်မာနိုင်ငံက ကုန်ပစ္စည်းတွေကို စနစ်တကျသိုလှောင်ပြီး တစ်ဆင့် ပြန်လည် ရောင်းချနိုင်တဲ့ ကုန်ရောင်းဝယ်ရေး စခန်းကြီးတစ်ခုအသွင် ဖြစ်နေတာကို သတိပြုမိပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံမှာရှိတဲ့ ကုန်သွယ်ရေးစခန်းတွေ၊ ကုန်သွယ်ရေးဇုန်တွေကို အဆင့်မြှင့်တင်နိုင်ဖို့ လိုအပ်နေပြီ ဖြစ်ပါတယ်။ ကုန်သွယ်ရေးဇုန်တွေ၊ ကုန်သွယ်ရေးစခန်းတွေမှာ အဆင့်မြင့်သိုလှောင်ရုံတွေ၊ ကုန်ပစ္စည်း တင်ချလုပ်နိုင်တဲ့နေရာတွေ၊ အအေးခန်းစက်ရုံ၊ အအေးခန်းကုန်သေတ္တာတွေထားရှိနိုင်ဖို့၊ ကုန်ပစ္စည်းများ လေလွင့်ဆုံးရှုံးမှု မဖြစ်စေဖို့ (First In, First Out) စနစ်ကို ကျင့်သုံးနိုင်ဖို့၊ သိုလှောင်နည်းစနစ်မှန်ကန်စေဖို့၊ သိုလှောင်ထိန်းသိမ်း နည်းစနစ်ကို ကျွမ်းကျင်စေဖို့ စတဲ့ မှန်ကန်တဲ့ လုပ်ငန်းရပ်တွေကို လုပ်ဆောင်ပေးရမှာ ဖြစ်ပါတယ်။

ဒ့ါအပြင် ကုန်သွယ်ရေးဇုန်နဲ့ ကုန်သွယ်ရေးစခန်းများကိုလည်း ပြည်ပက ကုန်သည်တွေ လာရောက်ဝယ်ယူနိုင်တဲ့ ကုန်သွယ်ရေး ဇုန်/ စခန်းဖြစ်အောင် အဘက်ဘက်က လိုအပ်ချက်များကို ပြုပြင်ကြရမှာ ဖြစ်ပါတယ်။

## ကုန်သွယ်မှုများအပေါ် ဖြေလျော့

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ကုန်သွယ်မှု လွယ်ကူလျင်မြန်ချောမွေ့စေရေးအတွက် ဖြေလျော့ပေးမှု များကို ဆောင်ရွက်ပေးလျက် ရှိပါတယ်။ အဲဒီလိုဆောင်ရွက်ပေးလျက်ရှိရာမှာ H.S Code လိုင်းပေါင်း ငါးထောင်ကျော်ကိုလည်း လိုင်စင် လျှောက်ထားဖို့မလိုတဲ့ ကုန်စည်များအဖြစ် သတ်မှတ်ပေးခဲ့ပါတယ်။

ဒ့ါအပြင် လိုင်စင်လျှောက်ထားရာမှာ ကြန့်ကြာမှု မရှိစေရေးအတွက် အွန်လိုင်းမှတစ်ဆင့် လျှောက်ထားနိုင်ရန် အတွက်ကိုလည်း ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ပို့ကုန်ကျဆင်းမှုကို အထောက်အကူဖြစ်စေရေးအတွက် တစ်ဖက်နိုင်ငံရဲ့ လိုအပ်ချက်နဲ့အညီ သကြားအပါအဝင် ကုန်ပစ္စည်းအမယ်ကိုးမျိုးကိုလည်း Re-export စနစ်နဲ့ ကုန်သွယ်မှု ပြုစေခဲ့ ပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ ပို့ကုန်သွင်းကုန်များ တိုးတက်စေရေး၊ နိုင်ငံတော်အခွန်ဘဏ္ဍာ တိုးတက် ရရှိစေရေးအတွက် ဘက်ပေါင်းစုံမှ ဖြေလျော့ပေးမှုများကို ပြုလုပ်ပေးလျက်ရှိပေမယ့် တရားမဝင် ကုန်သွယ်မှုဟာ တစ်နေ့တခြား ပိုမိုမြင့်တက်လာတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

## တရားမဝင်ကုန်သွယ်မှုမှ ဖမ်းဆီးရမိမှု အခြေအနေ

တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး လုပ်ငန်းများကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလအထိ ဆောင်ရွက်ခဲ့စဉ် ဖမ်းဆီးရမိခဲ့တဲ့ ကုန်ပစ္စည်းများအနက် ထူးခြားတဲ့ ကုန်ပစ္စည်းများကို လေ့လာရာတွင် ကျောက်စိမ်း ၆၇၅၄၇ ကီလို၊ အင်ကြင်းကျောက်

*စာမျက်နှာ (၂၄) သို့*

မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# အာရှ၏ ငွေရေးကြေးရေးစင်တာအဖြစ် ထင်ရှားခဲ့သော ဟောင်ကောင်၏ အခန်းကဏ္ဍမှာ မကြာမီ ပျောက်ကွယ်တော့မည်ဖြစ်ကြောင်း စီးပွားရေးပညာရှင်အချို့သုံးသပ်

အာရှ၏ငွေရေးကြေးရေးစင်တာအဖြစ် ထင်ရှားခဲ့သော ဟောင်ကောင်၏ အခန်းကဏ္ဍမှာ ပျောက်ကွယ်တော့မည်ဖြစ်ကြောင်း ဟောင်ကောင်နှင့် တရုတ်ပြည်မကြီးရှိ စီးပွားရေးလုပ်ငန်းများ၏ အမှုဆောင်အရာရှိ အများစုက သုံးသပ်ခဲ့သည်။ အချို့က စင်ကာပူအား အကြီးဆုံးပြိုင်ဖက်အဖြစ် ရှုမြင်သကဲ့သို့ အချို့က ရှန်ဟိုင်းကို ဒေသတွင်း ထိပ်တန်းငွေရေးကြေးရေး စင်တာတစ်ခုဖြစ်လာနိုင်ကြောင်းနှင့် ဟောင်ကောင်မှာ နောင်လာမည့် ခြောက်နှစ်မှ ဆယ်နှစ်အတွင်း ပျောက်ကွယ် ဆုံးရှုံးတော့မည်ဖြစ်ကြောင်း သုံးသပ်ခဲ့သည်။

အထူးသဖြင့် စင်ကာပူသည် ဒေသတွင်း ထိပ်တန်းအဆင့်ဖြစ်စေနိုင်မည့် အုပ်ချုပ်မှုနှင့်အဖွဲ့အစည်းများအား ပိုင်ဆိုင်ထားကြောင်း London Business School စီးပွားရေးဌာန၏ ပါမောက္ခ Linda Yueh မှ ပြောကြားခဲ့သည်။ အချို့ စီးပွားရေးပညာရှင်များက ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းမှာ ဟောင်ကောင်၏ ယှဉ်ပြိုင်နိုင်စွမ်း အကောင်းဆုံးလုပ်ငန်း ဖြစ်ကြောင်း၊ သို့သော်လည်း ဟောင်ကောင်၏ ငွေရေးကြေးရေးလုပ်ငန်းတွင် ယှဉ်ပြိုင်နိုင်စွမ်းနှင့် အခြားအရှိန်မြင့် ဖြစ်ထွန်းလျက်ရှိသော လုပ်ငန်းနယ်ပယ်များရှိ နည်းပညာကဏ္ဍတွင်များစွာ နောက်ကျကျန်နေသည့်အတွက် စိုးရိမ်ကြောင်း ပြောကြားခဲ့သည်။

ဘဏ္ဍာရေးလုပ်ငန်းနှင့် တည်ထောင်စလုပ်ငန်းများအား ထောက်ပံ့ပေးနိုင်သည့် ငွေရေးကြေးရေးဆိုင်ရာ အခြေခံ အဆောက်အအုံများတွင် များစွာရင်းနှီးမြှုပ်နှံမှုကြောင့် ဟောင်ကောင်၏ယှဉ်ပြိုင်မှု စွမ်းရည်မြင့်တက်စေနိုင်ပြီး အခြေချနေထိုင်ရန် ရွေးချယ်ရာမြို့အဖြစ် စည်းမျဉ်းစည်းကမ်းများ ခိုင်မာမှုစသည့်အချက်များမှာ ဟောင်ကောင်၏ အားသာချက်များဖြစ်ကြောင်း Yueh က ပြောကြားခဲ့သည်။ တရုတ် ပြည်မကြီးမှ လုပ်ငန်းများအနေဖြင့် ၎င်းတို့၏ကနဦး ရှယ်ယာများ ရောင်းချရာနေရာအဖြစ် စင်ကာပူနှင့်နှိုင်းယှဉ်လျှင် ဟောင်ကောင်အား သေချာပေါက် ရွေးချယ်မည်ဖြစ်ကြောင်း နိုင်ငံခြားရင်း နှီးမြှုပ်နှံသူများက ဈေးကွက်သစ်ရှာဖွေရန်နှင့် တရုတ်ပြည်မကြီးဈေးကွက်အတွင်း ဝင်ရောက်ရန်အတွက် ဟောင်ကောင်ကိုသာ ရွေးချယ် ရင်းနှီးမြှုပ်နှံကြမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် နွေရာသီတွင် တရုတ်၏ စတော့ဈေးကွက် ကမောက်ကမ ဖြစ်ခဲ့ရာ offshore လုပ်ငန်းများအတွက် ဟောင်ကောင်ပေါ်တွင်သာ အားထားအမှီပြုနေရကြောင်း Yueh က သုံးသပ်ပြောကြားခဲ့သည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

## ထိုင်းအစိုးရ၏ ဦးစားပေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာ

ထိုင်းအစိုးရ၏ ဦးစားပေးကဏ္ဍများသို့ အဆိုပြုတင်ပြသည့် ရင်းနှီးမြှုပ်နှံမှု ပမာဏသည် ယခုနှစ်၏ပထမဆယ်လအတွင်း ဘတ် ၄၀၀ ဘီလီယံသို့ ရောက်ရှိခဲ့ပါသည်။ ယင်းပမာဏသည် ယခုနှစ်အတွင်းရရှိရန် မျှော်မှန်းထားသည့် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ပမာဏ ဘတ် ဘီလီယံ ၅၅၀ ၏ ၇၀ ရာခိုင်နှုန်း ကျော်ရှိပါသည်။

ထိုင်းအစိုးရ၏ ဦးစားပေးလုပ်ငန်းဆယ်မျိုးမှာ (၁) Automotive and auto parts၊ (၂) Affluent, medical and wellness tourism၊ (၃) Agriculture and biotechnology၊ (၄) Food၊ (၅) Robotics for industry၊ (၆) Logistics and aviation၊(၇) Biofuels and biochemicals၊ (၈) Digital၊ (၉) Medical Services၊ (၁၀) Smart electronics တို့ဖြစ်ပါသည်။ ယင်းကဏ္ဍများတွင် အဆင့်မြင့်နည်းပညာများ လိုအပ်လျက်ရှိပြီး သုတေသနနှင့် ဖွံ့ဖြိုး ရေး (R & D) လုပ်ငန်းများကိုလည်း အစိုးရက ပံ့ပိုးပေးမည်ဖြစ်သည်။ ထို့အပြင် အစိုးရ၏ အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများတွင် လိုအပ်သော အဆင့်မြင့်နည်းပညာကဏ္ဍ၌ ရေရှည်ရင်းနှီးမြှုပ်နှံမှုများလည်း အထူးလိုအပ်ကြောင်း ဖော်ပြထားပါသည်။

အစိုးရ၏ ဦးစားပေးကဏ္ဍများ တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဖိတ်ခေါ်ရန်အတွက် လေကြောင်း ပို့ဆောင်ရေးကဏ္ဍတွင် နိုင်ငံခြားသားပိုင်ဆိုင်မှုကို ယခုအခါ ၅၁ ရာခိုင်နှုန်း ကျော် ပိုင်ဆိုင်နိုင်သည့် အခွင့်အရေးများ ပေးထားပြီးဖြစ်ပါသည်။ ထို့နောက် စက်ရုပ်နည်းပညာကဏ္ဍပိုမိုဖွံ့ဖြိုးလာစေရန်အတွက် စက်ရုံ ၅၀ ခန့်သည် စက်ရုပ်နည်းပညာကို အသုံးပြုရန် Thai-Germany Institute နှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိပြီး နောက်ထပ် စက်ရုံ ၁၃၀ ခန့်သည်လည်း နောက်ဆုံး ပေါ် စက်ရုပ်နည်းပညာများကို အသုံးပြု ရန် စိတ်ဝင်စားလျက်ရှိပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ရင်းနှီးငွေစီးထွက်မှုထိန်းချုပ်ရန်အတွက် နိုင်ငံပြင်ပသို့ ငွေလွှဲပို့မှုများအား တရုတ်အစိုးရ ကန့်သတ်

ယွမ်တန်ဖိုးတက်လာစေရန် ဆောင်ရွက်သည်ထက် ယွမ်တန်ဖိုးကျဆင်းမှု အရှိန်လျော့နည်းစေရေး ရည်ရွယ်ချက်ဖြင့် တရုတ်အစိုးရက ဆောင်ရွက်လျက်ရှိရာ ရင်းနှီးငွေစီးထွက်မှုအပေါ် ကန့်သတ်တားမြစ်သည့်အနေဖြင့် တရုတ်ပြည်မကြီးရှိ ကုမ္ပဏီများ၏ နိုင်ငံပြင်ပသို့ ငွေလွှဲပို့မှုအား ဗဟိုဘဏ်က ကန့်သတ်ခဲ့သည်။ ငွေရေးကြေးရေး လုပ်ငန်းမဟုတ်သည့် ကုမ္ပဏီများအနေဖြင့် နိုင်ငံခြားကုမ္ပဏီများသို့ ငွေထုတ်ချေးရာတွင် ပိုင်ဆိုင်မှု၏ ၃၀ ရာခိုင်နှုန်း အထိသာ ထုတ်ချေးရန်ဖြစ်သည်။ ယခုကန့်သတ်ချက်မှာ လတ်တလောချမှတ်ခဲ့သော အခြားကန့်သတ်ချက်များနှင့်အတူ ယွမ်ငွေကြေးတန်ဖိုး စီစဉ်တကျပြန်လည်ကောင်းမွန်လာစေရန်နှင့် ဈေးကွက်တည်ငြိမ်မှု ရှိလာစေရန် အတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း လေ့လာသူများက ပြောကြားခဲ့သည်။

ယွမ်ငွေကြေးတန်ဖိုးမှာ ယမန်နှစ်ထက် ခုနစ်ရာခိုင်နှုန်းနှင့် ယခုနှစ် အောက်တိုဘာလ နောက်ပိုင်းတွင် လေး ရာခိုင်နှုန်းခန့်ကျဆင်းခဲ့ပြီး၊ ပြီးခဲ့သည့်သီတင်းပတ်တွင် ယွမ်ငွေကြေး ကျဆင်းမှုအရှိန် ပိုမိုမြင့်တက်ခဲ့သည်။ နိုဝင်ဘာ ၂၃ ရက်က အမေရိကန် တစ်ဒေါ်လာလျှင် offshore ယွမ်မှာ ၆ ဒသမ ၉၅၆၈ အထိရောက်ရှိခဲ့ပြီး သုည ဒသမ ၆ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ onshore ယွမ်မှာ ၆ ဒသမ ၉၂၇ အထိရှိခဲ့သည်။

သို့သော်လည်း ယွမ်ငွေကြေးမှာ အမေရိကန်ဒေါ်လာနှင့် လဲလှယ်ရာ၌ ဂျပန်ယန်းနှင့် ယူရိုတို့ဖြင့်ယှဉ်လျှင် ပိုမိုတည်ငြိမ်အားကောင်းသေးကြောင်း ဗဟိုဘဏ်၏ ဒုတိယအုပ်ချုပ်ရေးမှူးက ပြောကြားခဲ့သည်။ နိုဝင်ဘာလတွင် ဗဟိုဘဏ်မှ ကူးသန်းရောင်းဝယ်ရေး ဘဏ်များအား Double-Network payment cards ထုတ်ဝေခြင်းအား ရပ်ဆိုင်းရန် တောင်းဆိုခဲ့သည်။

နိုင်ငံခြားငွေလဲလှယ်ရေး ဥပဒေရေးဆွဲသူများက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အစီရင်ခံစာတွင် ဖော်ပြရမည့် အနိမ့်ဆုံး ရင်းနှီးငွေအဆင့်အား ယခင်အဆင့်မှ ဆယ်ပုံတစ်ပုံအထိ လျှော့ချခဲ့သည်။ ယခင်က အမေရိကန်ဒေါ်လာသန်း ၅၀ ထက်ပိုသော နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများသာ အစီရင်ခံစာတင်ပြရန် လိုအပ်ပြီး ပြင်ဆင်ချက်အသစ်တွင် အမေရိကန်ဒေါ်လာ ငါးသန်းမှစ၍ အစီရင်ခံစာတင်ပြရန် သတ်မှတ်ခဲ့သည်။ ယခုကဲ့သို့ အစီအမံများ ပြုလုပ်သော်လည်း ဈေးကွက်အတွင်း၌ ယွမ်တန်ဖိုး ဆက်လက်ကျဆင်းနေဦးမည်ဟုခန့်မှန်းထားကြောင်း သိရှိရပါသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

## ထိုင်းနိုင်ငံတွင် ကျွမ်းကျင်လုပ်သား ပိုမိုမွေးထုတ်မည်

ထိုင်းနိုင်ငံအနေဖြင့် လာမည့်နှစ်အနည်းငယ်အတွင်း ကျွမ်းကျင်လုပ်သားရှားပါးမှုကို ကာကွယ်ရန်အတွက် ကျွမ်းကျင်လုပ်သားများ ပိုမိုမွေးထုတ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါ သည်။

ထိုင်းနိုင်ငံရှိ စုစုပေါင်းလုပ်သားအင်အား၏ ၆၀ ရာခိုင်နှုန်းသည် ကျွမ်းကျင်မှုမရှိသော အခြေခံလုပ်သားများဖြစ်ကြပြီး အဆင့်မြင့်စက်မှုလက်မှုလုပ်ငန်းများအတွက် ကျွမ်းကျင်လုပ်သားများ အထူးလိုအပ်လျက်ရှိကြောင်း ဈေးကွက်အသီးသီးမှ လိုအပ်သောကျွမ်းကျင်လုပ်သား အရည်အချင်းနှင့်အရေအတွက်ကိုဖြည့်ဆည်းနိုင်ရန်အတွက် ထိုင်းစက်မှုအဖွဲ့အစည်းနှင့် အစိုးရဌာနများက ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ထိုင်းအစိုးရသည် တိုင်းပြည်၏ အဆင့်မြင့်စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးတကြီး လိုအပ်သော ကျွမ်းကျင်လုပ်သားများ လေ့ကျင့်ပေးရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အရေးများ ပေးရမည်ဖြစ်ပြီး ကျွမ်းကျင်လုပ်သားလိုအပ်ချက်ကို ၂၀၂၅ ခုနှစ်တွင် လုံးဝဖြည့်ဆည်းပေးရန် မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# CLMV နိုင်ငံများသို့ ထိုင်းထုတ်ကုန်များ ပိုမိုတင်ပို့မည်

ထိုင်းနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်ကြသော ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်စသည့် CLMV နိုင်ငံများသည် တိုင်းပြည်စီးပွားရေးတိုးတက်မှု နှင့်အတူ ထိုင်းထုတ်ကုန်များအပေါ် ဝယ်လိုအားမြင့်တက်လျက်ရှိရာ ယင်းနိုင်ငံများသို့ ပိုမိုတင်ပို့မည်ဖြစ်ကြောင်း ဗန်ကောက်ပို့စ်တွင် ဖော်ပြထားပါသည်။

ထိုင်းနိုင်ငံသည် ပြည်ပပို့ကုန်စုစုပေါင်း၏ ၂၃ ရာခိုင်နှုန်းကို အာဆီယံနိုင်ငံများသို့ တင်ပို့လျက်ရှိရာ CLMV နိုင်ငံများသို့ တင်ပို့မှုသည် အာဆီယံနိုင်ငံများသို့ တင်ပို့မှု စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းခန့်ရှိပါသည်။ ယခုနှစ် အတွင်း ထိုင်းနိုင်ငံသည် ဥရောပ၊ အမေရိကန်နှင့်ဂျပန်နိုင်ငံများသို့ တင်ပို့မှုကျဆင်းချိန်တွင် CLMV နိုင်ငံများသို့ ပိုမို တင်ပို့နိုင်ရန် အလေးထားဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ ယခုနှစ်၏ ပထမကိုးလအတွင်း CLMV သို့ တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၇ သန်း ရရှိခဲ့ပြီး ၄ ဒသမ ၄၅ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂၆–၁၂–၂၀၁၆)

မြင့်ဆွေ

## ရွှေဘိုဈေးကွက်မှာ နှမ်းနက်ဈေးကျ စီပီပြောင်း ဈေးကွက်ဝင်

ယခင်တစ်ပတ်က နှမ်းနက်တစ်ပိဿာ ၃၂၄၃ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာကို ကျပ် ၂၉၁၀ (တစ်တန် ၁၇၈၂၀၅၅ ကျပ်) အထိဈေးကျခဲ့ပါတယ်။ နှမ်းဖြူကို ယခုတစ်ပတ်အတွင်း တစ်ပိဿာကျပ် ၁၈၁၀ (တစ်တန် ၁၁၀၈၄၂၆ ကျပ်)နဲ့ ဈေးဖွင့်ပြီး အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ နှမ်းနက်ကို မန္တလေးဈေးကွက်တင်ပို့သူများက ဝယ်ယူခဲ့ပြီး နှမ်းဖြူကို နှမ်းလှော်ဖိုများက အဓိကဝယ်ယူခဲ့ပါတယ်။ ယခုတစ်ပတ်ထွက်ရှိတဲ့ မြေပဲလုံးဆန်အဖြူကို ဝယ်လက်များက တစ်ပိဿာ ၂၂၄၅ ကျပ်(တစ်တန် ၁၃၇၄၈၁၆ ကျပ်) ဈေးပေးခဲ့သော်လည်း ရောင်းသူများက ကျပ် ၄၀ ခန့် ဈေးပိုတင်ခဲ့သဖြင့် အရောင်းအဝယ်အနည်းငယ်သာဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ဈေးကွက်ဝင်လာတဲ့ ပဲတီစိမ်းအသစ်တစ်ပိဿာကို ၁၃၆၉ ကျပ်(တစ်တန် ၈၃၈၃၆၂ ကျပ်) နဲ့မန္တလေးကုန်သည်များက ဈေးကွက်ဖွင့်ခဲ့တာကြောင့် တစ်ပတ်အတွင်း အိတ် ၂၀၀ နီးပါး အရောင်းအဝယ်ဖြစ်ခဲ့ကာ စီပီပြောင်း အစာစပ်စက်ရုံများက အဓိကဝယ်ယူခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## ဟသ်ာတဈေးကွက်မှာ ပဲတီစိမ်းအသစ်ဝင်ပြီး အဝယ်လိုက်

ယခုတစ်ပတ် ဟသ်ာတဈေးကွက်မှာ ပဲတီစိမ်းအသစ်တစ်ပိဿာကို ကျပ် ၁၂၇၀ (တစ်တန် ၇၇၇၇၃၅ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပစ္စည်းအဝင်နည်းတာကြောင့် ရန်ကုန်ဝယ်လက်များက ယခုတစ်ပတ်အတွင်း တစ်နေ့ချင်းဈေးပိုပေးခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ပဲလွန်းဖြူတစ်ပိဿာကို ကျပ် ၁၃၂၀ (တစ်တန် ၈၀၈၃၅၅ ကျပ်) နဲ့ဈေးဖွင့်ခဲ့သဖြင့် ယခင်တစ်ပတ်ရောင်းဈေးထက် ကျပ် ၂၅၀ ဈေးပိုခဲ့ပါတယ်။ ယခုတစ်ပတ်ဈေးကွက်ထဲသို့ ပဲလွန်းနီအသစ်တစ်ပိဿာ ၁၄၅၅ ကျပ် (တစ်တန် ၈၉၁၀၂၇ ကျပ်)နဲ့ဈေးကွက်ဝင်လာပြီး နေ့စဉ် အိတ် ၁၀၀ ကျော်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ မတ်ပဲဈေးကွက်မှာ ရန်ကုန်ဝယ်လက်က တစ်ပိဿာ ၁၈၁၅ ကျပ် (တစ်တန် ၁၁၁၁၄၈၈ ကျပ်)ဈေးနဲ့ နေ့စဉ်အိတ် ၁၀၀၀ ကျော် ဝယ်ယူခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## လားရှိုးပြောင်းဈေးငြိမ်

ယခုတစ်ပတ်လားရှိုးပြောင်းဈေးကွက်မှာ ယခင်တစ်ပတ်က ရောင်းဈေးအတိုင်း တစ်ပိဿာကျပ် ၃၀၀ (တစ်တန် ၁၈၃၇၁၇ ကျပ်)နဲ့ တစ်ပတ်အတွင်း ပိဿာချိန် ၁၇၉၀၀၀၀ ကျော်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ကြားရက်များမှာ ရောင်းချသူများက တစ်ပိဿာ ၁၀ကျပ်တင်ပြီးကျပ် ၃၁၀နဲ့ ရောင်းချခဲ့သော်လည်း အရောင်းအဝယ်အနည်းငယ်သာဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ် ကုန်တန်ဆာခမှာ လားရှိုးမှ မူဆယ်(၁၀၅)မိုင်သို့ တစ်ပိဿာ၇၅ကျပ်၊ သီပေါမှ မူဆယ်(၁၀၅)မိုင်သို့ ၈၅ ကျပ်၊ နောင်ချိုမှ မူဆယ်(၁၀၅)မိုင်သို့ ကျပ် ၉၀ ဈေးအသီးသီးရခဲ့တယ်လို့ ကုန်တင်ကားဂိတ်များမှ စုံစမ်းသိရှိရပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ ပြောင်းဈေးကျ

ယခုတစ်ပတ် မူဆယ်ပြောင်းဈေးက ၅၀ ကီလိုတစ်အိတ်ကို ၆၇ ယွမ်မှ ၇၃ ယွမ်(တစ်တန် ၁၃၄၀ ယွမ်မှ ၁၄၀၀ ယွမ်)ကြားပစ္စည်းပေါ်မူတည်ပြီး အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၅၀ ကီလိုတစ်အိတ်ကို ၆၉ ယွမ်မှ ၇၄ ယွမ်ကြား ဝယ်လက်များ ဈေးဖွင့်ခဲ့တာကြောင့် ယခုတစ်ပတ်အတွင်း ဈေးအနည်းငယ်ကျခဲ့တာ တွေ့ရပါတယ်။ ယခုတစ်ပတ်အတွင်း တစ်ဖက်နိုင်ငံသို့ တန်ချိန် ၃၀၀၀၀ ကျော် တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## တောင်ကြီးမှာ ပြောင်းဈေးငြိမ်ပြီးရောင်းအားပို

တောင်ကြီးပြောင်းဈေးက ယခင်တစ်ပတ်ရောင်းဈေးအတိုင်း တစ်ပိဿာကို ကျပ် ၂၉၀ (တစ်တန် ၁၇၇၅၉၃ ကျပ်)နဲ့ ဆက်ရောင်းခဲ့ပါတယ်။ ယခင်တစ်ပတ်ထက် ပိဿာချိန် ၉၀၀၀၀ ကျော်ပိုပြီး ပိဿာချိန် ၃၉၀၀၀၀ ကျော် ရောင်းချခဲ့ရပါတယ်။ ဈေးကွက်မှပြောင်းများကို အစာစပ်လုပ်ငန်းများက အဓိကဝယ်ယူခဲ့ပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲဈေးတက်

ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာကို ကျပ် ၁၇၅၀ ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ၁၈၃၃ ကျပ်(တစ်တန် ၁၁၂၂၅၁၁ ကျပ်) နဲ့ နေ့စဉ်အိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ်ဈေးကွက်ထဲသို့ မတ်ပဲအသစ် တစ်ပိဿာ ၁၅၈၃ ကျပ်(တစ်တန် ၉၆၉၄၁၃ ကျပ်)နဲ့ ဝင်လာပြီး ရန်ကုန်ဝယ်လက်များက ဝယ်ယူခဲ့ပါတယ်။ ပဲတီစိမ်းကယခင်တစ်ပတ်ရောင်းဈေးအတိုင်း တစ်ပိဿာ ၁၅၆၄ ကျပ်(တစ်တန် ၉၅၇၇၇၈ ကျပ်) နဲ့ နေ့စဉ်အိတ် ၉၀၀ မှ အိတ် ၁၀၀၀ ကြားအရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲခွဲစက်ပိုင်ရှင်များက ကုလားပဲ(ဖြူလုံးကြီး) တစ်ပိဿာကို ကျပ် ၂၆၂၀ (တစ်တန် ၁၆၀၄၄၆၂ ကျပ်)ဈေးဖွင့်ပြီး ဝယ်ယူခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း ပစ္စည်းအဝင်နည်းတာကြောင့် ပဲစင်းငုံနီ တစ်ပိဿာကိုကျပ် ၁၃၀၀ (တစ်တန် ၇၉၆၁၀၇ ကျပ်) ဈေးဖွင့်ထားသော်လည်း အနည်းငယ်သာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း ထောပတ်ပဲ(အသစ်) တစ်ပိဿာကို ၁၄၅၈ ကျပ်(တစ်တန် ၈၉၂၈၆၅ ကျပ်)၊ ပဲလွန်းပြာတစ်ပိဿာကိုကျပ် ၁၃၈၀ (တစ်တန် ၈၄၅၀၉၈ ကျပ်)ဈေးအသီးသီးပေးပြီး လက်လီကုန်သည်များက ဝယ်ယူခဲ့ပါတယ်။

××××××××××××××××

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲဈေးတက်

ယခုတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲကတက်ဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ (FAQ) တစ်တန်ကို ၁၀၇၅၀၀၀ ကျပ်မှ ယခုတစ်ပတ်မှာ ၁၁၈၀၀၀၀ ကျပ်၊ မတ်ပဲ (FAQ) တစ်တန်ကို ယခင်တစ်ပတ်က ၁၁၅၅၀၀၀ ကျပ်မှ ယခုတစ်ပတ်မှာ ၁၂၅၄၀၀၀ ကျပ်နဲ့ အသီးသီးတက်ဈေးရပြီး ရောင်းချခဲ့ရပါတယ်။ ပဲစင်းငုံနီက ယခင်တစ်ပတ်က တစ်တန်ကို ၈၈၀၀၀၀ ကျပ်မှ ယခုတစ်ပတ်မှာ ၈၅၀၀၀၀ ကျပ်အထိ ဈေးကျခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## ရေစကြိုဈေးကွက်မှာ ပဲဇီးကွက်တက်ဈေးရ၊ ပဲပုပ်ဈေးကွက်ဝင်

ရေစကြိုဈေးကွက်မှာ ယခုတစ်ပတ်အတွင်း တစ်ပိဿာကို ၂၅ ကျပ်ဈေးတက်ပြီး ကျပ် ၁၀၀၀ (တစ်တန် ၆၁၂၃၉၀ ကျပ်) နဲ့ ဒေသတွင်း ကုန်သည်များက တစ်ဆင့်ပြန်ရောင်းဖို့ ဝယ်ယူခဲ့ပါတယ်။ ယခင်တစ်ပတ်က ထောပတ်ပဲတစ်ပိဿာကိုကျပ် ၇၁၀ ဈေးပေါက်ခဲ့သော်လည်း ယခုတစ်ပတ်မှာ ဝယ်လက်များ အဝယ်နည်းသဖြင့် တစ်ပိဿာကို ၆၈၅ ကျပ် (တစ်တန် ၄၁၉၄၈၇ ကျပ်) အထိ ဈေးကျခဲ့ပါတယ်။ ယခုတစ်ပတ်ဈေးကွက်ထဲသို့ ပဲပုပ်တစ်ပိဿာကျပ် ၁၀၃၀ (တစ်တန် ၆၃၀၇၆၂ ကျပ်)နဲ့ ဈေးဖွင့်ပြီး ဒေသခံကုန်သည်များက ဝယ်ယူခဲ့ပါတယ်။ မတ်ပဲအသစ် တစ်ပိဿာကို ကျပ် ၁၆၀၀ (တစ်တန် ၉၇၉၈၂၄ ကျပ်)နဲ့ မန္တလေးကုန်သည်များက ဈေးဖွင့်ဝယ်ယူခဲ့တယ်လို့ သိရပါတယ်။

## ပခုက္ကူဈေးကွက်မှာ စီပီပြောင်းနဲ့ ပဲယင်းဈေးကွက်ဝင်

ယခုတစ်ပတ် ပခုက္ကူဈေးကွက်မှာ စီပီပြောင်းသစ်တစ်ပိဿာကို ကျပ် ၃၀၀(တစ်တန် ၁၈၃၇၁၇ ကျပ်)၊ ပဲယင်းတစ်ပိဿာကို ၇၂၅ ကျပ်(တစ်တန် ၄၄၃၉၈၃ ကျပ်)နဲ့ ဈေးကွက်ဝင်လာခဲ့ပါတယ်။ စီပီပြောင်းကို အစာစပ်စက်ရုံတွေက ဝယ်ခဲ့သလို ပဲယင်းကိုတစ်ဆင့်ပြန်ရောင်းမယ့် လက်လီကုန်သည်များက ဝယ်ယူခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာကျပ် ၂၈၄၀ ဈေးရခဲ့တဲ့ ကုလားပဲဝါက ယခုတစ်ပတ်မှာ ၂၆၈၅ ကျပ် (တစ်တန် ၁၆၄၄၂၆၇ ကျပ်)အထိ ဈေးကျခဲ့ပြီး ပဲခွဲစက်ပိုင်ရှင်များက နေ့စဉ်အိတ် ၅၀ ကျော် ဝယ်ယူခဲ့ပါတယ်။ ပဲစင်းငုံနီ ဈေးကွက်မှာ ယခင်တစ်ပတ်ဈေးထက် တစ်ပိဿာ ငါးကျပ်ဈေး ကျပြီး ၁၃၇၅ ကျပ်(တစ်တန် ၈၄၂၀၃၆ ကျပ်)နဲ့ တစ်ပတ်အတွင်း အိတ် ၈၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ နှမ်းနက်နဲ့သိပ္ပံနှမ်းဈေးကျ

ယခုတစ်ပတ်အောင်လံဈေးကွက်မှာ နှမ်းနက်နဲ့သိပ္ပံနှမ်းတို့ဈေးကျခဲ့ပြီး နှမ်းနီကတော့ ယခင်တစ်ပတ်ဈေးအတိုင်း ဆက်လက်ရောင်းချခဲ့ပါတယ်။ ယခင်တစ်ပတ်က နှမ်းနက်တစ်ပိဿာကို ၂၇၃၅ ကျပ်မှ ယခုတစ်ပတ်မှာ ၂၅၅၅ ကျပ်(တစ်တန် ၁၅၆၄၆၅၆ ကျပ်)နဲ့ သိပ္ပံနှမ်းတစ်ပိဿာကို ယခင်တစ်ပတ်က ၃၂၂၅ ကျပ်ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ၂၉၅၅ ကျပ်(တစ်တန် ၁၈၀၉၆၁၂ ကျပ်)အထိ ဈေးကျခဲ့ပြီး မန္တလေးကုန်သည်များက တစ်ပတ်အတွင်းအိတ် ၂၀၀၀ ကျော်ဝယ်ယူခဲ့ပါတယ်။ နှမ်းနီက ယခင်တစ်ပတ်ဈေးအတိုင်း တစ်ပိဿာကို ၁၈၂၅ ကျပ်(တစ်တန် ၁၁၁၇၆၁၂ ကျပ်) ဈေးဖွင့်ပြီး ဆီစက်ပိုင်ရှင်များက ဝယ်ယူခဲ့ပါတယ်။ ပဲစင်းငုံနီက ဈေးအပြောင်းအလဲမရှိဘဲ တစ်ပိဿာကျပ် ၁၃၅၀ (တစ်တန် ၈၂၆၇၂၇ ကျပ်)နဲ့ မြို့ခံကုန်သည်များက တစ်ပတ်အတွင်းအိတ် ၁၀၀၀ ကျော် ဝယ်ယူခဲ့ပါတယ်။ ပဲတီစိမ်းဈေးက ယခင်တစ်ပတ်ထက် တစ်ပိဿာကျပ် ၅၀ ဈေးကျပြီး ကျပ် ၁၄၅၀ (တစ်တန် ၈၈၇၉၆၆ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ မြေပဲဆီဆန် M12 က ယခင်တစ်ပတ်ထက်တစ်ပိဿာ ၁၀ ကျပ်ဈေးပိုပြီး ၁၇၂၅ ကျပ်(တစ်တန် ၁၀၅၆၃၇၃ ကျပ်) နဲ့ ဆီစက်ပိုင်ရှင်များက ဝယ်ယူခဲ့ပြီး ယခုတစ်ပတ်ဈေးကွက်ထဲကို ပဲကြီးတစ်ပိဿာကျပ် ၁၂၅၀ (တစ်တန် ၇၆၅၄၈၈ ကျပ်)နဲ့ စတင်ဈေးဖွင့်ရောင်းချခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ မတ်ပဲဈေးတက်

ယခုတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲ ဈေးမြင့်လာတာကြောင့် မကွေးမှဝယ်လက်များက မတ်ပဲ တစ်ပိဿာကို ယခင်တစ်ပတ်ထက် ကျပ် ၁၄၀ပိုပြီး ကျပ် ၁၈၀၀ (တစ်တန် ၁၁၀၂၃၀၂ ကျပ်)နဲ့ ဈေးဖွင့်ဝယ်ပြီး ရန်ကုန်သို့ပို့ခဲ့ပါ တယ်။ ပဲတီစိမ်းက ယခင်တစ်ပတ်ဈေးထက် တစ်ပိဿာကျပ် ၃၀ ဈေးကျပြီး ကျပ် ၁၂၁၀ (တစ်တန် ၇၄၀၉၉၂ ကျပ်)ဈေးဖွင့်ပြီး မန္တလေးတင်ပို့သူများက ဝယ်ယူခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီတစ်ပိဿာကိုကျပ် ၁၄၀၀ မှ ယခုတစ်ပတ်မှာ ၁၃၈၇ ကျပ် (တစ်တန် ၈၄၉၃၈၅ ကျပ်)ဈေးကျခဲ့ပြီး ရန်ကုန်ဝယ်လက် များက ဝယ်ယူခဲ့ပါတယ်။ ယခုတစ်ပတ်ဈေးကွက်အတွင်း ကုလားပဲ(ဝါကြီး) တစ်ပိဿာ ကျပ် ၂၅၈၀(တစ်တန် ၁၅၇၉၉၆၆ ကျပ်)၊ ပဲနောက်တစ်ပိဿာ ၁၁၀၅ ကျပ်(တစ်တန် ၆၇၆၆၉၁ ကျပ်)၊ မြေပဲလုံးဆန်အနီတစ်ပိဿာကျပ် ၂၄၀၀ (တစ်တန် ၁၄၆၉၇၃၆ ကျပ်)ဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ ယခု တစ်ပတ်နှမ်းနီဈေးကွက်မှာ ယခင်တစ်ပတ်ထက် တစ်ပိဿာ ၄၅ ကျပ်ပိုပြီး ၂၁၄၅ ကျပ်(တစ်တန် ၁၂၅၂၃၈ ကျပ်)နဲ့ တက် ဈေးရခဲ့ပါတယ်။ နှမ်းဖြူကယခင်တစ်ပတ်ဈေးအတိုင်း တစ်ပိဿာကို ၂၁၃၅ ကျပ်(တစ်တန် ၁၃၀၇၄၅၃ ကျပ်)နဲ့ ဆက် လက်ရောင်းချခဲ့ပြီး အရောင်းအဝယ်အနည်းငယ်သာဖြစ်ခဲ့ပါ တယ်။ ယခုတစ်ပတ် ဈေးကွက်ထဲဝင်လာတဲ့ နှမ်းနက်က အရည်အသွေးညံ့တာကြောင့် တစ်ပိဿာ ၃၅ ကျပ်ဈေးကျခဲ့ပြီး ၂၅၅၅ ကျပ်(တစ်တန် ၁၅၆၄၆၅၆ ကျပ်) ဈေးနဲ့ ရောင်းချခဲ့တယ်လို့ သိရပါတယ်။

# အပြည်ပြည်ဆိုင်ရာ ရော်ဘာအသင်း၏ အသိအမှတ်ပြု လက်မှတ်ရရှိရေးအတွက် CTQM ရှိ ရော်ဘာဓာတ်ခွဲခန်းအား မလေးရှားရော်ဘာဘုတ်အဖွဲ့ ကစစ်ဆေး

မြန်မာ့သဘာဝရော်ဘာ ပို့ကုန်များကို အရည်အသွေးမြှင့်တင် ထုတ်လုပ်နိုင်ရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် စားသုံးသူရေးရာ ဦးစီးဌာနနှင့် MRPPA တို့ ပူးပေါင်း၍ မြန်မာ့သဘာဝရော်ဘာ အရည်အသွေး စမ်းသပ် စစ်ဆေးရေးဓါတ်ခွဲခန်းကို ၂၀၁၄ ခုနှစ်တွင် လှည်းကူးမြို့ရှိ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့်အရည်အသွေး စီမံခန့်ခွဲမှုဌာနတွင် တည်ထောင်ခဲ့ပါသည်။ အဆိုပါ ဓာတ်ခွဲခန်းအား International Rubber Association (IRA) မှ အသိအမှတ်ပြုလက်မှတ် ရရှိရေး၊ အရည်အသွေး စမ်းသပ်စစ်ဆေးရေး၊ MSR Logo တံဆိပ်ထုတ်ပေးရေးနှင့် စစ်ဆေးချက်လက်မှတ်ရရှိရေးအတွက် စီစဉ်ဆောင်ရွက်ခဲ့ရာ IRA Audit Team မှ တာဝန်ပေးအပ်သည့် Malaysia Rubber Board (MRB) မှ ပညာရှင်များက ဒီဇင်ဘာလ ၈ ရက်မှ ၉ ရက်အထိလာရောက်၍ ISO/IEC 17025 နည်းစဉ်များနှင့်အညီ ဆောင်ရွက်ထားရှိမှုများကို ကိုက်ညီမှု ရှိ၊ မရှိ စစ်ဆေးခဲ့ပြီး လိုအပ်ချက်များကိုလည်း ၂၀၁၇ ခုနှစ်အတွင်း အပြီးအစီး ဆောင်ရွက်သွားရန် ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

ယင်းဓာတ်ခွဲခန်း တည်ထောင်ရာ၌ ဂျပန်နိုင်ငံ Ministry of Economy Trade and Industry (METI) ၏ ပံ့ပိုးကူညီမှုဖြင့် (HIDA) ကနည်းပညာရှင်များမှ ဓာတ်ခွဲခန်းဝန်ထမ်းများအား သင်တန်းပေးခြင်း၊ လိုအပ်သော ဓာတ်ခွဲခန်းသုံး စက်ကိရိယာများ ပံ့ပိုးလှူဒါန်းခြင်းများ ကူညီပံ့ပိုးခဲ့ပါသည်။ ယခုအခါ လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်ရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဓာတ်ခွဲခန်းစီမံခန့်ခွဲမှု ကော်မတီအား စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ကို ဥက္ကဋ္ဌအဖြစ် တာဝန်ပေး၍ ဌာနအရာရှိများနှင့် MRPPA အသင်းမှ တာဝန်ရှိသူများဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ၎င်းကြီးကြပ်ရေးကော်မတီမှ ဓာတ်ခွဲခန်းအား IRA အသိအမှတ်ပြု လက်မှတ်ရရှိရေး၊ အရည်အသွေးစမ်းသပ်စစ်ဆေးရေး၊ MSR Logo တံဆိပ်ထုတ်ပေးရေးနှင့် စစ်ဆေးချက် လက်မှတ်ထုတ်ပေးနိုင်ရေးတို့ကို ဆောင်ရွက်နိုင်ရန်အတွက် ယခုကဲ့သို့ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

မြန်မာ့သဘာဝရော်ဘာ အရည်အသွေး စမ်းသပ်စစ်ဆေးရေး ဓာတ်ခွဲခန်းမှ နိုင်ငံတကာအဆင့်မီ ရော်ဘာအရည်အသွေးများကို စမ်းသပ်စစ်ဆေး၍ စစ်ဆေးချက်လက်မှတ် ထုတ်ပေးနိုင်ပါက မြန်မာ့ရော်ဘာပို့ကုန်များသည် စံချိန်/စံညွှန်းနှင့်အညီ ဈေးကွက် နေရာရရှိလာနိုင်တော့မည်ဖြစ်ရာ စိုက်ပျိုးထုတ်လုပ်သူများ၊ တင်ပို့ရောင်းချသူများပါ အကျိုးစီးပွားဖြစ်ထွန်းလာနိုင်မည်ဖြစ်ပြီး ပို့ကုန်ကဏ္ဍဖွံ့ဖြိုး တိုးတက်၍ နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကိုပါ များစွာ အထောက်အကူဖြစ်လာနိုင်မည်ဖြစ်ကြောင်း သိရပါသည်။



နိုင်ငံတော်၏ ပို့ကုန်ကဏ္ဍသည် များစွာအရေးကြီးသည်ဖြစ်၍ ပြောင်းလဲလာသည့် ခေတ်နှင့်အညီ ထုတ်လုပ်သည့် ကုန်ပစ္စည်းသည်လည်း ဈေးကွက်ဝင်ဆံ့ရန်အရေးကြီးပါသည်။ မြန်မာနိုင်ငံအနေဖြင့် ပို့ကုန်ပစ္စည်းများတွင် လယ်ယာထွက်ကုန်၊ ရေထွက်ကုန်၊ သစ်တောထွက်၊ ကျောက်မျက်၊ တိရစ္ဆာန်ထွက်နှင့် နှစ်ရှည်သီးနှံ စက်မှု ကုန်ကြမ်းတို့ကိုပါ တင်ပို့လျက်ရှိပါသည်။ ၎င်းနှစ်ရှည်သီးနှံများမှာ ရော်ဘာသည် အဓိကအရေးပါသည့် စက်မှုကုန်ကြမ်းသီးနှံဖြစ်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမျိုးသား ပို့ကုန်မဟာဗျူဟာတွင်လည်း အလားအလာရှိသော ပို့ကုန်ဖြစ်ပါသည်။ ယင်းကြောင့် မြန်မာ့ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု အဆင့်အတန်းမြင့်မားစေရေး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် အရည်အသွေး ကောင်းမွန်သော ရော်ဘာကို ထုတ်လုပ်တင်ပို့သွားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာ့ရော်ဘာများသည် အရည်အသွေးနိမ့်ကျလျက်ရှိပြီး အရည်အသွေး စစ်ဆေးရေးနှင့် အသိအမှတ်ပြု လက်မှတ်ထုတ်ပေးသည့် စနစ် (Certification System) မရှိ၍ ဈေးကွက်တွင် နိုင်ငံတကာရော်ဘာ ပေါက်ဈေးထက် များစွာ နိမ့်ကျလျက်ရှိပါသည်။ ထို့ကြောင့် မြန်မာ့သဘာဝရော်ဘာများ နိုင်ငံတကာအဆင့်မီ ထုတ်လုပ်နိုင်ရေးအတွက် မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများအသင်း (MRPPA) နှင့် ဂျပန်နိုင်ငံ Trade Oversea Human Resource and Industry Development Association (HIDA)တို့မှ MoU လက်မှတ်ရေးထိုးပြီး ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**လှစိုး** (CTQM)

# အမျိုးသားပို့ကုန် မဟာဗျူဟာ အကောင်အထည်ဖော်မှုကို အွန်လိုင်းစနစ်အသုံးပြု၍ စီမံခန့်ခွဲခြင်းဆိုင်ရာ သင်တန်းပို့ချ

'အမျိုးသားပို့ကုန် မဟာဗျူဟာ အကောင်အထည်ဖော်မှုကို အွန်လိုင်းစနစ်အသုံးပြု၍ စီမံခန့်ခွဲခြင်းဆိုင်ရာ သင်တန်း'ကို ဒီဇင်ဘာလ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် နေပြည်တော်၊ စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃) တိုးချဲ့ခန်းမတွင် ဖွင့်လှစ်ခဲ့ပါသည်။ အလားတူ သင်တန်းကို နိုဝင်ဘာလအတွင်းက NES Secretariat အဖွဲ့အား ပို့ချပေးခဲ့ပြီး ဖြစ်ပါသည်။ ထိုသို့ SIMT စနစ် အသုံးပြုခြင်းဆိုင်ရာ သင်တန်းပို့ချခြင်းကို နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာနမှConsultant က ဆောင်ရွက်ခဲ့ပါသည်။

အဆိုပါ သင်တန်းသို့ Aid for Trade Coordination Unit အဖွဲ့ဝင်တို့နှင့် အမျိုးသားပို့ကုန်မဟာဗျူဟာ၏ ကဏ္ဍ ၁၁ ခုရှိ လုပ်ငန်းအဖွဲ့ဝင်များ၏ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်၊ ကွန်ပျူတာပိုင်းဆိုင်ရာ ကျွမ်းကျင်သူများအပါအဝင် စုစုပေါင်း သင်တန်းသား ၃၀ ဦး တက်ရောက်ခဲ့ကြပါသည်။ အမျိုးသားပို့ကုန် မဟာဗျူဟာ အကောင်အထည်ဖော် စီမံခန့်ခွဲမှုတွင် လိုအပ်သည့် လုပ်ငန်းတာဝန်များကို ကူညီထောက်ပံ့ပေးနိုင်ရန် တက်ရောက်လာကြသည့် ကိုယ်စားလှယ် သင်တန်းသားများက လက်တွေ့လိုက်ပါလေ့ကျင့်ဆောင်ရွက်ခြင်းနှင့် မရှင်းလင်းသည်များကို ဆွေးနွေးမေး မြန်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါသည်။

ဤကဲ့သို့ အမျိုးသားပို့ကုန် မဟာဗျူဟာ အကောင်အထည်ဖော် စီမံခန့်ခွဲခြင်းလုပ်ငန်းစဉ်များအတွက် အွန်လိုင်းစနစ်အသုံးပြုပြီး ဆောင်ရွက်နိုင်သည့် Strategic Implementation Management Tool (SIMT) ကို တည်ထောင်ထားရှိပြီး လုပ်ငန်းများအား စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်စေရန် ကဏ္ဍအလိုက်လုပ်ငန်းအဖွဲ့ဝင်များ၏ ကိုယ်စားလှယ်၊ ကွန်ပျူတာပိုင်းဆိုင်ရာ ကျွမ်းကျင်သူများနှင့် Aid for Trade Coordination Unit အဖွဲ့ဝင်များကို ပို့ချပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါ SIMT စနစ်ကို အသုံးပြုခြင်းဖြင့် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်မှုစီမံကိန်းများ၏ အချက်အလက်များနှင့် အမျိုးသားပို့ကုန်မဟာဗျူဟာ အကောင်အထည်ဖော် စီမံခန့်ခွဲမှုဆိုင်ရာ တိုးတက်မှုအခြေအနေများကို လေ့လာစောင့်ကြည့်နိုင်ရေးတို့ကို အထောက်အကူဖြစ်စေမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏အမျိုးသားပို့ကုန် မဟာဗျူဟာကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးဆောင်ကာ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းကာ နိုင်ငံတကာ ကုန်သွယ်မှု ဗဟိုဌာန (ITC) ၏ နည်းပညာအကူအညီနှင့် ဦးစားပေးကဏ္ဍများ အကောင်အထည်ဖော်ခြင်းကို ဆောင်ရွက်လျက်ရှိပါသည်။

**မြတ်မြတ်စိုးမိုး (Myantrade)**

# အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုအခြေခံသင်တန်းအမှတ်စဉ် (၉) သင်တန်းဖွင့်လှစ်မည်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကကဏ္ဍရှိ စီးပွားရေးလုပ်ကိုင်သူများအား နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် သိသင့်သိထိုက်သည့် အသိပညာ၊ ဗဟုသုတများ ရရှိရန်နှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ပို့ကုန်လုပ်ငန်းရှင်သစ်များ၊ ကုန်သည် စီးပွားရေး လုပ်ငန်းရှင်သစ်များကို မွေးထုတ်ပေးနိုင်ရန် Trade Training Institute ကို ၂၀၁၂ ခုနှစ်၊ ဧပြီလမှ စတင်ဖွင့်လှစ်ကာ နိုင်ငံတကာ ကုန်သွယ်မှုနှင့် ပတ်သက်၍ စာတွေ့၊ လက်တွေ့များ ကျယ်ကျယ်ပြန့်ပြန့် သင်ကြားပို့ချပေးလျက် ရှိပါသည်။ ယခုအခါ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု အခြေခံသင်တန်း အမှတ်စဉ် (၉) ကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလတွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။

သင်တန်းတွင် ကုမ္ပဏီတစ်ခု တည်ထောင်သည်မှစ၍ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ပို့ကုန် သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြုလုပ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ နိုင်ငံတကာ ကုန်သွယ်မှု သီအိုရီနှင့် သဘောတရားများ၊ စီးပွားရေးဆိုင်ရာ ကျင့်ဝတ်များ၊ စံချိန်စံညွှန်းများ၊ ဈေးကွက်သုတေသန၊ နိုင်ငံတကာ ကုန်သွယ်မှုဆိုင်ရာ မူဝါဒများ အစရှိသည့် ဘာသာရပ်များကို စီးပွားရေး ပညာရှင်များ၊ ကုန်သွယ်မှုနှင့် ဆက်စပ်သည့် ဝန်ကြီးဌာန အသီးသီးမှ ကျွမ်းကျင်သူများနှင့် နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များက ပို့ချဆွေးနွေးမည် ဖြစ်ပါသည်။ စီးပွားရေးဆိုင်ရာ ဟောပြောပွဲများ ကျင်းပပေးခြင်း၊ လေ့လာရေး ခရီးစဉ်များ စီစဉ်ပေးခြင်းတို့ သင်တန်းတွင် ပါဝင်မည် ဖြစ်ပါသည်။

သင်တန်းကို အမှတ် (၂၂၈-၂၄၀) ကမ်းနားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန (ရန်ကုန် တိုင်း ဒေသကြီးရုံး) စတုတ္ထထပ်ရှိ သင်တန်းခန်းမတွင် ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်လျှင် သုံးရက် (တနင်္လာ၊ ဗုဒ္ဓဟူး၊သောကြာ) (နံနက် ၀၉:၃၀ နာရီမှ ၁၂:၃၀ နာရီထိ) ဖြင့် သုံးလခွဲ ကြာမြင့်မည် ဖြစ်ပါသည်။

သင်တန်းသား လက်ခံခြင်းကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ဒုတိယပတ်မှ စတင်လက်ခံပြီး၊ သင်တန်းဖွင့်လှစ်မည့် ရက်ကို ထပ်မံအကြောင်းကြား ပေးမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။ **ကုန်သွယ်မှုသင်တန်းကျောင်း (ရန်ကုန်)**

## အင်ကြင်းကျောက် ပိုမိုတင်ပို့

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တစ်ဆင့် တရုတ်နိုင်ငံသို့ ဒီဇင်ဘာ ၁၀ ရက်မှ ၁၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၀၄၈ သန်း တန်ဖိုးရှိ အင်ကြင်းကျောက် ၁၄ တန်ခွဲ တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၈တန်သာ တင်ပို့ခဲ့လို့ ယခုတစ်ပတ် အင်ကြင်းကျောက် ခြောက်တန်ခွဲ ပိုမိုတင်ပို့ နိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံတွင် အင်ကြင်းကျောက်များကို အထက်အညာ ဒေသများမှ တူးဖော်လေ့ရှိပြီး အဓိကထွက်ရှိတဲ့ ဒေသများမှာ နွားထိုးကြီးမြို့နယ်၊ မလှိုင်မြို့နယ် အစရှိတဲ့ ဒေသများမှ စီးပွားဖြစ်ထုတ်ယူရောင်းချလျက် ရှိကြောင်း၊ အင်ကြင်း ကျောက်များကို ကီလိုဈေးဖြင့် ရောင်းချရပြီး တစ်ကီလိုလျှင် တရုတ်ငွေ ယွမ် ၂၀ နီးပါးအထိ ဈေးအမျိုးမျိုး ရှိကြောင်း နွားထိုးကြီးမြို့နယ် အတွင်းမှ အင်ကြင်းကျောက် တူးဖော်သူတစ်ဦးက ပြောပါတယ်။

နွားထိုးကြီးမြို့နယ်ရှိ ချောင်းငါးချောင်းမှ ထွက်ရှိတဲ့ အင်ကြင်းကျောက်မှာ အရည်အသွေးမီပြီး လူကြိုက်များတာကြောင့် ဈေးကောင်းရရှိတယ်လို့ သိရပါတယ်။ **မော်မော်အောင်**

## စစ်တွေကုန်သွယ်ရေးစခန်းမှ ငါးနီတူခြောက်နဲ့ ငါးစုံလေးခြောက်များ လျော့နည်းတင်ပို့

စစ်တွေကုန်သွယ်ရေး စခန်းအနေဖြင့် ဒီဇင်ဘာ ၁၀ ရက်မှ ၁၆ ရက်အထိ သီတင်းပတ်အတွင်း ရေချိုငါးတင်ပို့မှု မရှိပေမယ့်လည်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၁ သန်း တန်ဖိုးရှိ ငါးနီတူခြောက်လေးတန်နဲ့ ငါးစုံလေးခြောက် ခုနစ်တန်ကိုတင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က အမေရိကန်ဒေါ်လာ သုညဒသမ ၀၁၆ သန်း တန်ဖိုးရှိ ငါးနီတူခြောက်ကိုးတန်နဲ့ ငါးစုံလေးခြောက် ၁၃တန်ကို တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ သုညဒသမ ၀၀၅ သန်း လျော့နည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။

စစ်တွေကုန်သွယ်ရေးစခန်းမှ ငါးနီတူခြောက်နဲ့ ငါးစုံလေးခြောက်တို့အပြင် အမေရိကန်ဒေါ်လာ သုညဒသမ ၀၄၀သန်း တန်ဖိုးရှိ မန်ကျည်းစေ့၊ ဆီးယိုထုတ်၊ ဆီးဖတ်၊ ချင်း (အစို) နဲ့ နနွင်းတက်တို့ကို ၂၄၂ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ **ခင်မိုးသူ**

## ပရဆေးကုန်ကြမ်း လျော့နည်းတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိမူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တစ်ဆင့် တရုတ်နိုင်ငံသို့ ဒီဇင်ဘာ ၁၀ရက်မှ ၁၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ သုညဒသမ ၇၆၅ သန်း တန်ဖိုးရှိပရဆေးကုန်ကြမ်း အမယ် ၁၃ မျိုးကို တန်ချိန် လေးရာကျော် တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ ပရဆေးအမယ်များမှာ ကွမ်းသီးခွံ၊ ကွမ်းစားဂမုန်း၊ ဆီးဆန်၊ ဆီးသီးခြောက်၊ နနွင်းတက်၊ တောချင်း၊ တောဂျုံးမြစ်၊ မုတ်ခါး၊ မိချောင်းကွမ်းဖတ်စေ့၊ နေလဲစေ့၊ ကြောင်ပန်းစေ့နဲ့ ချဉ်ပေါင်ဖာလာ (အခွံ မပါ/ပါ) တို့ ဖြစ်ပါတယ်။ ယခင်တစ်ပတ်က တန်ချိန် ၇၅၀ခန့် တင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ် ပရဆေး တန်သုံးရာကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။

ဆီးဆန်ကို တရုတ်နိုင်ငံမှာ အိမ်သုံးဆေးနဲ့ နှလုံးရောဂါအတွက် ပဋိဇီဝဆေး ဖော်စပ်ရာမှာ ကုန်ကြမ်းအဖြစ်လည်းကောင်း၊ အခြားပရဆေး အမယ်တွေကိုတော့ တရုတ်တိုင်းရင်းဆေး ဖော်စပ်ရာမှာ လည်းကောင်း၊ သဘာဝဓာတ်မြေဩဇာ ထုတ်လုပ်ရာမှာ လည်းကောင်း၊ အင်ဂျင်ဝိုင် (စက်သုံးဆီ) အဖြစ်လည်းကောင်း၊ ဟင်းဖတ်အမွှေးအကြိုင် ဖော်စပ်ရာမှာ လည်းကောင်း လိုအပ်သလို အသုံးပြုကြတာလို့ သိရပါတယ်။

**မော်မော်အောင်**

# နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ရေထွက်ကုန်ပစ္စည်းတင်ပို့မှု ဆက်လက်ကျဆင်း

မြန်မာ-ထိုင်း နယ်စပ်ရှိ ကုန်သွယ်ရေး စခန်းများမှ ဒီဇင်ဘာ ၁၀ ရက်မှ ၁၆ ရက် အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ဒသမ ၄၈၇ သန်း တန်ဖိုးရှိ ရေထွက်ကုန် ၃၉၆၃ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ရေထွက်ကုန်တန်ချိန် ၄၀၈၅ တန်ခန့် တင်ပို့ ခဲ့တာမို့ ယခုတစ်ပတ်မှာ ၁၂၂ တန်ခန့် လျော့နည်းခဲ့တယ်လို့ သိရပါတယ်။

ကုန်သွယ်ရေးစခန်းအလိုက် တင်ပို့မှုကို ကြည့်ပါက မြဝတီ ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၁၃၈ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ ကဏန်း၊ ပုစွန် ၉၅ တန်၊ ကော့သောင်း ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃သန်းခန့် တန်ဖိုးရှိ ငါးမျိုးစုံ၊ ကင်းမွန်၊ ပုစွန်၊ ရေဘဝဲ၊ အခြားရေထွက် ၁၈၇၉ တန်နဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂ဒသမ ၀၄၉ သန်း တန်ဖိုးရှိ ငါးမုန့်၊ သဲကဏန်း၊ ငါးမျိုးစုံ၊ ပုစွန်၊ ကင်းမွန် ၁၉၈၈ တန်ခန့် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ မြိတ်ကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန် ပိုမိုတင်ပို့နိုင်သော်လည်း မြဝတီ ကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်း ကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်များ လျော့နည်းတင်ပို့ခဲ့တဲ့အတွက်ကြောင့် တင်ပို့မှုဆက်လက်ကျဆင်းနေတယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# တရုတ်နိုင်ငံသို့ သကြားတင်ပို့မှု လျော့နည်းခဲ့ပြီး ထိုင်းနိုင်ငံမှ သကြားတင်သွင်းမှု ပိုမို

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဒီဇင်ဘာ ၁၀ ရက်မှ ၁၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၁ဒသမ ၄၈၁ သန်း တန်ဖိုးရှိ သကြား ၃၈၃၂၈ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၅၄၁၉၉ တန်အထိ တင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ် တရုတ်နိုင်ငံသို့ သကြားတင်ပို့မှု တန်တစ်သောင်းခွဲခန့် လျော့နည်းခဲ့ပါတယ်။

မြန်မာ-ထိုင်း နယ်စပ်ရှိ မြဝတီ ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၇ဒသမ ၅၁၄ သန်း တန်ဖိုးရှိ Re-export သကြား ၁၃၂၅၇ တန်ကျော် တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က ၇၇၂၆ တန်သာ တင်သွင်းနိုင်ခဲ့လို့ ယခုတစ်ပတ် ထိုင်းနိုင်ငံမှာ သကြား ၅၅၃၁ တန် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ဒီဇင်ဘာ ၁၀ ရက်မှ ၁၆ ရက် သီတင်းပတ်မှာ သကြားတစ်တန်လျှင် ၁၁၀၄၀၀၀ ကျပ်ခန့်အထိ ဝယ်ယူရပြီး တစ်ဖက်နိုင်ငံမှာ ၅၀ ကီလိုတစ်အိတ်လျှင် ၂၇၅ ယွမ်မှ ၂၇၆ ယွမ်အထိ ဈေးရရှိကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

တရုတ်နိုင်ငံတွင် ၂၀၁၄ ခုနှစ်ကုန်မှ စတင်ပြီး သကြားစက်ရုံအများစုကို နည်းပညာအဆင့်မြင့် စက်ရုံများအဖြစ် အစားထိုး ပြောင်းလဲခဲ့ခြင်း၊ ရာသီဥတု ဖောက်ပြန်ပြီး ကြံအထွက်နည်းလာခြင်းတို့ကြောင့် သကြားထုတ်လုပ်မှု ကျဆင်းခဲ့ရသလို တရုတ်အစိုးရက သကြားကုန်ကြမ်း တင်သွင်းတာကို တင်းကျပ်မှုတွေ ရှိလာတာကြောင့် တရုတ်နိုင်ငံအနေနဲ့ ဝယ်လိုအား မြင့်တက်လာတာလို့ သိရပါတယ်။

**မော်မော်အောင်**

# ပြည်ပမှ ဆိုင်ကယ်မျိုးစုံ ပိုမိုတင်သွင်း

ဒီဇင်ဘာ ၁၀ရက်မှ ၁၆ရက်အထိ သီတင်းပတ်အတွင်း ကုန်သွယ်ရေး စခန်းများနဲ့ ကုန်သွယ်ရေး ဇုန်များမှ အမေရိကန် ဒေါ်လာ ၅ဒသမ ၉၅၄ သန်း တန်ဖိုးရှိ ဆိုင်ကယ်မျိုးစုံ ၁၄၁၉၃ စီးကို တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၉၆၇၈ စီး တင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၄၅၁၅ စီး ပိုမိုတင်သွင်းခဲ့တယ်လို့ ကုန်သွယ်ရေး စခန်းများမှ သိရပါတယ်။

တင်သွင်းမှု အခြေအနေကို ကြည့်ပါက မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၄ဒသမ ၃၄၆ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၁၃၁၆၇ စီး မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁ဒသမ ၅၈၉ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၁၀၀၉ စီးနဲ့ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၁၉ သန်း တန်ဖိုးရှိဆိုင်ကယ် ၁၇စီးကို တင်သွင်းခဲ့ပါတယ်။ တမူးကုန်သွယ်ရေးစခန်းမှ ဆိုင်ကယ်တင်သွင်းမှု လျော့ကျပေမယ့် မူဆယ်နဲ့ မြဝတီ ကုန်သွယ်ရေး ဇုန်များမှ ဆိုင်ကယ်များ ပိုမိုတင်သွင်းနိုင်ခဲ့တဲ့ အတွက်ကြောင့် ယခင်တစ်ပတ်ထက် ပိုမိုရခြင်း ဖြစ်တယ်လို့ သိရပါတယ်။ မူဆယ်ကုန်သွယ်ရေးဇုန်မှ ဆိုင်ကယ်အပြင် အမေရိကန်ဒေါ်လာ သုညဒသမ ၂၂၆ သန်း တန်ဖိုးရှိ သုံးဘီး ဆိုင်ကယ် ၂၁၅ စီးကို တင်သွင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# ထိုင်းနိုင်ငံထုတ် ဘိလပ်မြေများ တင်သွင်းမည်ဆိုပါက ကော့သောင်းနယ်စပ်မှ တင်သွင်းခြင်းသည် ပိုမိုအကျိုးဖြစ်ထွန်းနိုင်

ထိုင်းနိုင်ငံမှ ဘိလပ်မြေများအား မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းသည့် ကုန်သည်များအနေဖြင့် ကော့သောင်းနယ်စပ် စခန်းမှတစ်ဆင့် တင်သွင်းပါက ပိုမို အကျိုးအမြတ် ဖြစ်ထွန်းနိုင်ကြောင်း သိရသည်။

ထိုင်းနိုင်ငံမှ တင်သွင်းလျက် ရှိသည့် ဘိလပ်မြေ တံဆိပ်များမှာ ဆင်၊ စိန်၊ အင်စီး(စိန်)၊ တီပီအိုင်၊ တိုက်ဂါး၊ အီးဂဲလ်၊ အက်စ်စီဂျီ စသည်တို့ ဖြစ်ကြသည်။ ကော့သောင်းနယ်စပ် စခန်းမှ တစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ ဘိလပ်မြေများ တင်သွင်းရာတွင် သင်္ဘောတင်ခအနေဖြင့် ၅၀ ကီလို တစ်အိတ်လျှင် ကော့သောင်းမှ ထားဝယ်အထိ ကျပ် ၆၀၀၊ ကော့သောင်းမှ ရန်ကုန်အထိ ကျပ် ၇၀၀၊ ရခိုင်ပြည်နယ်အထိ ကျပ် ၁၀၀၀ ရှိကြောင်း သင်္ဘောကိုယ်စားလှယ်များထံမှ သိရသည်။

ကော့သောင်း နယ်စပ်စခန်းမှ ဘိလပ်မြေများကို တင်သွင်းရာတွင် MV သင်္ဘောများဖြင့် တင်ဆောင်လျက်ရှိကြပြီး အဆိုပါကမ်းရိုးတန်းသွား ရေယာဉ်များသည် တန်ချိန် ၁၀၀၀ မှ ၂၀၀၀ ကျော်အထိ သယ်ဆောင်နိုင်ကြကြောင်း၊ ကော့သောင်းမှ ရန်ကုန်အထိ ကြာချိန်မှာ ၁၀ ရက်ခန့်သာ ရှိကြောင်း၊ အခြားနယ်စပ် လမ်းကြောင်းများမှ မော်တော်ယာဉ်များဖြင့် တင်သွင်းသည်ထက် ကုန်ကျစရိတ် သက်သာမှုရှိကြောင်း၊ နိုင်ငံတကာ ဆိပ်ကမ်းများမှ တင်သွင်းခြင်းထက်လည်း ရေလမ်းကြောင်း တိုတောင်းခြင်း၊ ကုန်ကျစရိတ် သက်သာခြင်းတို့ကြောင့် အားသာချက်များ ရှိနေကြောင်း သိရှိရသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ကော့သောင်းနယ်စပ်မှ သွင်းကုန်တင်သွင်းမှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၈၆ဒသမ သုညသန်း ရှိခဲ့ရာတွင် ဘိလပ်မြေ တင်သွင်းမှု ပမာဏသည် အမေရိကန်ဒေါ်လာ ၃၇ ဒသမ ၃၇၅ သန်း၊ တန်ချိန် လေးသိန်း ခွဲကျော် ရှိခဲ့သဖြင့် သွင်းကုန်တင်သွင်းမှု ပမာဏရဲ့ ထက်ဝက်ခန့် ရှိခဲ့ကြောင်း တွေ့ရှိရပါသည်။ ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ (ဧပြီလမှ နိုဝင်ဘာလ ထိ) သွင်းကုန်တင်သွင်းမှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၃၇ဒသမ ၆၉၉ သန်း ရှိနေပြီး ဘိလပ်မြေ တင်သွင်းမှုမှာ အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၁၉၃ သန်း၊ တန်ချိန် နှစ်သိန်း လေးသောင်း ခန့်ရှိသဖြင့် သွင်းကုန်တန်ဖိုးရဲ့ ၆၀ ရာခိုင်နှုန်းကျော်ခန့်ရှိနေကြောင်း တွေ့ရှိရပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်(ဧပြီလမှ နိုဝင်ဘာလထိ) ကော့သောင်း နယ်စပ်မှ ဘိလပ်မြေ တင်သွင်းမှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၁၉၃ သန်း၊ တန်ချိန် နှစ်သိန်း လေးသောင်းအပေါ်တွင် အကောက် ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ ကြိုတင် ဝင်ငွေခွန် နှစ်ရာခိုင်နှုန်း စုစုပေါင်း ကျပ်သန်း ၂၀၀၀ ကျော်ခန့် ကောက်ခံ ရရှိထားကြောင်း သိရှိရပါတယ်။

**နေထက်မင်း**
**(ခေတ္တကော့သောင်း)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် Vietnam Expo 2016 ပြပွဲ၊ မြန်မာ့လက်မှုအနုပညာပြပွဲနှင့် ရေထွက်ကုန်ပစ္စည်းလုပ်ငန်းကဏ္ဍ ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက် နံနက် ၁၁း၀၀ နာရီအချိန်တွင် ရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိတပ်မတော်ခန်းမ၌ ကျင်းပလျက်ရှိသည့် Vietnam Expo 2016 ကုန်စည်ပြပွဲသို့ ဝန်ကြီးဌာနလက်အောက်ရှိဦးစီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် လှည့်လည်ကြည့်ရှုအားပေးခဲ့ပါ သည်။ အဆိုပါကုန်စည်ပြပွဲအား မြန်မာ-ဗီယက်နမ်နှစ်နိုင်ငံ ကုန်သွယ်မှု မြှင့်တင်ရန် ရည်ရွယ်လျက် နှစ်စဉ်ကျင်းပလျက်ရှိပြီး၊ ပြပွဲ၌ ဗီယက်နမ်နိုင်ငံထုတ် စားသောက်ကုန်၊ လူသုံးကုန်နှင့် လျှပ်စစ်ထုတ်ကုန်ပစ္စည်းများအား ပြခန်းပေါင်း ၁၁၁ ခန်းဖြင့် ပြသရောင်းချလျက်ရှိပြီး၊ ပြပွဲကာလမှာ ဒီဇင်ဘာ ၂၂ ရက်မှ ၂၅ရက်နေ့အထိ ပြသသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံ/စီးပွားဝန်ကြီး ဦးမြင့်သောင်း၊ ကုန်သည် စက်မှုအသင်းချုပ်ဥက္ကဌဦးဇော်မင်းဝင်း၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ မွန်းလွဲ ၁၃ နာရီတွင် UMFCCI ၌ ကျင်းပပြုလုပ်



သော မြန်မာ့လက်မှု အနုပညာပြပွဲသို့ ရောက်ရှိပြီး၊ ပြခန်းအတွင်းပြသထားရှိသော မြန်မာ့လက်မှုအနုပညာများဖြစ်သော ရွှေချည်ထိုး၊ ငွေချည်ထိုး၊ အဝတ်အထည်နှင့် အရုပ်များ၊ ပန်းပုလုပ်ငန်းနှင့် ပတ်သက်သော ရုပ်ထုများ ခင်းကျင်းပြသထားမှုအား လိုက်လံကြည့်ရှုအားပေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး၊ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များအား ဖြည့်ဆည်းညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် UMFCCI တတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော ရေထွက်ပစ္စည်းလုပ်ငန်းကဏ္ဍ ပြည်ပသို့တိုးမြှင့်တင်ပို့နိုင်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပပြုလုပ်ရာ ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးအထူး လုပ်ငန်းအဖွဲ့ဥက္ကဌ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်တက်ရောက် အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအနေနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် မူဝါဒ (၁၂) ချက်ကို ရေရှည်ကာလအတွက်ပါ စဉ်းစားဆောင်ရွက် ချမှတ်ထားပါကြောင်း၊ မြန်မာ့ငါးလုပ်ငန်းသည်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးခြင်း၊ စုပေါင်းပြည်တွင်းထုတ်လုပ်မှုကို အကျိုးပြုခြင်းနှင့် ပြည်ပပို့ကုန်အလားအလာကောင်းတစ်ခုဖြစ်ခြင်းတို့ကြောင့် အရေးပါသောကဏ္ဍတစ်ခု ဖြစ်ပါကြောင်း၊ ပြည်ပပို့ကုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားအဆင့် ပို့ကုန်မဟာဗျူဟာ ရေးဆွဲ၍ အကောင်အထည်ဖော်လျက်ရှိရာ လုပ်ငန်းကဏ္ဍအလိုက် အကောင်အထည် ဖော်နိုင်ရန်နှင့် ရေထွက်ကုန်ပစ္စည်းလုပ်ငန်းကဏ္ဍကိုလည်း ထည့်သွင်းဆောင်ရွက်လျက်ရှိကြောင်း၊ အမေရိကန်ပြည်ထောင်စုက GSP ပြန်လည်ခွင့်ပြုပေးလိုက်ပြီဖြစ်သည့်အတွက် အဆိုပါအကျိုးခံစားခွင့်အရ ပြည်ပရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ဖိတ်ခေါ်နိုင်ခြင်း၊ မိမိတို့ပို့ကုန်များအပေါ် အကောက်ခွန်လျှော့ပေါ့ကောက်ခံခြင်းကြောင့် ဈေးကွက်ပိုမိုရရှိစေနိုင်ခြင်း၊ ပိုမိုယှဉ်ပြိုင်နိုင်စွမ်းရှိစေခြင်း၊ ရင်းနှီးမြှုပ်နှံသူများထံမှ နည်းပညာအသစ်များ ရရှိခြင်းကြောင့် ကုန်ထုတ်လုပ်ရာတွင် ဈေးနှုန်းသက်သာစွာဖြင့် ထုတ်လုပ်နိုင်ခြင်း စသော အကျိုးကျေးဇူးများ ရရှိစေမှာဖြစ်ကြောင်း၊ ပုဂ္ဂလိကကဏ္ဍဆိုင်ရာ

*စာမျက်နှာ (၂၂)သို့*

# Vietnam Expo 2016 ဖွင့်ပွဲကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (Myantrade) UMFCCI နှင့် ဗီယက်နမ်နိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (VIETRADE) တို့၏ ပူးပေါင်းမှုဖြင့် ဗီယက်နမ်ကုန်စည်ပြပွဲ (Vietnam Expo 2016) ကို ရန်ကုန်မြို့ရှိ တပ်မတော်ခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားကို ဒီဇင်ဘာလ ၂၂ ရက်ကကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး၊ UMFCCI ဥက္ကဌ ဦးဇော်မင်းဝင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သံအမတ်ကြီး Madam Luan Thuy Duong၊ Vietrade မှ ညွှန်ကြားရေးမှူးချုပ် Mr.Bui Huy Son၊ စီးပွားရေးသံမှူး Ms Vo Ngoc နှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း ၂၅၀ ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အခမ်းအနားတွင် မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က ယခုကဲ့သို့ ကုန်စည်ပြပွဲများကို ကျင်းပခြင်းဖြင့် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု၏ အထိမ်းအမှတ် သာမက ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကိုပါ တိုးတက်စေမှာဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုကဏ္ဍများ၌ ကောင်းမွန်သော ဆက်ဆံရေးများရှိခဲ့ကြောင်း၊ ရလဒ်အနေဖြင့် ကုန်သွယ်မှုပမာဏသည် တစ်နှစ်ထက်တစ်နှစ် သိသာစွာတိုး တက်လျက်ရှိပါကြောင်း၊ အပြန်အလှန် အကျိုးအမြတ်ရရှိရန် ရင်းနှီးမြှုပ်နှံမှုများ သာမက လာမည့်နှစ်တွင် စုစုပေါင်း ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာသန်း ၅၀၀ သို့ရောက်ရှိရန် ရည်မှန်းထားပါကြောင်း၊ မကြာသေးမီ အချိန်က မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှု တိုးတက်ရန်အတွက် နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အပြန်အလှန် သွားရောက်ကြစေလိုကြောင်း၊ ဗီယက်နမ်နိုင်ငံတွင် ကျင်းပသည့် ကုန်စည်ပြပွဲများကိုလည်း ဖိတ်ကြားပေးစေလိုကြောင်း၊ Myantrade အနေဖြင့်လည်း Vietrade နှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် Vietrade ညွှန်ကြားရေးမှူးချုပ်က ယခုအခါတွင် နှစ်နိုင်ငံကုန်သွယ်မှုသည် သိသာထင်ရှားစွာ တိုးတက်လာပါကြောင်း၊ ပြပွဲ၌ကဏ္ဍမျိုးစုံ ဖြစ်သည့် ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းနှင့် မီးဖိုချောင်သုံးပစ္စည်းများ၊ ဆေးဝါးနှင့် စားသောက်ကုန်ပစ္စည်းများ၊ အလှကုန်နှင့် ပရိဘောဂပစ္စည်းများကို စုံလင်စွာ ပြသထားပါကြောင်း ကုန်သွယ်မှုသာမက ရင်းနှီးမြှုပ်နှံမှု ကဏ္ဍ၌လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ရှေ့ဆက်၍လည်း Myantrade နှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

Vietnam Expo 2016 ပြပွဲကို ပြခန်းပေါင်း ၁၁၁ ခန်း၊ လုပ်ငန်းရှင် ၆၅ ဦးခန့် ပါဝင်ပြသခဲ့ပြီး ဒီဇင်ဘာ ၂၂ မှ ၂၅ နေ့အထိ နံနက် ၉ နာရီခွဲမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသခဲ့ကြောင်း သတင်းရရှိပါသည်။

**MTC (Yangon)**

# စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး သင်တန်း ဖွင့်လှစ်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေး သင်တန်း (တတိယအကြိမ်) ကို ဒီဇင်ဘာလ ၁၉ ရက်က ကုန်သွယ်ရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၊ စတုတ္ထထပ် (သင်တန်းခန်းမ) တွင် ဖွင့်လှစ်ခဲ့ရာ သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်ချို တက်ရောက်အဖွင့်အမှာစကား ပြောကြားခဲ့ပါတယ်။

တိုင်းဒေသကြီးဦးစီးမှူးက အဖွင့်အမှာစကားပြောကြားရာတွင် ဝန်ထမ်းများအနေဖြင့် စားသုံးသူ ကာကွယ်ရေးလုပ်ငန်းများကို လက်တွေ့ကွင်းဆင်းဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ အာဆီယံနိုင်ငံများ၏ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို သိရှိစေရန်နှင့် ဆက်စပ်ဌာနများ၏ ဥပဒေပြဋ္ဌာန်းထားရှိမှုများ၊ လုပ်ထုံးလုပ်နည်းများ၊ စားသုံးသူကာကွယ်ရေးနှင့်ဆက်နွှယ်၍ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို သိရှိနားလည်စေရန် သက်ဆိုင်ရာ မိတ်ဖက်ဌာနတို့မှ တာဝန်ရှိသူများ၊ ကျွမ်းကျင်ပညာရှင်များက သင်တန်းတွင် လာရောက်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း၊ သင်ကြားပို့ချချက်များကို သေချာစွာလေ့လာမှတ်သားပြီး လက်တွေ့လုပ်ငန်းခွင်တွင် အကျိုးရှိစွာ ပြန်လည်အသုံးချသွားရန် လိုကြောင်း ပြောကြားခဲ့ပါသည်။

သင်တန်းပို့ချပေးသည့် ဘာသာရပ်များကို အသုံးပြု၍ သင်တန်းသားများအနေဖြင့် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲပုံစံဖြင့် လေ့ကျင့်ဟောပြော ဆွေးနွေးခြင်းများကို ပြုလုပ်ခဲ့ပါတယ်။

အဆိုပါသင်တန်းကို ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးတွင် ဒီဇင်ဘာလ ၁၉ ရက်မှ ၂၃ ရက်အထိ ဖွင့်လှစ်ပြီး ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၊ အရှေ့ပိုင်းခရိုင် ဦးစီးမှူးရုံး၊ အနောက်ပိုင်းခရိုင်ဦးစီးမှူးရုံး၊ တောင်ပိုင်းခရိုင်ဦးစီးမှူးရုံး၊ မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံးတို့မှ အရာထမ်း၊ အမှုထမ်းဝန်ထမ်းများ စုစုပေါင်း သင်တန်းသား/ သင်တန်းသူ ၃၀ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**တင်မမ(စားသုံးသူ)ရန်ကုန်**

Vol: 16, No.49 Monday December 26 2016

# w&m;r0ifukefoGfrsm;ukefvm;q;Difjzifh ukefoGflvrf;aMumif;rSefay:oYl a&mufEdkifa&;

# Bukd;jrifhukygpl

**နေသူအောင်**



ကုန်သွယ်မှုတိုးတက်ရရှိရေးသည် တရားမဝင်ကုန်သွယ်မှု လျော့နည်းမှသာ တိုးတက် ရရှိလာမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ကုန်သွယ်မှုကို လေ့လာ ကြည့်မယ်ဆိုရင် မြန်မာနိုင်ငံဟာ နယ်စပ်လမ်းကြောင်းတစ်လျှောက် ဝင်ထွက်ပေါက်တွေ များပြားလှတာကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုမှာ တရားဝင်ကူးသန်းရောင်းဝယ်တာထက် တရားမဝင် ကူးသန်းရောင်းဝယ်တာက ပိုမိုများပြားနေလိမ့်မယ်လို့လည်း ခန့်မှန်းမိပါတယ်။

လွတ်လပ်စွာ ကူးသန်းရောင်းဝယ်မှု ပြုခွင့်မရခင်ကတည်းက မှောင်ခိုလမ်းကြောင်းများ များစွာတည်ရှိနေတဲ့နိုင်ငံ တစ်နိုင်ငံလည်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံများနဲ့ ကုန်သွယ်မှုကို တရားဝင်ထုတ်ပြန်ထားတဲ့ ပမာဏထက် အမှန်တကယ်ကုန် သွယ်မှုပမာဏက ပိုမိုများပြားနေတယ် ဆိုတာကို တစ်ဖက်အိမ်နီးချင်းနိုင်ငံက ထုတ်ပြန်တဲ့ကုန်သွယ်မှုပမာဏကို ကြည့်ရင် သိနိုင်ပါတယ်။

အိမ်နီးချင်းနိုင်ငံတွေ အထူးသဖြင့် တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံတို့ဟာ မြန်မာနိုင်ငံရဲ့ နယ်စပ်ဒေသတွေနဲ့ တနံတလျား ရှည်လျားလှတဲ့ နယ်စပ်လမ်းကြောင်း တည်ရှိနေတာကြောင့် တရားမဝင်ကုန်သွယ်မှုတွေဟာ ခေတ်အဆက်ဆက် တည်ရှိနေခဲ့တာဖြစ်ပါတယ်။

ကုန်သွယ်မှုပမာဏ တိုးတက်ဖို့အတွက် တရားမဝင်ကုန်သွယ်မှုတွေကို လျှော့ချနိုင်ဖို့ ဆောင်ရွက်ရာမှာ မိုဘိုင်းအဖွဲ့ ဖွဲ့စည်းပြီး တားဆီးဆောင်ရွက်ခဲ့ပါတယ်။

အဲဒီလို မိုဘိုင်းအဖွဲ့ဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့ရာမှာ တရားမဝင်ကုန်စည် ကူးသန်းရောင်းဝယ်သူတွေဟာ သူတို့ ကျင်လည်ကျက်စားရာဒေသတွေဖြစ်တဲ့အတွက် မိုဘိုင်းအဖွဲ့မရောက်နိုင်၊ မရှိနိုင်တဲ့ လမ်းကြောင်း(သူတို့အခေါ် ရှောင်ကွင်းလမ်း)ကနေ ကုန်သွယ်မှုပြုကြပါတယ်။ ဒါကြောင့်လည်း ဦးသိန်းစိန်အစိုးရလက်ထက်မှာ အဖွဲ့စုံပါဝင်တဲ့မိုဘိုင်းအဖွဲ့ကို ဖွဲ့စည်းပြီး တရားမဝင်ကုန်သွယ်မှုကို တားဆီးခဲ့ပါတယ်။

မိုဘိုင်းအဖွဲ့ရှိစဉ်အခါက မူဆယ်-မန္တလေးကုန်သွယ်မှုလမ်းကြောင်း တစ် လျှောက်အဖွဲ့စုံအဖွဲ့နှစ်ဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိရာ ကုန်သွယ်ရေးဦးစီးဌာန၊ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တွင် ထုတ်နုတ်ဝန်ထမ်းအင်အားအပါအဝင် အဖွဲ့စုံ ပူးပေါင်းအင်အားဖြင့်လည်းကောင်း၊ လရ(၁) ပူးပေါင်းအဖွဲ့တစ်ဖွဲ့မှ နောင်ချိုတိုးဂိတ်တွင် အခြေပြုလျက်လည်းကောင်း တရားမဝင်ကုန်သွယ်မှု တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ ရာ အဆိုပါအဖွဲ့နှစ်ဖွဲ့ပေါင်းမှ တစ်လလျှင် ပျမ်းမျှ ကျပ်သိန်းပေါင်း ၁၀၀၀၀ ကျော် လစဉ် ဖမ်းဆီးရမိမှုရှိခဲ့ကြောင်း သိရှိရပါတယ်။ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန် ထုတ်နုတ်အင်အား မိုဘိုင်းအဖွဲ့က ဖမ်းဆီးရမိမှုမှာတစ်လလျှင် ကျပ်သိန်း ၅၀၀၀ကျော်၊ နောင်ချိုတိုး ဂိတ်အခြေပြု လရ(၁) မိုဘိုင်းအဖွဲ့က လစဉ်ကျပ်သိန်း ၅၀၀၀ ကျော် ပုံမှန် ဖမ်းဆီးရမိကြောင်း တွေ့ရှိရပါတယ်။



ဒါ့အပြင် ကွတ်ခိုင်မြို့မှာ ဖွင့်လှစ်ထားတဲ့ နွားဈေး(ငါးရက်တစ်ဈေး)ဟာ တစ်ဖက်နိုင်ငံသို့ ကျွဲ၊ နွားများ တရားမဝင် တင်ပို့ရောင်းချနိုင်ဖို့ တရားဝင် ဖွင့်လှစ်ထားသလို ဖြစ်နေခဲ့ပါတယ်။ ဝိသမလောဘသမား ကုန်သည်များဟာ နယ်မြေအေးချမ်းတည်ငြိမ်မှုမရှိ တာကို အကြောင်းပြုပြီး ရှောင်ကွင်း လမ်းများမှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ ကျွဲနွားတွေကို တရားမဝင်တင်ပို့လျက်ရှိပါတယ်။ အဲဒီဝိသမသမားကုန်သည်တွေဟာ သူတို့ရဲ့ ကုန်စည်တွေကို တစ်ဖက်နိုင်ငံကို တင်ပို့ခွင့်ရနိုင်ဖို့အတွက် တရားမဝင် လက်နက်ကိုင်အဖွဲ့အစည်းများထံ ဆက်ကြေးပေးပြီး တင်ပို့နေကြတာ ဖြစ်ပါတယ်။

ဒါ့အပြင် တရားမဝင်ကုန်သွယ်မှုကို အရသာတွေ့နေကြတဲ့ နယ်မြေဒေသခံအချို့နဲ့ ပူးပေါင်း ပြီး မော်တောင်းကျေးရွာကို အခြေပြု၍ ပန်ဆိုင်း၊ ကျိန်စန်းကျော့လမ်းကို အဓိကအသုံးပြုလျက် ကျွဲ၊ နွား၊ သစ်များနဲ့ လယ်ယာထွက်ကုန်ပစ္စည်းများကိုပင် ပို့ဆောင်ပေးလျက်ရှိသလို သွင်းကုန်ပစ္စည်းများကိုလည်း မူဆယ်မြို့မှ သယ်ဆောင်ပြီး မူဆယ်-ကျိန်စန်းကျော့ ကျောက်တိုင်လမ်းခွဲ တုန်ခန်ကျေးရွာထိပ်နားမှ ဝင်ရောက်ပြီး ကျိန်စန်းကျော့၊ ပန်ဆိုင်း၊ မော်တောင်းလမ်းကြောင်းအတိုင်း တရားမဝင်သွားလာလျက်ရှိတာကို တွေ့ရပါတယ်။

ဒါ့အပြင် အချို့သော လုပ်ငန်းရှင်များဟာ တစ်ပိုင်တစ်နိုင် ဆိုင်ကယ် ကယ်ရီများကို အသုံးပြုပြီး ကုန်စည်များကို သယ်ဆောင်ကာ မော်တောင်းရွာမှာ အခြေပြုစုပုံသိုလှောင်ပြီး ကားကြီးများနဲ့ သယ်ဆောင်လျက်ရှိတယ်လို့ သိရှိရပါတယ်။

နမ့်ဖတ်ကာ၊ နမ့်ခမ်း၊ မူဆယ်လမ်းမကြီးကလည်း တရားမဝင် အဓိကကုန်သွယ်မှုလမ်းကြောင်းအဖြစ် တည်ရှိနေပြီး မိုးရာသီတွင်ထော်လာဂျီ၊ ဒိုင်နာများသာ သွားလာလျက်ရှိသော်လည်း မိုးလွတ်ရာသီအချိန်များမှာ (၁၂)ဘီး ကားများပါ သွားလာလျက်ရှိတာကို တွေ့ရှိရပါတယ်။ အဲဒီလမ်းကြောင်းကနေ ပို့ကုန်ပစ္စည်းအဖြစ် သစ်မာများ၊ တမလန်းသစ်များ၊ ကျောက်စိမ်း၊ မီးသွေးနဲ့ ကချင်ပြည်နယ်ကထွက်ရှိတဲ့ သစ်တောထွက်ပစ္စည်းများကို နမ့်ခမ်းဘက်ရှိ မန်ဟီရိုးလှေဆိပ်မှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ တရားမဝင်တင်ပို့လျက်ရှိပါတယ်။ အဆိုပါ မန်ဟီရိုးလှေဆိပ်ဟာ မူဆယ်နဲ့တစ်ဖက်နိုင်ငံ အကြားမှာရှိတဲ့ အကြီးမားဆုံး လှေဆိပ်တစ်ခုလည်း ဖြစ်ပါတယ်။

မူဆယ်၊ နမ့်ခမ်း၊ နမ့်ဖတ်ကာ လမ်းကြောင်းပေါ်မှာရှိတဲ့ နမ့်ခမ်းမြို့တွင်း ဘယ်နေရာကမှ အဲဒီလမ်းကြောင်း ကနေ ဝင်လာတဲ့ တရားမဝင်ကုန်စည်တွေကို ထိန်းကျောင်းတားဆီးစစ်ဆေးနိုင်ခြင်းမရှိတဲ့တွက် မှောင်ခိုကုန်သွယ်သူတွေအတွက် တရားဝင်ဖွင့်လှစ်ပေးထားတဲ့ လမ်းကြောင်းတစ်ခုအဖြစ် တည်ရှိနေတာဖြစ်ပါတယ်။

ဒါ့အပြင် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ကို ရှောင်ကွင်းပြီး အဲဒီဇုန်အနီးမှာရှိတဲ့ မန်မော်ရွာမှတစ်ဆင့် အေးရှားဝေါလ်တိုးဂိတ်အလွန်က ရှောင်ကွင်းလမ်းဟာလည်း မိုဘိုင်းစစ်ဆေးရေး အဖွဲ့ရှိစဉ်က တရားမဝင် သွားလာနေမှု သတင်းကို စဉ်ဆက်မပြတ် ရယူခဲ့ပါတယ်။

အဲဒီလို တရားမဝင် သွားလာနေမှုများကို စဉ်ဆက်မပြတ်ရယူခဲ့မှုများကြောင့် အဲဒီရှောင်ကွင်းလမ်းသာမက မော်တောင်းရှောင်ကွင်းလမ်းမှပါ စောင့်ဆိုင်းပိတ်ဆို့ ဖမ်းဆီးခြင်း၊ OSS မနရအင်အားနဲ့ ရှောင်ကွင်းလမ်းမှာ ရှောင် တခင်ဝင်ရောက်စစ်ဆေး ရှင်းလင်းခြင်းများကို ဆောင်ရွက်ခဲ့ကြပါတယ်။

အဲဒီလိုဆောင်ရွက်ခဲ့တဲ့အတွက် တရားမဝင်ကုန်သွယ်မှုတွေကို အထိုက်အလျောက် တားဆီးနိုင်ခဲ့သလို တရားမဝင် ကုန်သွယ်မှုကိုလည်း လျော့ကျစေခဲ့ပါတယ်။ အဲဒီအချိန်က ကုန်သွယ်မှု ပမာဏဟာ ယခင်ခေတ်များကထက် ပိုမိုမြင့်တက်ခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။

အခုအချိန်မှာတော့ အဲဒီလမ်းကြောင်းများမှာ ဒေသခံလက်နက်ကိုင် အဖွဲ့အစည်းများရဲ့ ကြီးစိုးမှုကြောင့် ရှောင်ကွင်းလမ်းများကို ဝင်ရောက် စစ်ဆေးပိတ်ဆို့ဖမ်းဆီးခြင်းများ ဆောင်ရွက်နိုင်မှုမရှိတဲ့အတွက် တရားမဝင် ကုန်သွယ်မှုတွေဟာ တစ်နေ့တခြား ပိုမို များပြားလာတာကို တွေ့ရှိနေရပါတယ်။

တရားမဝင် ကုန်သွယ်မှုတွေ ပိုမို များပြားလာတာနဲ့အမျှ မိမိနိုင်ငံရဲ့ ကုန်သွယ်မှုပမာဏဟာ လျော့ကျလာမှာဖြစ်သလို ကုန်သွယ်မှုမှ ရရှိတဲ့ ကုန်သွယ်မှုဝင်ငွေ လျော့ကျလာမှာဖြစ်ပါတယ်။ ကုန်သွယ်မှုဝင်ငွေလျော့ကျလာသလို နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာလည်း လျော့ကျလာမှာဖြစ်ပါတယ်။

ဒါကြောင့် တရားမဝင်ကုန်သွယ်မှု လုပ်ငန်းများ လျော့နည်း၍ ကုန်သွယ်မှု လုပ်ငန်းများ ပုံမှန်လမ်းကြောင်းမှန်ပေါ် ရောက်ရှိနိုင်ရေး အတွက် ယခုအချိန်မှာလည်း ကြိုးပမ်းဆောင်ရွက်လျက် ရှိပါတယ်။

၂၀၁၆ခုနှစ်၊ အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်း မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ရှိ ကုန်သွယ်ရေးဦးစီးဌာနနဲ့ OSS မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် များပူးပေါင်းပြီး ကုန်သွယ်ရေးဇုန်ဝင်း

*စာမျက်နှာ (၂၂)သို့*

# BAWGAWADI COMPANY LIMITED

ဘောဂဝတီကုမ္ပဏီလီမိတက်



## AUTOMOBILE TIMMING BELTS






**Shop:** Ka/38, No.17/18/19/20, Bayintnaung Market, Myatnarsartan, Mayangone Township, Yangon, Myanmar.

**Tel:** (95-1) 682551, 682554, 682627 **E-mail:** bawgawadiyangon@gmail.com

**Website:** www.bawgawadi.com.mm

# SHWE NA YAR Co., Ltd.

**Air Compressor & Various Machinery Whole Sale, Retail Distribution**

**Show Room (I) :**
No.37, Thiri Mon Plaza 2nd, 1 Ward, Mayangone Township, Yangon. (Bayint Naung)
☎: 01-683-667, 📱: 09-7317-5678, 0973-2288-56, 0979-555-8836, 0979-555-8856, 0979-555-8802

**Show Room (II) :**
Room No 18-19, Building 95, Shwe War Street, Saw Bwar Gyi Gone, Insein Township, Yangon.
📱: 0979-555-8816, 0979-555-8826, 0979-555-8840, 09-79-5558870
**Fax :** 01-613-765, 683-667 / **Email :** mrkyawkyaw1999@gmail.com, a.n.s 5105112@gmail.com




3"x2 လေမှုတ်စက်

3x2, 14", 7.5H.P ဒီဇယ်အင်ဂျင်




Ø14" လေလှောင်အိုး

1T Winch





GX35 မြက်ရိတ်စက်




ရေစုပ်ပန့်

2065, 70L, 3H.P

6.5 H.P ဓာတ်ဆီအင်ဂျင်

139 ဆေးဖျန်းပုံး

ကားဆေးပန့်

# FORWARD GENERAL TRADING CO.,LTD.




No.103, Ground Floor (R), Seikkantha Street,
Kyauktada Township, Yangon, Myanmar.
Tel : 95 1 391214, 391426, Fax : 95 1 391012
E-mail : maungsein@gmail.com



## ကွမ်းသီး

### ရိဒ်ကုန်သွယ်ရေးစခန်းမှ ကွမ်းသီးတင်ပို့မှု လျော့ကျ

မြန်မာ-အိန္ဒိယ နယ်စပ်ရှိ ရိဒ်ကုန်သွယ်ရေးစခန်းမှ ဒီဇင်ဘာ ၁၀ ရက်မှ ၁၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၅၀၉ သန်း တန်ဖိုးရှိ ကွမ်းသီး ၆၀၄ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၇၂၇ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန်၁၀၀ကျော် လျော့နည်းတင်ပို့ခဲ့တယ်လို့ ရိဒ်ကုန်သွယ်ရေးစခန်းမှ သိရပါတယ်။ ယခုတစ်ပတ်မှာ တမူးကုန်သွယ်ရေးစခန်းမှလည်း ကွမ်းသီးတင်ပို့နိုင်ခြင်းမရှိဘူးလို့သိရပါတယ်။

ရိဒ်ကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် အမေရိကန်ဒေါ်လာ သုညဒသမ ဝ၆၃ သန်း တန်ဖိုးရှိ ဆေးရိုး၊ ဆေးကြေမှုန့်၊ စောင်၊ မစီးဖိနပ်၊ မဝတ်တီရှပ် တို့ကို ၄၆၂တန် တင်ပို့နိုင်ပြီး တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၁၃၉ သန်း တန်ဖိုးရှိ စီးကရက်နဲ့ နန့်ဖာလုံကုန်စုံတို့ကို တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## ငှက်ပျော

### ကန်ပိုက်တီးရော လွယ်ဂျယ်မှပါ တစ်သျှူးငှက်ပျော လျော့နည်းတင်ပို့

တစ်သျှူးငှက်ပျောကို ဝိုင်းမော်မြို့နယ်တစ်ခုတည်းတွင် စိုက်ဧကပေါင်း တစ်သောင်းခွဲခန့်စိုက်ပျိုးကြောင်း၊ ကချင်ပြည်နယ်မှာ ဗန်းမော်၊ မန်စီ၊ မိုးမောက်မြို့နယ်တွေမှာ စိုက်ကြကြောင်း၊ ကချင်ပြည်နယ်မှထွက်ရှိတဲ့ တစ်သျှူးငှက်ပျောများကို တရုတ်နိုင်ငံမှ ကားကြီးများဖြင့် တိုက်ရိုက်တင်သွင်းနေကြကြောင်း ကန်ပိုက်တီးစခန်းမှသိရပါတယ်။

ဒီဇင်ဘာ ၁၀ ရက်မှ ၁၆ ရက်သီတင်းပတ်မှာ ကန်ပိုက်တီးမှ အမေရိကန်ဒေါ်လာ ၄၉၀၅၂၉ တန်ဖိုးရှိ တစ်သျှူးငှက်ပျော တန် ၁၆၀၀၀ နဲ့ လွယ်ဂျယ်မှ အမေရိကန်ဒေါ်လာ ၆၄၀၀ တန်ဖိုးရှိ တစ်သျှူးငှက်ပျော ၁၆ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ကန်ပိုက်တီးမှ တန် ၅၅၀၀ နဲ့ လွယ်ဂျယ်မှ ၉၄တန် တင်ပို့နိုင်ခဲ့တာကြောင့် ယခုတစ်ပတ် တစ်သျှူးငှက်ပျော တင်ပို့မှုလျော့နည်းခဲ့တာ တွေ့ရပါတယ်။

**မော်မော်အောင်**

## ဝါဂွမ်း

### မူဆယ်မှ ဝါဂွမ်းပုံမှန်တင်ပို့

ဒီဇင်ဘာ ၁၀ရက်မှ ၁၆ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၆၆၀၀၀ တန်ဖိုးရှိ ငွေချည်-၆-ဝါဂွမ်းတန် ၃၀ တင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်ကလည်း တန် ၃၀ တင်ပို့ခဲ့တဲ့အတွက် မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဝါတင်ပို့မှု ပုံမှန်ရှိနေပါတယ်။

ပေါင်းတည်မြို့မှ ဝါရောင်းဝယ်ရေး လုပ်ကိုင်သူတစ်ဦးက " ဒီမှာက ဝါဂွမ်းကို တောင်သူတွေက စီးပွားဖြစ်သိပ်မစိုက်ကြဘူး၊ ဝါဈေးက အခြားသီးနှံတွေထက် စာလျှင် ဈေးမရဘူး"ဟုပြောပါတယ်။

**မော်မော်အောင်**

## သီဟိုဠ်

### မူဆယ်ကုန်သွယ်ရေးဇုန်မှ သီဟိုဠ်စေ့ ပိုမိုတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်ကုန်သွယ်ရေးဇုန်မှ ဒီဇင်ဘာ ၁၀ ရက်မှ၁၆ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ၂၃၁သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၃၈ တန်ကျော်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၇ တန်သာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၃၁ တန်ပိုမိုတင်ပို့နိုင်တယ်လို့ ကုန်သွယ်ရေးဇုန်မှသိရပါတယ်။

ယခုတစ်ပတ်မှာ မြဝတီကုန်သွယ်ရေးဇုန်မှ သီဟိုဠ်စေ့ တင်ပို့နိုင်မှုမရှိဘူးလို့ သိရပါတယ်။ မြဝတီကုန်သွယ်ရေးဇုန်မှ ဒီဇင်ဘာလအတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ဝ၇ဝသန်း တန်ဖိုးရှိ သီဟိုဠ်စေ့ ၉ တန်ကျော်ကို ထိုင်းနိုင်ငံသို့တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## မြန်မာ့လက်မှုအနုပညာအသင်း (MACA) အသင်းသား စုံညီနှစ်ပတ်လည် အစည်းအဝေးပွဲနှင့် ဒုတိယအကြိမ် မြန်မာ့လက်မှုအနုပညာပြပွဲကျင်းပ



မြန်မာ့လက်မှုအနုပညာအသင်း (MACA) ၏ အသင်းသားစုံညီနှစ်ပတ်လည် အစည်းအဝေးပွဲနှင့် ဒုတိယအကြိမ် မြန်မာ့လက်မှု အနုပညာ ပြပွဲဖွင့်ပွဲကို ရန်ကုန်မြို့ရှိ (UMFCCI) တွင် ဒီဇင်ဘာ ၂၃ ရက်က ကျင်းပခဲ့ပါသည်။ အဆိုပါ အခမ်းအနားတွင် UMFCCI အသင်းဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ် (ရန်ကုန်) မှ ပါမောက္ခချုပ် ဦးအောင်နိုင်မြင့်၊ မြန်မာ့လက်မှုအနုပညာအသင်း (MACA) ဥက္ကဋ္ဌ ဦးသာစု တို့က အသီးသီး အမှာစကား ပြောကြားခဲ့ပါသည်။

ညွှန်ကြားရေးမှူးချုပ်ဦးအောင်စိုးက မြန်မာနိုင်ငံမှ လက်မှုထည်များ၏ ပို့ကုန်ပမာဏကို ကြည့်လျှင် စာရင်းတိတိကျကျဖော်ပြထားခြင်းမရှိသည်ကို တွေ့ရကြောင်း၊ သို့သော် အီးယူနိုင်ငံများသို့တင်ပို့နေသည့် လက်မှုထည်ပမာဏကို ကြည့်လိုက်လျှင် ဗီယက်နမ်က အမေရိကန်ဒေါ်လာ ၄၄၂သန်း၊ ကမ္ဘောဒီးယားက အမေရိကန်ဒေါ်လာ ၄၅ သန်းနှင့် မြန်မာက အမေရိကန်ဒေါ်လာ ၁၂သန်း အသီးသီးရှိသည်ကိုတွေ့ရကြောင်း၊ အာဆီယံနိုင်ငံများဖြစ်သော ဗီယက်နမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံများ၏ လက်မှုထည် အိမ်တွင်းအလှဆင်ပစ္စည်းနှင့် အထည်အလိပ် တင်ပို့မှုသည် ၎င်းတို့နိုင်ငံများ၏ အဓိကပို့ကုန်များတွင် ပါဝင်နေကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ပို့ကုန်များ တင်ပို့နိုင်ရန် နိုင်ငံတကာဈေးကွက်နှင့် ပတ်သက်သော သတင်းအချက်အလက်သင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ ဒီဇိုင်နာများနှင့်ပူးပေါင်းပြီး ဒီဇိုင်းအလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပေးခြင်း၊ ကုန်စည်ပြပွဲများအပြင် ဝယ်လက်များနှင့် ချိတ်ဆက်ပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးပြီး နိုင်ငံခြားဈေးကွက်များ ရရှိခဲ့စေခဲ့ကြောင်း၊ ယခုကဲ့သို့ လက်မှုအနုပညာပြပွဲ ကျင်းပခြင်းဖြင့် မြန်မာ့လက်မှုအနုပညာ ပစ္စည်းထုတ်ကုန်များပိုမို အရည်အသွေးမြင့်မားလာစေခြင်း တစ်ဦးနှင့်တစ်ဦး အတွေ့အကြုံများဖလှယ်ပြီး ချစ်ခင်ရင်းနှီးမှု ရရှိလာခြင်း စသည့် အကျိုးကျေးဇူးများကိုရရှိမှာဖြစ်ကြောင်း၊ အမေရိကန် GSP အစီအစဉ်အရ အမေရိကန်သို့ တင်ပို့မည့်ကုန်ပစ္စည်း အမယ် ၅၀၀၀ ခန့်ကို အကောက်ခွန်ကင်းလွတ်ခွင့်ရရှိမှာ ဖြစ်ကြောင်း၊ အဆိုပါအမယ်များအနက် ပဲအမျိုးမျိုး၊ ရေထွက်ပစ္စည်း၊ ခရီးဆောင်အိတ်တွေအပြင် ကြိမ်ထည်များလည်း ပါဝင်သည့်အတွက် အမေရိကန်သို့ တိုက်ရိုက်တင်ပို့ခွင့်ရသည့်အပြင် အကောက်ခွန်ကင်းလွတ်ခွင့်ပါ ထပ်ဆောင်းရရှိမှာ ဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ် ဧပြီလ မတိုင်မီ အမေရိကန် ကုန်သွယ်ရေး ကျွမ်းကျင်သူ အဖွဲ့နှင့် ပူးပေါင်းပြီး အလုပ်ရုံဆွေးနွေးပွဲများကျင်းပသွား ရန်ရှိကြောင်း၊ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ကြစေလိုကြောင်း၊ လက်မှုထည်များ တစ်ပိုင်တစ်နိုင် ထုတ်လုပ်လာခြင်းမှသည် ဝယ်လိုအားရှိသည့် နိုင်ငံတကာ ဈေးကွက်သို့တင်ပို့ ရောင်းချခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်း များပြားလာခြင်း အမျိုးသား ပို့ကုန်မဟာဗျူဟာအဖြစ် ရော်ဘာ၊ ခရီးသွားလုပ်ငန်း သစ်တောထွက်ပစ္စည်းနှင့် ဆက်စပ်ပြီး လက်မှုထည်ကဏ္ဍကိုလည်း မြင့်တက်လာအောင် ဆောင်ရွက်ရန်လျာထားကြောင်း၊ ယခုအခါ ဥရောပသမဂ္ဂ၊ အမေရိကန်အပါအဝင် အခြားနိုင်ငံများသို့ ကုန်သွယ်မှုပြုရန် အခွင့်အရေးရရှိသည့်အပြင် တစ်နှစ်ထက်တစ်နှစ် များပြားလာသော ခရီးသွားဧည့်သည်များ၏ ဝယ်လိုအားကလည်း တိုးတက်လာမည်ဖြစ်ရာ အသင်းကြီးတွင်ရှိသည့် အသင်းသားအားလုံး စည်းစည်းလုံးလုံးနှင့် အနာဂတ်အတွက် ကြိုးစားအားထုတ်ပြင်ဆင်ထားကြစေလိုကြောင်း ပြောကြားခဲ့ပါသည်။

**ကောင်းထွဋ်အောင်**

## ရော်ဘာ

### နိုင်ငံတကာ ရော်ဘာဈေး တစ်တန်ကို အမေရိကန်ဒေါ်လာ ၂၅၀ ကျော် ထပ်မံမြင့်တက်

ဒီဇင်ဘာ ၁၀ ရက်မှ ၁၆ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နဲ့ မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှအမေရိကန်ဒေါ်လာ ၈ ဒသမ ၇၀၆ သန်းဖိုးရှိ ရော်ဘာ တန် ၆၃၃၀ ကျော် တင်ပို့ခဲ့ပါတယ်။ မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ RSS-3 ၂၇၃၉ တန်ကျော်၊ RSS-5 ၄၇၇ တန်ကျော်၊ MSR 20 တန် ၃၅၀၊ MSR 50 ၂၇၅ တန်ကျော်နဲ့ ရော်ဘာဖြတ်စ ၄၈ တန်ကျော်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS 1 ၁၈ တန်ခန့်၊ RSS3 တန် ၁၂၈၁ တန်၊ RSS 5 ၆၅၄ တန်၊ MSR 20 ၉၇ တန် ကျော်နဲ့ MSR 50 ၁၂၂ တန်၊ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ရော်ဘာစိမ်း ၂၆၈ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၃၆၇၆ တန်ခန့်သာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ၂၆၅၄တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုတစ်ပတ်မှာ မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာဈေး ထပ်မံမြင့်တက်လာပါတယ်။ RSS 3 တစ်တန်ကို ကျပ် ၂၁ ဒသမ ၆၇ သိန်းရှိပြီး ယခင်တစ်ပတ်ထက် တစ်တန်ကို ကျပ် ၂၃၇၀၀၀ ဈေးတက်ပါတယ်။ RSS 5 တစ်တန်ကို ကျပ် ၂၀ ဒသမ ၉၂၈ သိန်းရှိပြီး ယခင်တစ်ပတ်ထက် တစ်တန်ကို ကျပ် ၂၆၉၀၀၀ ဈေးတက်လာကြောင်း သိရှိရပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှယခုတစ်ပတ်ရော်ဘာ တင်ပို့မှု မရှိသော်လည်း နိုင်ငံတကာ ရော်ဘာပေါက်ဈေးမှာ ယခင်တစ်ပတ်ထက် တစ်တန်ကို ဒေါ်လာ ၂၅၀ကျော် တက်လာကြောင်း သိရှိရပါတယ်။ ဒါကြောင့် မြန်မာ့ရော်ဘာလည်း ဈေးတက်လာပြီး မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက ထုတ်ပြန်ထားတဲ့ ပြည်ပပို့မယ့် မြန်မာ့ရော်ဘာဈေးများမှာ RSS 1 တစ်တန်လျှင် ဒေါ်လာ ၂၀၅၀-၂၁၅၀၊ RSS 2 တစ်တန်လျှင် ဒေါ်လာ၂၀၀၀-၂၁၀၀၊RSS 3 တစ်တန်လျှင် ဒေါ်လာ ၁၉၅၀-၂၀၅၀၊ RSS 4 တစ်တန်လျှင် ဒေါ်လာ၁၉၀၀-၂၀၀၀၊ RSS 5 တစ်တန်လျှင် ဒေါ်လာ ၁၈၅၀-၁၉၅၀၊ MSR 3L တစ်တန်လျှင် ဒေါ်လာ ၂၂၀၀-၂၃၀၀၊ MSR 10 တစ်တန်လျှင် ဒေါ်လာ ၁၉၅၀-၂၀၅၀၊ MSR 20 တစ်တန်လျှင် ဒေါ်လာ၁၉၀၀-၂၀၀၀၊MSR 50 တစ်တန်လျှင် ဒေါ်လာ ၁၈၀၀-၁၉၀၀၊ Crepe Rubber တစ်တန်လျှင် ဒေါ်လာ ၁၇၅၀-၁၈၅၀တို့ဖြစ်ကြပါတယ်။

**ယဉ်ယဉ်အေး**

(ယခင်တစ်ပတ်မှအဆက်)

# ကုန်သည်စီးပွားရေးလုပ်ငန်းရှင်များ မွေးထုတ်ပေးလျက်ရှိသော Trade Training Institute

| သိန်းမြင့်ဝေ |

**အကျိုးကျေးဇူးများ**

သင်တန်းတက်ရောက်ပြီးပါက ပို့ကုန်လုပ်ငန်း သို့မဟုတ် သွင်းကုန်လုပ်ငန်းကို ပိုင်ပိုင်နိုင်နိုင် လုပ်ကိုင်နိုင်သည့်လုပ်ငန်းရှင်တစ်ယောက်ဖြစ်လာပါမည်။ ကုမ္ပဏီမှ တက်ရောက်သင်ကြားသည့် ကုမ္ပဏီဝန်ထမ်းသင်တန်းသားများအနေဖြင့်လည်း သင်တန်းပြီးဆုံးပါက ရာထူးတိုးတက်ရရှိခြင်း၊ လုပ်ပိုင်ခွင့်ပိုမိုလာခြင်း၊ လုပ်ခ လစာ တိုးတက်ရရှိခြင်း စသည့်ကောင်းကျိုးများကို ခံစားရပါသည်။အထူးသဖြင့်လာရောက်ပို့ချသော သင်တန်းနည်းပြများနှင့် သင်တန်းသားများ အဆက်အသွယ် အချိတ်အဆက်ရရှိသွားခြင်းဖြစ်သည်။ ဥပမာအားဖြင့် ကုမ္ပဏီတည်ထောင်မှတ်ပုံတင်ခြင်းဘာသာရပ်ကို ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးကိုယ်တိုင်လာရောက်ပို့ချ ခြင်း၊ ပို့ကုန်သွင်းကုန်လုပ်ထုံးလုပ်နည်းများကို ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးကိုယ်တိုင်က သင်ကြားပို့ချပေးခြင်းကို တွေ့မြင်နိုင်သည်။ သင်တန်းပြီးဆုံး၍ ကုမ္ပဏီစတင်တည်ထောင်မည်ဆိုပါက ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနသို့ သွားရောက်ရမည်ဖြစ်သည်။ ထိုနည်းတူစွာပင် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် အဖြစ် မှတ်ပုံတင်ခြင်း၊ ပို့ကုန်သွင်းကုန်လိုင်စင်ကိစ္စများ ဆောင်ရွက်ရန်ရှိပါက အထက်ဖော်ပြပါ ကုန်သွယ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၏ရုံးသို့ သွားရောက်ရမည်ဖြစ်သည်။ ထိုအခါ သင်တန်းသားနှင့် သင်တန်းဆရာ တွေ့ဆုံပြီး လုပ်ငန်းအဆင်ပြေချောမွေ့မှုကို ရရှိခံစားရပါမည်။

ထို့ပြင် သင်တန်းသားအချင်းချင်း ခင်မင်ရင်းနှီးပြီး စီးပွားရေးပတ်ဝန်းကျင်ကောင်းထဲသို့ ရောက်ရှိသွားပါသည်။ တက်ရောက်သော သင်တန်းသားများတွင်ကုမ္ပဏီပိုင်ရှင်၊ စက်ရုံပိုင်ရှင်၊ အမှုဆောင်အရာရှိချုပ်နှင့် ဒါရိုက်တာစသည့် လုပ်ငန်းရှင်များနှင့် အဆင့်မြင့်အရာထမ်းများ ပါဝင်သကဲ့သို့ အလုပ်အကိုင်ရှာဖွေနေသူများနှင့် စီးပွားရေးလုပ်ငန်း စတင်လုပ်ကိုင်မည့်သူများလည်းပါဝင်သည်။ စီးပွားရေးလုပ်ငန်းရှင် သို့မဟုတ် အလုပ်ခန့်ပိုင်ခွင့်ရှိသူနှင့် အလုပ်ရှာဖွေနေသူ တွေ့ဆုံပြီးအဆင်ပြေသွားသည်လည်းရှိသည်။ စီးပွားရေးလုပ်ငန်းအတွေ့အကြုံရှိထားပြီးသူနှင့်လုပ်ငန်းစတင်မည့်သူတွေ့ဆုံပြီး အဆင်ပြေသွားသည်ကပိုများမည် ထင်ပါသည်။

ထိုမျှသာမက အချို့ကုမ္ပဏီကြီးများသည် ကုန်သွယ်မှုသင်တန်းဆင်းသင်တန်းသားများကို ဝန်ထမ်းအဖြစ် ခန့်ထားလိုသောကြောင့် ကုန်သွယ်မှုသင်တန်းကျောင်းမှ သင်တန်းဆရာများနှင့် ချိတ်ဆက်ထားသည်လည်း ရှိပါသည်။ အလုပ်အကိုင်ရရှိရန် မခက်ခဲသော အလုပ်ရလွယ်သည့် သင်တန်းတစ်ခုဖြစ်ပါသည်။

"ကျွန်တော်က အစတုန်းက ကုမ္ပဏီက စာရေးဝန်ထမ်းဖြစ်ပါတယ်။ အဲဒီအလုပ်က ထွက်ပြီး ဒီသင်တန်းကို တက်ခဲ့တာပါ။ အခု Trading ကုမ္ပဏီကြီးတစ်ခုမှာ အမေရိကန်ဒေါ်လာ ၅၀၀ ရနေပါပြီ။ လခပိုရသလို စာရေးကနေ မန်နေဂျာ ရာထူးကိုလည်း တိုးတက်ရရှိပါတယ်"ဟူ၍ ပြောဆိုသူများလည်းရှိပါသည်။

"ကျွန်တော် ဒီသင်တန်းပြီးတော့ Import ကုမ္ပဏီတစ်ခုမှာ အလုပ်ရတယ်။ အခု အကြီးတန်းမန်နေဂျာဖြစ်နေပြီ။ အိန္ဒိယနဲ့ထိုင်းတို့ကို ကုမ္ပဏီကိစ္စနဲ့ ခရီးသွားရတာတွေရှိတယ်။ မန္တလေး၊ မုံရွာနဲ့မော်လမြိုင်မှာ စက်ရုံတွေဆောက်တယ်။ နိုင်ငံခြားသားတွေနဲ့အတူ ကျွန်တော်ပဲ တာဝန်ခံပြီး လုပ်ရတယ်"စသည်ဖြင့် ဖောက်သည်ချသူများလည်းရှိသည်။

"ဆရာ. . . နောက်ထပ်ဖွင့်မယ့်သင်တန်းတွေရှိရင်ပြောပါအုံး။ ဆရာတို့သင်တန်းက ဒီနေ့သင်ပြီးရင် မနက်ဖြန်အသုံးချလို့ရတယ်။ ကျွန်တော်က စီးပွားရေးလုပ်နေတာ။ စီးပွား/ကူးသန်းနဲ့အဆက်အသွယ် မပြတ်ချင်ဘူး"ဟု ပြောပြသူလည်းရှိသည်။

"အခြားသူငယ်ချင်းတွေကိုလည်းပြောပါတယ်။ ဒီသင်တန်းက တခြားနေရာကသင်တန်းတွေနဲ့မတူဘူး။ အခြား သင်တန်းတွေ ကျွန်မ တက်ခဲ့ဖူးပါတယ်။ ဒီမှာက နောက်ဆုံးထုတ်ပြန်ထားတဲ့ လုပ်ထုံးလုပ်နည်းတွေသိရတဲ့အပြင် အဆက်အသွယ်ကောင်းတွေလည်းရပါတယ်။ ပေးရတာကို မမြင်ပါဘူး။ ရလိုက်တာက အများကြီးမို့လို့ပါ။ ပေးရတဲ့သင်တန်းကြေးကလည်း တော်တော်နည်းပါတယ်"ဟူ၍ သင်တန်းကို အခမဲ့ကြော်ငြာပေးသူများလည်းပါဝင်သည်။

**ပြည်တွင်းပြည်ပ ပြပွဲ၊ ဆွေးနွေးပွဲနှင့် လေ့လာရေးခရီးစဉ်များ**

ကုန်သွယ်မှုသင်တန်းကျောင်းသည် ထူးချွန်စွာအောင်မြင်သော သင်တန်းသား၊ သင်တန်းသူများကို တရုတ်၊ ထိုင်းနှင့်ဂျပန်စသည့် နိုင်ငံများသို့ အခါအားလျော်စွာ စေလွှတ်ပါသည်။ ဥပမာအားဖြင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ်(၁)တွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော သင်တန်းသား၊ သင်တန်းသူသုံးဦးကို တရုတ်နိုင်ငံ နန်နင်းကုန်စည်ပြပွဲသို့ အခမဲ့ပို့ဆောင်ပေးခဲ့ပါသည်။ အလားတူ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်းအမှတ်စဉ် (၂) မှ သင်တန်းသား၊ သင်တန်းသူသုံးဦးကိုလည်း ၂၀၁၅ ခုနှစ်တွင် ထိုင်းနိုင်ငံနှင့် ဂျပန်နိုင်ငံသို့ လေ့လာရေးခရီး ပို့ဆောင်ပေးခဲ့သည်။ ဤလေ့လာရေးခရီးစဉ် (Study Tour Program) ကို Toyata Tsusho Corporation (TTC) ၏ အထောက်အပံ့ဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ထိုင်းနိုင်ငံတွင်နှစ်ရက်နှင့် ဂျပန်နိုင်ငံတွင် ငါးရက် လေ့လာရသည့် ခရီးစဉ်ဖြစ်သည်။ ဤခရီးစဉ်ကိုပင် ၂၀၁၆ခုနှစ်၊ ဒီဇင်ဘာလဆန်းတွင် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ် (၄)နှင့် အမှတ်စဉ်(၅)တို့မှ ထူးချွန်ကျောင်းသားများ သွားရောက်လေ့လာခဲ့ပြီးဖြစ်သည်။

ထို့ပြင် ကုန်သွယ်မှုသင်တန်းကျောင်းတွင် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းကျင်းပသည့် ဆွေးနွေးပွဲများ၊ သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများကိုလည်း တက်ရောက်ခွင့်ရရှိပါသည်။ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဌာနမှ စီစဉ်ပေးသည့် ရန်ကုန်မြို့အနီးတဝိုက်ရှိ ဆိပ်ကမ်းနှင့် စက်မှုဇုန်များအပြင် မြဝတီ နယ်စပ်ကုန်သွယ်ရေးဇုန်နှင့် မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်များသို့ သွားရောက်လိုပါက သင်တန်းကျောင်းက တာဝန်ယူစီစဉ်ပေးပါသည်။

**ဖွင့်ပွဲ၊ ဆင်းပွဲ၊ စာမေးပွဲနှင့် ညစာစားပွဲ**

TTI ၏ သင်တန်းဖွင့်ပွဲကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်တိုင်ဖွင့်လှစ်ပေးလေ့ရှိပါသည်။ လေးလတာကာလအတွင်း စာမေးပွဲနှစ်ကြိမ်ဖြေဆိုရပါသည်။ စာမေးပွဲဆိုသော်လည်း ခက်ခက်ခဲခဲစာမေးပွဲမဟုတ်ပေ။ ကျောင်းခေါ်ချိန် ၇၅ ရာခိုင်နှုန်းပြည့်မီသော သင်တန်းသားများအတွက် အလွယ်တကူအောင်မြင်နိုင်သည်။ သို့သော်လည်း ထူးချွန်စွာအောင်မြင်ရန်အတွက် ကြိုးစားဖြေဆိုရသော စာမေးပွဲဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ပညာသင်ကိစ္စနှင့် ပြည်ပလေ့လာရေးခရီးစဉ်များ စေလွှတ်ရာတွင် ထူးချွန်ကျောင်းသားများကိုသာ အဓိကဦးစားပေးသောကြောင့်ဖြစ်သည်။ အတန်းတက်ချိန် သို့မဟုတ် ကျောင်းခေါ်ချိန် ၇၅ ရာခိုင်နှုန်းပြည့်မီမှသာလျှင် စာမေးပွဲဖြေဆိုခွင့်ရှိပါသည်။

သင်တန်းကာလအတွင်း ညစာစားပွဲကိုလည်း နှစ်ကြိမ်ကျင်းပလေ့ရှိသည်။ ညစာစားပွဲများကို လူမှုရေးကွန်ရက် (Social network) ပိုမိုကောင်းမွန်ရေးနှင့် သင်တန်းသား/သူအချင်းချင်း ပိုမိုရင်းနှီးမှုရရှိရေးအတွက် ရည်ရွယ်ကျင်းပပါသည်။

စာမေးပွဲ အောင်စာရင်းများထွက်ရှိပြီးနောက် သင်တန်းဆင်းပွဲကို ကျင်းပပါသည်။ သင်တန်းဆင်းပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် တက်ရောက်ပြီး သင်တန်းဆင်း အောင်လက်မှတ် များချီးမြှင့်ပါသည်။ သင်တန်းဆင်းပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသော သင်တန်းသား/သူများကို ဆုချီးမြှင့်ပါသည်။ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများ၊ ထူးချွန်စွာ အောင်မြင်သူများနှင့် စာမေးပွဲအောင်မြင်သူအားလုံး၏ အောင်လက်မှတ်များတွင် ပြည်ထောင်စုဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့ လက်မှတ်ရေးထိုးပြီး အောင်လက်မှတ် ပေးအပ်ခြင်းဖြစ်ပါသည်။

**စနေ၊ တနင်္ဂနွေသင်တန်း**

ရုံးဖွင့်ရက်ဖြစ်သော တနင်္လာ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့များတွင် မတက်ရောက်နိုင်သောသူများအတွက် စနေ၊ တနင်္ဂနွေရုံးပိတ်ရက်(Weekend) သင်တန်းကိုလည်း စတင်ဖွင့်လှစ်နေပြီဖြစ်ပါသည်။ စနေ၊ တနင်္ဂနွေသင်တန်းတွင် နံနက် (၉း၀၀) နာရီမှ နေ့လယ်(၁၂း၀၀) နာရီအထိ တက်ရောက်ရပြီး သင်တန်းကာလမှာ သုံးလ နီးပါးဖြစ်ပါသည်။ ရုံးဖွင့်ရက်သင်တန်းသည် ရုံးပိတ်ရက်သင်တန်းထက် သင်တန်းကာလပိုမိုရှည်ကြာသကဲ့သို့ သင်ကြားသော ဘာသာရပ်များလည်း ပိုမိုများပြားစုံလင်ပါသည်။ သင်တန်း နှစ်မျိုးစလုံးအတွက် သင်တန်းကြေးမှာ အတူတူပင်ဖြစ်ပါသည်။ သင်တန်းနှစ်မျိုးစလုံးအတွက် သင်တန်းကြေးမှာ ၂၀၀၀၀ိ/-(ကျပ်နှစ်သောင်း)ဖြစ်ပါသည်။ သို့သော်လည်းလေ့လာရေးသွားရောက်ခြင်း၊ ညစာစားပွဲကျင်းပခြင်း၊ လိပ်စာစာအုပ်ပြုလုပ်ခြင်းနှင့် သင်တန်းခေတ္တနားချိန် လက်ဖက်ရည်/ကော်ဖီ သောက်သုံးခြင်း စသည့် ကုန်ကျစရိတ်များကို သင်တန်းသား၊ သင်တန်းသူများ၏ အစီအစဉ်ဖြင့် ဆောင်ရွက်ကြပါသည်။

**ဒီပလိုမာသင်တန်း**

အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်းအောင်မြင်သူများ ဆက်လက်တက်ရောက်နိုင်ရန်နှင့် အဆင့်မြင့်ကုန်သွယ်မှုပညာရပ်များပို့ချရန် ရည်ရွယ်၍ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဒီပလိုမာသင်တန်း (International Trade Diploma Course) ကို ဖွင့်လှစ်ရန် စီစဉ်နေပါသည်။ ဒီပလိုမာသင်တန်းကို ဂျပန်နိုင်ငံ၏အဆင့်မြင့်တက္ကသိုလ်တစ်ခုဖြစ်သော International University of Japan (IUJ) နှင့် ပူးပေါင်းဖွင့်လှစ်ရန် ရည်ရွယ်ပါသည်။

> ”
> **အလုပ်အကိုင်**
> **ရရှိရန် မခက်ခဲသော**
> **အလုပ်ရလွယ်သည့်**
> **သင်တန်းတစ်ခု**
> **ဖြစ်ပါသည်။**

**သင်တန်းဝင်ခွင့်သတ်မှတ်ချက်**

အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်းတက်ရောက်လိုသူများသည် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူများဖြစ်ရမည်။ သို့သော်လည်း လက်ရှိလုပ်ကိုင်နေသော လုပ်ငန်းနှင့် စီးပွားရေးလုပ်ငန်းအတွေ့အကြုံတို့ အပေါ် အခြေခံပြီး ပညာအရည်အချင်းသတ်မှတ်ချက်လျှော့ပေါ့စဉ်းစားပါသည်။ သင်တန်းတက်ရောက်လိုပါက လျှောက်လွှာများကို "ကုန်သွယ်မှုသင်တန်းကျောင်း၊စတုတ္ထထပ်၊ ရန်ကုန်ပို့ကုန်သွင်းကုန်ရုံး၊ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့"၌ လာရောက်ရယူလျှောက်ထားနိုင်ပါသည်။ ထပ်မံ သိရှိလိုသော အချက်များရှိပါက ဖုန်း - ၀၁၂၅၀၈၇၁ နှင့် ၀၁၃၇၈၇၉၈ သို့လည်းကောင်း၊ အီးမေးလ် tti.commerce.mm@gmail.com နှင့် theinmyintwai9@gmail.com သို့လည်းကောင်း ဆက်သွယ်နိုင်ပါသည်။

အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုသင်တန်း အမှတ်စဉ်(၉)ကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ နောက်ဆုံးပတ်တွင် ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။ ❑

# အတက်ကြမ်းလာသည့် ကားဈေးကွက်

ရန်ကုန်မြို့ ကားဈေးကွက်အတွင်း ၂၀၁၆ ခုနှစ်ကုန်ခါနီး ဒီဇင်ဘာတတိယပတ်တွင် အပြောင်းအလဲများစွာ ဖြစ်ပေါ်ခဲ့ပြီး ဈေးတန်းများမှာ အတက်ဘက်သို့ ခပ်မြန်မြန် ရောက်ရှိသွားသဖြင့် ယခုနှစ်ကုန်ပိုင်းတွင် ဖြစ်ပေါ်လာသည့် ရှေ့နှစ်တင်သွင်းခွင့်ပြုမည့် မော်ဒယ်ခုနှစ်သတ်မှတ်ချက်နှင့် ဒီဇင်ဘာ တတိယပတ်တွင် ကားတင်သွင်းခွင့် သတ်မှတ်ချက်များအား ကြေညာခဲ့သော်လည်း လက်ရှိအခြေအနေအရ သတ် မှတ်ရက်မတိုင်မီ စောစီးစွာ ပိတ်သိမ်းသွားသည့်အတွက် ရန်ကုန်ကား ဈေးကွက် အခြေခံသည့် ကားဈေးကွက်တစ်ခုလုံး အပြောင်းအလဲများစွာ ဖြစ်ပေါ်သွားကြောင်း သိရသည်။

လက်ရှိအခြေအနေအရ ရန်ကုန်ကားဈေးကွက်နှင့် မန္တလေးကားဈေးကွက်အတွင်း ကားဈေးတန်းများ ယခင်ထက် များစွာမြင့်တက်လာပြီး ကနဦးသတင်းများအရ ဒီဇင်ဘာလဆန်းပိုင်းတွင် မော်ဒယ်ခုနှစ်သတ်မှတ်ချက်ကြောင့် ဖြစ်ပေါ်သည့်ဈေးထက် ဒီဇင်ဘာ ၂၀ ရက်တွင် သက်ဆိုင်ရာမှ ထုတ်ပြန်ခဲ့သော ကားတင်သွင်းခွင့် သတ်မှတ်ရက်အား ကြိုတင်ပိတ်သိမ်းခဲ့ခြင်းကြောင့် ယခုကဲ့သို့ ကားဈေးများ ပိုမိုမြင့်တက်လာခဲ့ကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်း အကျိုးဆောင် ကိုမြင့်ကျော်က ပြောသည်။

ကားဈေးတန်းများတွင် အထူးသဖြင့် ဖရီးပါမစ်ကားလေးများမှာ ဒီဇင်ဘာ ၂၁ ရက်နောက်ပိုင်း သိသိသာသာ ပိုမိုမြင့်တက်သွားပြီး ယာဉ်ဟောင်းအပ်နှံစလစ်ဈေးတန်းများလည်း မြင့်တက်လာကာ အမည်ပေါက်စလစ် သိန်း ၁၂၀ ခန့်ဖြစ်သွားခဲ့ကာ ယခုရက်ပိုင်းတွင် ၁၁၈ သိန်းဈေးတန်းသို့ ပြန်ကျခဲ့ကြောင်း၊ သို့ဖြစ်၍ စလစ်ကပ်ကားများ၏ ဈေးတန်းလည်း လိုက်တက်သွားပြီး ကားအသစ်တင်သွင်းမှုများ ရှိနေသော်လည်း အဘက်ဘက်မှ ဈေးမြင့်တက်နေမှုကြောင့် လက်တွင်းရှိ ကိုင်ထားသူများလည်း ပြန်မရောင်းချသဖြင့်လည်း ဈေးကွက်စောင့်ကြည့်ပြီး ဈေးခေါ်သလိုဖြစ်နေကြောင်း ၎င်းတို့မှသုံးသပ်ပြသည်။ ကားလေး(ဖရီးပါမစ်) များမှာ လတ်တလော အတက်ကြမ်းနေပြီး အကွာရာနိမ့် ကျပ်သိန်း ၁၃၀ ဝန်းကျင် အကွာရာမြင့် ကျပ်သိန်း ၁၆၀ ဝန်းကျင် ဖြစ်နေကြောင်း၊ စလစ်ကပ်ကားများအနက် လူကြိုက်များကားများဖြစ်သော ကလူဂျာ၊ ဝှရှ်စ်၊ အာလ်ဖတ် စသည်တို့မှာလည်း ကျပ်သိန်း ၄၀ မှ ကျပ် သိန်း ၅၀ ဝန်းကျင်ခန့်ဈေးတန်း ထပ်မံမြင့်တက်သွားကြောင်း သိရသည်။ **SN**



## ကယားပြည်နယ် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီ(၂)ရပ် (၆/၂၀၁၆) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ကယားပြည်နယ်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၆/၂၀၁၆) စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့်လုပ်ငန်းကော်မတီ(၂)ရပ်တို့နဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၃ ရက်က ကယားပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးအစည်းအဝေးခန်းမတွင် ပြုလုပ်ဆောင်ရွက်ခဲ့ပါတယ်။

အဆိုပါအစည်းအဝေးသို့ ပြည်နယ်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော်၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးအေးညိုညို၊ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးခမ်လျန်စွမ်းနဲ့ ပြည်နယ် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် ကော်မတီ(၂)ရပ်တို့၏အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါတယ်။

ကယားပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမော်မော်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ပြည်နယ် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးခမ်လျန်စွမ်းက ယခင်လ အစည်းအဝေးဆုံးဖြတ်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို အကျယ်တဝင့် ဆွေးနွေးခဲ့ပြီးနောက် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးအေးညိုညိုက ထုတ်ကုန်လုံခြုံစိတ်ချရမှု ရှိစေရန်အတွက် စားသုံးသူရေးရာဦးစီးဌာနမှ ဌာနဆိုင်ရာများသို့ စားသုံးသူ အကာအကွယ်ပေးရေး ဟောပြောပွဲများပြုလုပ်လျှင်လည်း မိမိတို့ဌာနအနေဖြင့်ကြိုဆိုပါကြောင်း ဆွေးနွေးပြောကြားခဲ့ပါတယ်။ ထို့နောက်တက်ရောက်လာကြသည့် အဖွဲ့ဝင်များက အသီးသီး ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါတယ်။ **ကျော်ဇင်ထွေး (စားသုံးသူ၊ကယား)**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အကွာရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဗီလ်ဒါ (၂၀၁၀) | ယာယီ | ၂၀၀ သိန်း | နယ်လိုင်စင်/1.5 ဓာတ်ဆီ |
| ၂။ | ဘယ်လ်တာ (၂၀၁၁) | ယာယီ | ၁၆၀ သိန်း | နယ်လိုင်စင်/1.3 ဓာတ်ဆီ |
| ၃။ | ရက်တစ် (၂၀၁၁) | ယာယီ | ၁၅၀ သိန်း | နယ်လိုင်စင်/1.3 ဓာတ်ဆီ |
| ၄။ | ဒီမီယို (၂၀၁၁) | ယာယီ | ၁၂၀ သိန်း | နယ်လိုင်စင်/1.3 ဓာတ်ဆီ |
| ၅။ | ပါဆို (၂၀၁၁) | ယာယီ | ၁၂၀ သိန်း | နယ်လိုင်စင်/1.3 ဓာတ်ဆီ |
| ၆။ | ကာလ်ဒီးနား/စက်ရုပ် (၂၀၀၃) | ယာယီ | ၂၂၅ သိန်း | 2.0 ဓာတ်ဆီ |
| ၇။ | ရက်ဖိုး (၂၀၀၄) | ယာယီ | ၂၆၅ သိန်း | 2.0 ဓာတ်ဆီ |
| ၈။ | တိုယိုတာ/အေဇီယို (၂၀၀၂) | ယာယီ | ၂၂၀ သိန်း | နယ်လိုင်စင်/1.3 ဓာတ်ဆီ |
| ၉။ | စူဇူကီး/ပစ်ကပ် (၂၀၁၀) | ယာယီ | ၇၀ သိန်း | |
| ၁၀။ | အပ်ကား (နှစ် ၂၀) | | ၁၁၅ သိန်း | ကားသန့် |

## အရာတော်မြို့ စည်ပင်သာယာဈေးအတွင်း FDA ထောက်ခံချက် ရရှိထားခြင်းမရှိသည့် ငရုတ်သီးမှုန့် အမှတ်တံဆိပ်များ ရောင်းချခြင်း ရှိ/မရှိ စစ်ဆေး

အရာတော်မြို့နယ်၊ စားသုံးသူရေးရာ ဦးစီးဌာနသည် မိတ်ဖက်အဖွဲ့များနှင့် ပူးပေါင်း၍ အရာတော်မြို့နယ်၊ စည်ပင်သာယာ ဈေးများအတွင်း FDA မှ စားသုံးရန်မသင့်ဟု ကြေညာထားသည့် ငရုတ်တံသီးမှုန့် အမှတ်တံဆိပ် ၆၁ မျိုးအား ရောင်းချနေခြင်း ရှိ/မရှိဒီဇင်ဘာ ၁၃ ရက်ကသွားရောက် စစ်ဆေးခဲ့ကြသည်။

ထို့နောက် အရာတော်မြို့နယ်၊ စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်တာဝန်ခံ ဒေါ်ခင်မြတ်မူက ခွင့်မပြုဆိုးဆေးများ၊ Aflatoxin B1 နှင့် Impurities များ၏ ဘေးဥပဒ်အန္တရာယ်များအကြောင်းကိုလည်း အသိပညာပေး ဆွေးနွေးခဲ့ပြီး၊ စားသုံးသူများ ဘေးအန္တရာယ်ဖြစ်စေနိုင်မည့် ခွင့်မပြုသည့်တံဆိပ်များ ရောင်းချခြင်းမပြုရန် နှင့် မလိုက်နာက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေနှင့်အညီ အရေးယူခံရ မည့် အကြောင်းကိုလည်း အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ခင်မြတ်မူ (အရာတော်)**

*စာမျက်နှာ (၁၇) ➤➤➤ ဒေါက်တာသန်းမြင့် Vietnam expo 2016 . . . . . မှ အဆက်*

ကိစ္စရပ်များ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် အတွက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုး တိုးတက်ရေး ကော်မတီကိုလည်း ဖွဲ့စည်းပြီးဖြစ်ပါကြောင်း၊ ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်ရန်အတွက် လုပ်ငန်း ကော်မတီများကို သက်ဆိုင်ရာ ဝန်ကြီး ဌာနများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များ ပါဝင်အောင် ဖွဲ့စည်းဆောင်ရွက်ပေးပြီး ဖြစ်ကြောင်း၊ ယင်းကော်မတီမှ ကုန်သည် လုပ်ငန်းရှင်များ၏ ကုန်သွယ်မှု အခက် အခဲများအား ချက်ချင်းဖြေရှင်းပေးပြီး၊ လတ်တလော ဖြေရှင်မရသေးပါကလည်း သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်း ဝိုင်းဝန်း အဖြေရှာဆောင်ရွက်ပေးမှာဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ပါသည်။

ယင်းနောက် တက်ရောက်လာကြသူများက ၎င်းတို့၏ ဆောင် ရွက် ထားရှိမှု အခြေအနေများ၊ တွေ့ကြုံရသည့် အခက်အခဲများအား ရှင်းလင်းတင်ပြကြရာ ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့်တာဝန် ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**TL**

*စာမျက်နှာ (၁၈) ➤➤➤ တရားမဝင်ကုန်သွယ်မှုများကို တားဆီးခြင်းဖြင့် . . . . . မှ အဆက်*

အတွင်းရှိ ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် တားဆီးမှုများ ပြုလုပ်ခဲ့ရာ အမှုတွဲကိုးမှု၊ ကျပ် သိန်းပေါင်း ၄၃၉ သိန်းကျော် တားဆီးနိုင်ခဲ့ပြီး OSS(အကောက်ခွန်)အနေဖြင့် အမှုတွဲ ၂၀၊ ကျပ်သိန်း ပေါင်း ၉၁၅ သိန်းကျော် တားဆီးအရေးယူဆောင်ရွက်နိုင်ခဲ့ပါတယ်။

တရားမဝင် ကုန်သွယ်မှုများလျော့နည်း ပပျောက်မှသာ တရားဝင်ကုန် သွယ်မှု ပြုနေကြတဲ့ ကုန်သည်များလည်း အကျိုးခံစားခွင့် ပိုမိုရရှိလာမှာဖြစ်ပါတယ်။ ဒါ့အပြင် ကုန်စည်များကို ယှဉ်ပြိုင် ရောင်းချရာမှာလည်း တရားသောနည်းနဲ့ ယှဉ်ပြိုင် ရောင်းချနိုင်ကြမှာဖြစ်ပါတယ်။

တရားမဝင် ကုန်သွယ်မှုများ လျော့နည်း ပပျောက်ရေးအတွက် ဌာနဆိုင်ရာများမှ တားဆီး ထိန်းသိမ်းဆောင်ရွက်ရမှာဖြစ်သလို ကုန်သည်လုပ်ငန်းရှင်ကြီးများကလည်း ဒေသတွင်း ကုန်သွယ်မှု ပြုလုပ်နေသူများအား တရားမဝင် ကုန်သွယ်မှု မပြုလုပ်ရေး၊ တရားဝင် လမ်းကြောင်းမှန်ပေါ် သို့ ရောက်ရှိရေး တွန်းအားပေးဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ဒါမှလည်း နိုင်ငံတော်အတွက် ရသင့်ရထိုက်တဲ့ အခွန်အခများ ပြည့်ဝစွာရရှိပြီး ကုန်သွယ်မှုပမာဏလည်း တိုးတက်လာမှာ ဖြစ်ပါတယ်။ တရားမဝင် ကုန်သွယ်မှုတားဆီးခြင်းမှသည် ကုန်သွယ်မှုလုပ်ငန်းများ လမ်းကြောင်းမှန်ပေါ် သို့ ရောက်ရှိနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း တိုက်တွန်း ရေးသားလိုက်ရပါတယ်။

# Basic Elements of GMP & HACCP သင်တန်းဖွင့်လှစ်

မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနနှင့် စားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် Basic Elements of GMP &HACCP သင်တန်းအား ဒီဇင်ဘာ ၁၇ ရက်က မန္တလေးတိုင်းဒေသကြီး၊ ဈေးချိုရှိ စားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းရုံးခန်းတွင် ဖွင့်လှစ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ တိုင်းဦးစီးမှူး၊ အစိုးရနည်းပညာတက္ကသိုလ်မှ ဆရာမများ၊ မြန်မာနိုင်ငံ စားသောက်ကုန်ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးစိန်သောင်းဦး၊ မန္တလေးတိုင်းဒေသကြီး၊ စားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ၊ မန္တလေးတိုင်း ဒေသကြီးမှစားသောက်ကုန်ထုတ်လုပ်သည့်လုပ်ငန်းရှင်များ တက်ရောက်ခဲ့ပါသည်။

မိမိတို့အသင်းအနေဖြင့် စားသောက်ကုန် သန့်ရှင်းစင်ကြယ်ရေး၊ နောင်အနာဂတ်တွင် ကျန်းမာပြီးပျော်ရွှင်သော မိသားစုဘဝများဖြစ်ပေါ်လာစေရေးအတွက် စားသောက်ကုန်ထုတ်လုပ်သောလုပ်ငန်းရှင်များအနေဖြင့် အသင်းကြီး၏ ဦးတည်ချက်သုံးရပ်ဖြစ်သော**"စားသုံးသူများဘေးအန္တရာယ် ကင်းရှင်းရေး၊ သန့်ရှင်းစင်ကြယ်သော စားသောက်ကုန်များ ထုတ်လုပ်တင်ပို့ရောင်းချနိုင်ရေး၊ သွင်းကုန်အစားထိုး စားသောက်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထုတ်လုပ်တင်ပို့ရောင်းချနိုင်ရေး"**တို့အား လိုက်နာဆောင်ရွက်သွားကြရန် သက်ဆိုင်ရာဌာနများမှ လာရောက်စစ်ဆေးပါက အချိန်မရွေး စစ်ဆေးခံနိုင်ရန် အဆင်သင့်ပြင်ဆင် ဆောင်ရွက်သွားကြရန်၊ စားသုံးသူများဘေးအန္တရာယ်ကင်းရှင်းရေးသည် နံပါတ်(၁)အရေးအကြီးဆုံးဖြစ်ကြောင်း၊ လုပ်ငန်းရှင်တိုင်းသည် စားသုံးသူအား ကျေးဇူးရှင်အဖြစ် သဘောထားရန်၊ မိမိတို့လုပ်ငန်းရှင်များက ဘေးအန္တရာယ်ကင်းရှင်းသော စားသောက်ကုန် များထုတ်လုပ်ခြင်းသည် စားသုံးသူများအားကျေးဇူးဆပ်ရာရောက်ကြောင်း၊ ဤသင်တန်းဖွင့်လှစ်ခြင်းအားဖြင့် သန့်ရှင်းကောင်းမွန်သော စားသောက်ကုန်ထုတ်လုပ်သည့်လုပ်ငန်းရှင်များဖြစ်လာစေရန် ရည်ရွယ်၍ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးစန်းဝင်း(မြို့တော်ဘီစကစ်) က ရှင်းလင်းပြောကြားခဲ့ပါသည်။

National Food Safety Consultant (UNIDO) Quality Manager (FIDSL) မှ ဆရာမ ဒေါ်စန်းစန်းမြင့်က မြန်မာနိုင်ငံအတွင်းရှိ စားသောက်ကုန်ထုတ်လုပ်သည့်လုပ်ငန်းရှင်များ အနေဖြင့် စားသုံးသူများ အစားအစာများစားသုံးရာတွင် လုံခြုံစိတ်ချ၊ ဘေးအန္တရာယ်ကင်းရှင်းပြီး စားသုံးရန်သင့်လျော်သော စားသောက်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် GMP (Good Manufacturing Practice )သင်တန်းနှင့် နိုင်ငံတကာအဆင့်မီ သတ်မှတ်ချက်လက်မှတ်ရရှိရန် လိုအပ်သော အခြေအနေများကို ကြိုတင်ပြင်ဆင်မှုများ၊ လိုက်နာဆောင်ရွက်ရမည့်အချက်များကို သိရှိစေရန် မိမိစားသောက်ကုန်တွင် ဘေးဥပဒ်အန္တရာယ်အမျိုးမျိုး ဝင်ရောက်ခြင်း၊ ဖြစ်ပွားခြင်းတို့ကြုံတွေ့ရခြင်းမှ မည်ကဲ့သို့ ကာကွယ်ထိန်းချုပ် သွားမည်ကို စနစ်တကျ ဖော်ဆောင်သွားရန်အတွက် HACCP (Hazard Analysis Critical Control Point) သင်တန်းအား ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ဤသင်တန်းပြီးဆုံးပါက မိမိတို့ တည်ထောင်ထားသောစက်ရုံများအတွင်း အားသာချက်၊ အားနည်းချက်များအား ပြန်လည်ပြုပြင်ပြင်ဆင်လိုက်နာသွားပါက နိုင်ငံတကာအဆင့်အတန်းမီ စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းရှင်များ ဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

Basic Elements of GMP & HACCP သင်တန်းအား သက်ဆိုင်ရာဌာနများနှင့် လုပ်ငန်းရှင်များ ၅၀ ဦးခန့် တက်ရောက်ခဲ့ကြသည်။ သင်တန်းသားများသည် ဒီဇင်ဘာ ၁၉ ရက်တွင် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်ရှိ Super Mandalay Co.,ltd မှ ပိုင်ဆိုင်သည့် တစ်နေ့တန် ၆၀ ကျ ဘုရင်ဘီစကစ်စက်ရုံသို့ သွားရောက်လေ့လာခဲ့ကြသည်။

စက်ရုံမှ တာဝန်ရှိသူများက စက်ရုံဖြစ်ပေါ်လာပုံနှင့် ထုတ်လုပ်ပုံနည်းစဉ် အဆင့်ဆင့်ကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသခဲ့သည်။ ထို့နောက်စက်ရုံဝင်းအတွင်း ကုန်ကြမ်းလက်ခံသိုလှောင်သည့်စနစ်၊ ကုန်ချောသိုလှောင်ဖြန့်ဖြူးသည့် စနစ်၊ ဘီစကစ်ထုတ်လုပ်ပုံနည်းစဉ်အဆင့်ဆင့်၊ စားသောက်ကုန်များအား ဘေးအန္တရာယ်ကင်းရှင်းစေရန် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်နိုင်ရန်အတွက် ဓာတ်ခွဲခန်းတွင် သုတေသနပြု ဆောင်ရွက်နေမှုများကိုလှည့်လည်ကြည့်ရှုခဲ့ကြရာ စက်ရုံမှတာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက်လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိပါသည်။

**ပပ၊ မျိုးထွန်း (မန္တလေး)**

## ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများအား ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်လှစ်

ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနသည် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဝန်ထမ်းများအား ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းကို ပုသိမ်မြို့ စားသုံးသူရေးရာဦးစီးဌာန၊ အစည်းအဝေး ခန်းမ (၁) တွင် ဒီဇင်ဘာ ၂၁ ရက်မှ ၂၃ ရက်အထိ ဖွင့်လှစ်ခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများအား လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရန်၊ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းများပိုမိုဆောင်ရွက်နိုင်ရန်၊ ဝန်ကြီးဌာနအတွင်း ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအား ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်၊ ဝန်ထမ်းများ၏ အရည်အသွေးများ မြင့်မားတိုးတက်စေရန် ရည်ရွယ်၍ အဆိုပါသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်သည်။

အဆိုပါသင်တန်းသို့ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၁၀၀ ခန့် တက် ရောက်ခဲ့ကြသည်။ ထို့ပြင်ယင်းသင်တန်းပြီးဆုံးပါက ဒီဇင်ဘာ ၂၆ ရက်မှ ၂၈ရက်အထိ မွမ်းမံသင်တန်းကို ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မင်းမင်းဦး (ပုသိမ်)**

## ဟောင်ကောင်တွင် Hong Kong International Diamond, Gems & Pearl Show နှင့် Hong Kong International Jewellery Show ကျင်းပမည်

ဟောင်ကောင်မြို့ရှိ Asia World Expo တွင် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်မှ မတ် ၄ ရက်အထိ Hong Kong International Diamond, Gems & Pearl Show ကို လည်းကောင်း၊ Hong Kong Convention & Exhibition Centre တွင် ၂၀၁၇ ခုနှစ်၊ မတ် ၂ ရက်မှ ၆ ရက်အထိ Hong Kong International Jewellery Show ကိုလည်းကောင်း ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါပြပွဲများသို့ မြန်မာနိုင်ငံမှ စိတ်ပါဝင်စားသော ကျောက်မျက်ရတနာ လုပ်ငန်းရှင်များ၊ ပုလဲရောင်းဝယ်ရေး လုပ်ငန်း ရှင်များ ပါဝင်ပြသနိုင်ပြီး ပြသလိုပါက ဒေါ်မေဦးခိုင်၊ Managing Director ၊ ဒေါ်သူဇာထွန်း (မန်နေဂျာ)၊ ၀၉-၇၉၅၅၃၂၅၄၁ Ocean Crown Services Company Limited ၊Hong Kong Trade Development Council's Official Agent ၊ No.40,Ground Floor,9th Street, Lanmadaw Township, Yangon, Myanmar ၊ Tel:2303075,229784,09-795532541,09-73105889 ၊ Email:sales@ambmyanmartravels.com,reservation@ambmyanmartravels.com, ၊ ticketing@ambmyanmartravels.com,operation@ambmyanmartravels.com သို့ ဆက်သွယ်စာရင်းပေးနိုင်ပါကြောင်း သိရှိရပါသည်။

**Su Mon Thein(TD)**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြီရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
## ၂၆-၁၂-၂၀၁၆ မှ ၁-၁-၂၀၁၇ ရက်နေ့ထိ

**ဒေါ်မြတ်မြတ်အေး**
**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**



**တနင်္ဂနွေသားသမီးများအတွက်** အလုပ်အတွက် စိတ်တိုင်းမကျ ဖြစ်နေတတ်သည်။ စားသောက်ကုန်လုပ်ငန်းနှင့်အကျိုးပေးနိုင်ပါသည်။ ဝန်ထမ်းဖြစ်ပါက ရာထူးတိုးရန် မျှော်လင့်ချက်ရှိပါသည်။ ပညာရေးနှင့်ပတ်သက်၍ စိတ်ဝင်စားမှုအားနည်းနေတတ်သည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အစာအိမ်ရောဂါခံစားရတတ်သည်။ အချစ်ရေးတွင် ချစ်ခင်သူပေါ်များနေတတ်သည်။ အိမ်ထောင်ရှိပြီးသူဖြစ်လျှင် အိမ်ထောင်ရေးတည်မြဲရန် ကြိုးစားသင့်ပါသည်။ **ယတြာ။ ။မွေးနေ့တွင် သတ္တဝါကိုဘေးမဲ့လွှတ်ပါ။**



**တနင်္လာသားသမီးများအတွက်** လုပ်ငန်းခွင်အဆင်ပြေနေမည်။ ထိပေါက်ခြင်း၊ အမွေအနှစ်စကားပြောရခြင်းရှိမည်။ ပညာရေးအားနည်းချက်ပေါ်တတ်သည်။ ကြိုးစားပါက အခွင့်ကောင်းရနိုင်သည်။ ကျန်းမာရေးတွင် မျက်စိ၊ လည်ပင်း၊ နား၊ နှာခေါင်းတို့နှင့် ပတ်သက်သောရောဂါဖြစ်တတ်သည်။ အချစ်ရေးတွင်စိတ်ထားပြောင်းတတ်သည်။ သံသယအတွေးဖြင့်သာအချိန်ကုန်နေတတ်သည်။

**ယတြာ။ ။ဘုရားတွင်ရွှေထီးလှူပါ။**



**အင်္ဂါသားသမီးများအတွက်** ကိုယ်ပိုင်စီးပွားရေးအောင်မြင်ဖြစ်ထွန်းနေမည်။ ဆန်၊ စပါး၊ ပဲ၊ ပြောင်း၊ ဂျုံ၊ မြေထွက်သီးနှံ များ အကျိုးပေးနိုင်ပါသည်။ ပညာရေးတွင် စိတ်တိုင်းကျသင်ယူခွင့်ရနေလိမ့်မည်။ ကျန်းမာရေးနှင့် ပတ်သက်ပြီး အနာဟောင်းများပြန်လည်၍ ရောဂါခံစားရတတ်သည်။ အချစ်ရေး ကံမကောင်းသေးပါ။ စိတ်တိုင်းကျမှု အားနည်းနေလိမ့်မည်။ **ယတြာ။ ။ဘုရားတွင် ရေသပ္ပာယ်ပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** အပေါင်းအသင်းများနှင့်တွဲဖက်၍ စီးပွားရေးလုပ်ငန်းတို့ကို လုပ်ကိုင်နေရတတ်သည်။ ထွက်ငွေများနေမည်။ လူအထင်ကြီးခံရတတ်သည်။ ပညာရေးတွင် မိမိနှစ်သက်ရာ ပညာရပ်ကိုလေ့လာသင်ကြားနေရတတ်သည်။ ကျန်းမာရေးနှင့်ပတ်သက်၍ စိုးရိမ်စရာမရှိပါ။ လေ၊ အကြောဝေဒနာခံစားရတတ်သည်ကို သတိရှိသင့်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် ခင်တွယ်သံယောဇဉ်ရှိသူပေါ်များနေမည်။ **ယတြာ။ ။ဘုန်းကြီးကျောင်းသို့ ဆွမ်းချိုင့်ပို့ပါ။**



**ကြာသပတေးသားသမီးများအတွက်** လုပ်ငန်းခွင်တွင် အခြေအနေအရ စွန့်စားလုပ်ကိုင်နေရတတ်သည်။ သတင်းကောင်းကြားရတတ်သည်။ ပညာရေးတွင် ထူးချွန်နေတတ်သည်။ ကျန်းမာရေးအနေဖြင့် မျက်စိရောဂါ၊ ဆီးရောဂါ၊ လေရောဂါတို့ဖြစ်တတ်သည်။ ကုသလျှင်ပျောက်ကင်းလွယ်ပါသည်။ အချစ်ရေးနှင့်အိမ်ထောင်ရေးတွင် နှလုံးသားရေးအတွက် ပတ်ဝန်းကျင်၏ လှုံ့ဆော်မှုကြောင့် မေတ္တာရေးအတွက် စိတ်ဝင်စားလာတတ်သည်။ **ယတြာ။ ။စတော်ဘယ်ရီသီးလှူပါ။**



**သောကြာသားသမီးများအတွက်** လုပ်ချင်စိတ်ပြင်းထန်ပြီး ဆန္ဒစောနေတတ်သည်။ ပိုးချည်ထုတ်လုပ်သောလုပ်ငန်းလုပ်လျှင် အောင်မြင်မှုရရှိနိုင်ပါသည်။ ပညာရေးတိုးတက်ကောင်းမွန်နေမည်။ ဆရာသမားများ၏ အကူအညီကို ရယူရလိမ့်မည်။ ကျန်းမာရေးတွင် အရေပြားထိခိုက်ဒဏ်ရာရခြင်း ရှိတတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် မိမိ၏ ရည်ရွယ်ချက်ပြည့်မီလာပါလိမ့်မည်။

**ယတြာ။ ။သစ်သီးများလှူဒါန်းမှုပြုပါ။**



**စနေသားသမီးများအတွက်** လုပ်ငန်းခွင်စရန် ငွေ အရင်းအနှီး အင်အား နည်းပါးနေတတ်သည်။ ပညာရေးတွင် လုံ့လ ဝီရိယ စွမ်းအားနှင့် ပြည့်စုံနေမည်။ ကျန်းမာရေးကို ဂရုမစိုက်ဖြစ်သောကြောင့် အပ်နှင့်ထွင်းရမည့် ရောဂါသည် ပေါက်ဆိန်နှင့်ခုတ်ရမည့် အခြေအနေရောက်ရှိတတ်ပါသည်။ အချစ်ရေး ကံကောင်းနေမည်။ အိမ်ထောင်ပြုရန်အတွက် မဖြစ်နိုင်သေးပါ။ လက်ထပ်ရန် အခက်အခဲရှိနေတတ်သည်။

**ယတြာ။ ။သစ္စာပန်းဘုရားလှူပါ။**

# ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ် ကုန်သွယ်ရေးစခန်းများမှ ITC ကတ်ဖြင့် ကုန်သွယ်မှု ကျပ်သန်း ၇၀၀၀ နီးပါးရှိခဲ့ပြီး မြဝတီကုန်သွယ်ရေးဇုန်မှ အများဆုံးကုန်သွယ်နိုင်

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒီဇင်ဘာ ၂ရက်အထိ ကုန်သွယ်ရေးစခန်းများနဲ့ ကုန်သွယ်ရေးဇုန်များမှ တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် (ITC) ကတ်ဖြင့် ကုန်သွယ်မှု ပမာဏ ကျပ်သန်း ၆၉၂၀ ကျော် ကုန်သွယ်နိုင်ခဲ့ပြီး မြဝတီ ကုန်သွယ်ရေးဇုန်မှ အများဆုံး ကုန်သွယ်နိုင်တယ်လို့ ကုန်သွယ်ရေး စခန်းများမှ သိရပါတယ်။

ITC ကတ်ဖြင့် ယခုဘဏ္ဍာနှစ် ဒီဇင်ဘာ ၂ရက်အထိ ပို့ကုန်ဆောင်ရွက်နိုင်မှုမှာ ကျပ် ၆၄၂ သန်းကျော် ရှိပြီး သွင်းကုန်ဆောင်ရွက်နိုင်မှုမှာ ကျပ် ၆၂၇၈ သန်းကျော် ကုန်သွယ်မှုပြုလုပ်နိုင်ပြီး စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ ကျပ်သန်း ၆၉၂၀ ကျော် ရရှိထားပြီးဖြစ်ကြောင်း ကုန်သွယ်မှုစာရင်းများအရ သိရသည်။

ကုန်သွယ်ရေး စခန်းအလိုက် ITC ကတ်နဲ့ ကုန်သွယ်မှုပမာဏမှာ မူဆယ်ကုန်သွယ်ရေးဇုန်မှ ကျပ် ၅၂၆ သန်းကျော်၊ မြဝတီကုန်သွယ်ရေးဇုန်မှ ကျပ် ၂၇၀၄ သန်းကျော်၊ တမူးကုန်သွယ်ရေးစခန်းမှ ကျပ် ၅၁၁ သန်းကျော်၊ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ ကျပ် ၄၈၁ သန်းကျော်၊ လွယ်ဂျယ် ကုန်သွယ်ရေးစခန်းမှ ကျပ် ၁ဒသမ ၇ သန်းကျော်၊ ကန်ပိုက်တီး ကုန်သွယ်ရေးစခန်းမှ ကျပ် ၁၅၂၃ သန်းကျော်၊ ကော့သောင်း ကုန်သွယ်ရေးစခန်းမှ ကျပ် ၂၂၅ သန်းကျော်၊ ရိဒ်ကုန်သွယ်ရေးစခန်းမှ ကျပ် ၃၂၆ သန်းကျော်၊ မောတောင်ကုန်သွယ်ရေးစခန်းမှ ကျပ် ၆၀၉ သန်းကျော်၊ ကျိုင်းတုံ ကုန်သွယ်ရေးစခန်းမှ ကျပ် ၁၀သန်းကျော်၊ မယ်စဲ့ ကုန်သွယ်ရေးစခန်းမှ ကျပ် ၁ ဒသမ ၅ သန်းကျော် ကုန်သွယ်မှုပြုထားပြီဖြစ်ကြောင်း သိရသည်။

ကုန်သွယ်ရေးစခန်းများမှ ဘဏ္ဍာနှစ်အလိုက် ITC ကတ် ထုတ်ပေးမှုမှာ ၂၀၁၂ - ၁၃ ဘဏ္ဍာနှစ်တွင် ITC ကတ် ၂၉၂ ကတ်၊ ၂၀၁၃-၁၄ ဘဏ္ဍာနှစ်တွင် ITC ကတ် ၂၆၁ ကတ်၊ ၂၀၁၄-၁၅ ဘဏ္ဍာနှစ်တွင် ITC ကတ် ၃၁၇ ကတ်၊ ၂၀၁၅ - ၁၆ ဘဏ္ဍာနှစ်တွင် ITC ကတ် ၁၄၆ကတ်၊ ၂၀၁၆ - ၁၇ ဘဏ္ဍာနှစ်တွင် ဒီဇင်ဘာ ၂ရက်အထိ ITC ကတ် ၁၃၆ ကတ်၊ စုစုပေါင်း ၁၁၅၂ ကတ် ထုတ်ပေးခဲ့ကြောင်း စာရင်းများအရ သိရသည်။

ITC ကတ် စတင်ထုတ်ပေးသည့်နေ့မှစပြီး ၂၀၁၆ခု ဒီဇင်ဘာ ၂ရက်အထိ ထုတ်ပေးခဲ့သည့် ITC ကတ် ၁၁၅၂ အနက် သက်တမ်းကုန်ပြီး၊ လုပ်ငန်းလုပ်ဆောင်ခြင်း မရှိသည့် ITC ကတ် ၄၇၀ကတ်ကို ပယ်ဖျက်ပြီး ယခုလက်ရှိတွင် လက်ကျန် ITC ကတ် ၆၈၂ ကတ်ဖြင့် ကုန်သွယ်ရေးစခန်းများတွင် လုပ်ငန်းလုပ်ဆောင်လျက်ရှိကြောင်း ကုန်သွယ်ရေးစခန်းများမှ သိရသည်။

**ခင်မိုးသူ**

# ဘိုကလေးမြို့ရပ်ကွက်(၁၀) ရပ်ကွက်ရှိ ကုန်စုံဆိုင်နှင့် ဆေးဝါးအရောင်းဆိုင်များအား စစ်ဆေးရာတွင် မြို့နယ်စားသုံးသူရေးရာဦးစီးဌာနက ပူးပေါင်းဆောင်ရွက်

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ရောင်းချလျက်ရှိသည့် စပါယ်ဦး၊ ရွှေရတနာ၊ မူမူဆွေ၊ ဖိန့်ဖိန်အမှတ်တံဆိပ်ပါ ငရုတ်သီးမှုန့်များတွင် Aflatoxion များပါဝင်နေကြောင်း စိစစ်တွေ့ရှိရပြီးနောက်ပိုင်း၊ မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီများအနေဖြင့် မိတ်ဖက်အဖွဲ့အစည်းများဖြင့် ပေါင်းစပ်ညှိနှိုင်းဖျက်ဆီးရန် ဗဟိုအစား အသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီက လမ်းညွှန်ခဲ့ပါသည်။ ဗဟိုအစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီ၏ ညွှန်ကြားချက်နှင့်အညီ ဒီဇင်ဘာ၂ ရက်က ဘိုကလေးမြို့နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့က ဈေးကွက်အတွင်း ဝင်ရောက်စစ်ဆေးရာတွင် ဘိုကလေးမြို့နယ် စားသုံးသူရေးရာဌာနက ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပါသည်။

ထို့နောက် ဒီဇင်ဘာ ၆ ရက်တွင်လည်း ပြိုင်စံရှားအမှတ်တံဆိပ် ရှောက်ပေါင်း(အစပ်) အစားအစာတွင် ခွင့်မပြုဆိုးဆေးပါရှိကြောင်း စိစစ်တွေ့ရှိချက်အရ မြို့နယ်အစားအသောက်ကွပ်ကဲရေးအဖွဲ့နှင့် ပူးပေါင်းအဖွဲ့တို့သည် မြို့မဈေးအတွင်း ဈေးဆိုင် ၁၀ ဆိုင်နှင့် အောင်သပြေဈေးအတွင်း/အပြင် ရှစ်ဆိုင်အား ဈေးအတွင်း ကွင်းဆင်းစစ်ဆေးရန် မြို့နယ်စားသုံးသူရေးရာအဖွဲ့မှ ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

ထို့အတူ ဒီဇင်ဘာ ၁၂ ရက်တွင် ကုတင် ၁၀၀ ဆေးရုံအုပ်ကြီး ဒေါက်တာခင်စိုးမိုးဝင်း ဦးဆောင်သော မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးအဖွဲ့သည် ဌာနဆိုင်ရာများနှင့်အတူ စားသုံးသူရေးရာဦးစီးဌာနမြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ပူးပေါင်းပါဝင်လိုက်ပါ၍ မြို့ပေါ်ရှိ ရပ်ကွက် ၁၀ ရပ်ကွက်ရှိ ဆေးဝါးရောင်းချသည့် ဆေးဆိုင် ၁၄ ဆိုင်ကို ကာကွယ်ဆေးများရောင်းချခြင်း၊ စံမညီဆေးများ၊ စပ်ဆေးများ၊ ထိုးဆေးများ၊ နှလုံးသွေးကြောဆိုင်ရာဆေးများ၊ ဦးနှောက်နှင့်အာရုံကြောဆိုင်ရာဆေးများ၊ ဟော်မုန်းဆေးများ ထိန်းချုပ်ဆေးဝါးများ၊ ဆေးဝါးအတု၊ သက်တမ်းလွန်ဆေး၊ ဆေးဝါးများစနစ်တကျ သိုလှောင်ထားရှိခြင်း၊ မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆရာဝန်ညွှန်ကြားချက်ဖြင့်သာ သုံးစွဲရမည့် ဆေးဝါးများ၊ ဆေးဝါးကျွမ်းကျင်သူ၏ ကြီးကြပ်ခြင်းရှိ၊ မရှိအခြေအနေများကို ပုံမှန်စစ်ဆေးခြင်းဖြင့် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြတယ်လို့ သိရပါသည်။ **မောင်ဇော်(ဘိုကလေး)**

**စာမျက်နှာ (၁၂) ➤➤➤ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေဖို့ . . . . . မှ အဆက်**

၁၆၈၅၇ ကီလို၊ သလင်းကျောက် ၅၁၁၃ ကီလို၊ စိတ်ကြွဆေးပြား ၆၃၈၀၀ ပြား၊ သစ်ခွ ၁၂ တန်၊ သစ်မျိုးစုံသစ်ဆိုဒ်စုံ တန်ချိန် ၁၀၄၀၅ တန်၊ ဘီယာဘူးမျိုးစုံ ၂၁၃၆၅၁၇ လုံး၊ အရက်ပုလင်းမျိုးစုံ ၈၅၉၆၉ လုံး၊ ဝိုင်ပုလင်းမျိုးစုံ ၁၂၉၄၇၁ လုံး၊ တားမြစ်ထိန်းချုပ်ဓာတုဆေးရည် ၁၀၄၇၅ ကီလို၊ အေးခဲအသားမျိုးစုံ ၁၇၉၇၄၈ ကီလို၊ တယ်လီဖုန်း ဟန်းဆက်မျိုးစုံ ၅၅၀၂၃ လုံး၊ မော်တော်ဆိုင်ကယ်မျိုးစုံ ၅၃၁ စီး၊ ဖောက်ခွဲရေးပစ္စည်း ယမ်းအဖြစ်သုံးသည့် အမိုးနီးယားနိုက်ထရိတ် ၁၃၅၀၇ အိတ်၊ ၅၄၀၂၈၀ ကီလို၊ ဖောက်ခွဲရေးပစ္စည်းယမ်းနှင့် အသုံးပြုမည့် လျှပ်စစ် Detonator ၃၃၉၀၀၀ ခု၊ ကျွဲ ၁၁၆ ကောင်၊ နွား ၉၉ ကောင်၊ ဆိတ် ၁၀၃၀ ကောင်၊ ရွှေချောင်း ၁၉ ကီလို၊ မူးယစ်ဆေးဝါး အိုက်(စ်) ပုံဆောင်ခဲ ၅၃ ကီလိုတို့ကို ဖမ်းဆီးရမိခဲ့ပါတယ်။

**အရည်အသွေးရှိပို့ကုန်များ တိုးတက်တင်ပို့နိုင်ရေး**

အရည်အသွေးမြင့်ပို့ကုန်များ တိုးတက်တင်ပို့နိုင်ရေးဟာ ပို့ကုန်မြှင့်တင်ရေးကို အထောက်အကူပြုမှာ ဖြစ်ပါတယ်။ နိုင်ငံတိုင်း နိုင်ငံတိုင်းဟာ ခေတ်မီတိုးတက်လာတဲ့အလျောက် အရည်အသွေးကို အဓိကထားတဲ့ စားသုံးမှုပုံစံကို တဖြည်းဖြည်းနဲ့ ပြောင်းလဲလာခဲ့တာ ကြာခဲ့ပြီဖြစ်ပါတယ်။

အရည်အသွေးကို အဓိကထားတဲ့ ဈေးကွက်ခေတ်ကို ရောက်လာတဲ့အတွက် မြန်မာနိုင်ငံက ပို့ကုန်လုပ်ငန်းရှင်များ၊ စိုက်ပျိုးထုတ်လုပ်သူ လုပ်ငန်းရှင်များအနေနဲ့ အရည်အသွေးကောင်းတဲ့ ကုန်ပစ္စည်းများ၊ အသီးအနှံများကို စိုက်ပျိုးထုတ်လုပ်ကြရမှာ ဖြစ်ပါတယ်။

အရည်အသွေးကောင်းမှ ဈေးကောင်းရမှာဖြစ်သလို အရည်အသွေးကောင်းမှလည်း အရေအတွက် များပြားလာမှာဖြစ်ပါတယ်။ ဒါကြောင့် အရည်အသွေးသည် အဓိကဆိုသလို အရည်အသွေးကောင်းတဲ့ ပို့ကုန်ပစ္စည်းများ တိုးတက်တင်ပို့နိုင်ဖို့အတွက် ခေတ်မီနည်းပညာများကို အသုံးပြုကြရမှာ ဖြစ်ပါတယ်။ ဒါမှသာ အရည်အသွေးကောင်းတဲ့ ကုန်ပစ္စည်းများ တိုးတက် တင်ပို့နိုင်ပြီး ပို့ကုန်ပိုမို တင်ပို့လာနိုင်မှာဖြစ်ပြီး ကုန်သွယ်မှု ပိုမိုလွယ်ကူ လျင်မြန်ချောမွေ့လာမှာ ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

❑



# မြို့ကြီးများ၏ ၂၆-၁၂-၂၀၁၆ မှ ၃၀-၁၂-၂၀၁၆ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂၆-၁၂-၂၀၁၆) | အင်္ဂါ(၂၇-၁၂-၂၀၁၆) | ဗုဒ္ဓဟူး(၂၈-၁၂-၂၀၁၆) | ကြာသပတေး(၂၉-၁၂-၂၀၁၆) | သောကြာ(၃၀-၁၂-၂၀၁၆) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၃°C/၉၁°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F |
| ရန်ကုန်မြို့ | နေသာ ၃၄°C/၉၁°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၈၉°F |
| မန္တလေးမြို့ | နေသာ ၃၀°C/၈၆°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၄°F |
| မြစ်ကြီးနား | နေသာ ၂၆°C/၇၉°F | ၁၀% ၂၅°C/၇၇°F | နေသာ ၂၆°C/၇၈°F | နေသာ ၂၆°C/၇၉°F | နေသာ ၂၆°C/၇၉°F |
| လားရှိုး | နေသာ ၂၅°C/၇၇°F | ၁၀% ၂၄°C/၇၆°F | ၃၀% ၂၄°C/၇၅°F | တိမ်အသင့်အတင့် ၂၄°C/၇၅°F | နေသာ ၂၄°C/၇၆°F |
| ကျိုင်းတုံ | နေသာ ၂၈°C/၈၃°F | နေသာ ၂၇°C/၈၀°F | ၇၀% ၂၂°C/၇၂°F | နေသာ ၂၄°C/၇၅°F | နေသာ ၂၄°C/၇၅°F |
| လွိုင်ကော် | နေသာ ၂၈°C/၈၃°F | နေသာ ၂၈°C/၈၂°F | ၆၀% ၂၅°C/၇၇°F | တိမ်အသင့်အတင့် ၂၄°C/၇၆°F | နေသာ ၂၄°C/၇၆°F |
| တောင်ကြီး | နေသာ ၂၂°C/၇၂°F | နေသာ ၂၂°C/၇၁°F | တိမ်အသင့်အတင့် ၂၁°C/၆၉°F | တိမ်အသင့်အတင့် ၂၁°C/၆၉°F | နေသာ ၂၁°C/၆၉°F |
| မော်လမြိုင် | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F |
| ဘားအံ | နေသာ ၃၅°C/၉၅°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၂°C/၉၀°F |
| တောင်ငူ | နေသာ ၃၃°C/၉၁°F | နေသာ ၃၂°C/၉၀°F | ၁၀% ၃၁°C/၈၇°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၂°C/၈၉°F |
| မုံရွာ | နေသာ ၂၉°C/၈၅°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၈°C/၈၃°F |
| ပုသိမ် | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၁°C/၈၈°F |
| မြိတ် | တိမ်ထူထပ် ၃၃°C/၉၁°F | တိမ်ထူထပ် ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၈၉°F |
| စစ်တွေ | တိမ်အသင့်အတင့် ၂၉°C/၈၄°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၅°F | နေသာ ၃၁°C/၈၇°F |
| မကွေး | နေသာ ၃၂°C/၉၀°F | နေသာ ၃၀°C/၈၆°F | နေသာ ၂၉°C/၈၅°F | နေသာ ၃၀°C/၈၆°F | နေသာ ၃၀°C/၈၆°F |
| ဖလမ်း | နေသာ ၂၀°C/၆၈°F | နေသာ ၁၉°C/၆၆°F | နေသာ ၁၉°C/၆၆°F | နေသာ ၁၈°C/၆၅°F | နေသာ ၁၉°C/၆၆°F |




## အင်အားပြင်းတိုင်ဖွန်းမုန်တိုင်း နော့တန် ဖိလစ်ပိုင်နိုင်ငံသို့ ဝင်ရောက်တိုက်ခတ်မည်

ဖိလစ်ပိုင်ပင်လယ်ပြင်တွင် ဖြစ်ပေါ်လျက်ရှိသည့် လေဖိအားနည်းရပ်ဝန်းသည် အင်အားပိုမိုကောင်းလာကာ အင်အားပြင်းတိုင်ဖွန်းမုန်တိုင်း နော့တန်အဖြစ် ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့သို့ ဝင်ရောက်တိုက်ခတ်မည်ဖြစ်ကြောင်း မနီလာသတင်းတွင် ဖော်ပြထားသည်။

အဆိုပါနော့တန်မုန်တိုင်းသည် မနီလာမြို့သို့ ခရစ္စမတ်နေ့တွင် ဝင်ရောက်တိုက်ခတ်မည်ဟု ခန့်မှန်းထားပြီး လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၁၉၄ ကီလိုမီတာ(မိုင် ၁၂၀ခန့်)ရှိမည်ဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံမိုးလေဝသဌာနက ခန့်မှန်းထားသည်။

နော့တန်မုန်တိုင်းသည် ဖိလစ်ပိုင် ပင်လယ်ပြင်တွင် လေဖိအားနည်းရပ်ဝန်းအဖြစ် တည်ရှိနေပြီး တစ်နာရီလျှင် ၂၄၁ ကီလိုမီတာနှုန်းဖြင့်ရွေ့လျားလျက်ရှိသည်ဟု ဆိုသည်။

ဖိလစ်ပိုင် မိုးလေဝသဌာန၏ ခန့်မှန်းချက်အရ အဆိုပါမုန်တိုင်းသည် နောက် ၄၈ နာရီအတွင်း မနီလာမြို့အနီးသို့ ချဉ်းကပ်လာနိုင်ပြီး အစောဆုံး ခရစ္စမတ်နေ့တွင် ဝင်ရောက်တိုက်ခတ်မည်ဟု ဆိုသည်။

"ခရစ္စမတ်နေ့ဖြစ်တဲ့အတွက် ထိခိုက်ဆုံးရှုံးမှုတွေ ပိုများလာနိုင်ပါတယ်။ ပြည်သူတွေအနေနဲ့ ခရစ္စမတ်ပွဲကို ကျင်းပတဲ့အခါမှာ သတိထားကြဖို့၊ မုန်တိုင်းနဲ့ လွတ်ကင်းတဲ့နေရာတွေမှာသာ ကျင်းပဖို့ သတိပေးထားပါတယ်"ဟု သဘာဝဘေးအန္တရာယ်လျော့ပါးရေးနှင့် စီမံခန့်ခွဲရေးကောင်စီမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ရိုမီးနားမာရာစီဂန်က ပြောကြားခဲ့သည်။

ဒီဇင်ဘာ ၂၃ ရက်တွင် အဆိုပါမုန်တိုင်း နော့တန်သည် လူဇုန်ကျွန်းသို့ ချဉ်းကပ်နေပြီး အရှေ့ဘက်သို့ ဦးတည်ရွေ့လျားသွားနိုင်ကြောင်း အမေရိကန်နိုင်ငံ တိုင်ဖွန်းမုန်တိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့က ပြောကြားခဲ့သည်။

ယခုအချိန်သည် ခရစ္စမတ်ရာသီကာလဖြစ်၍ ဖိလစ်ပိုင်ပြည်သူများသည် မိသားစုတွေ့ဆုံပွဲများပြုလုပ်ရန် နေရပ်သို့ ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းများဖြင့် သွားလာနေကြသည့် အချိန်ပင်ဖြစ်သည်။

အင်အားပြင်းမုန်တိုင်း နော့တန်ကြောင့် လေပြင်းများတိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းကာ ရေလွှမ်းမိုးမှုများ၊ မြေပြိုကျမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း ဖိလစ်ပိုင်မိုးလေဝသဗျူရိုက သတိပေးချက်များ ထုတ်ပြန်ထားသည်။

**မယ်သီတာ**

## အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း အီဗက် ဩစတြေးလျနိုင်ငံသို့ ဝင်ရောက်တိုက်ခတ်မည်

အိန္ဒိယသမုဒ္ဒရာတွင် ဖြစ်ပေါ်နေသည့် လေဖိအားနည်းရပ်ဝန်းသည် အားကောင်းလာပြီး ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိကာ ဩစတြေးလျ နိုင်ငံသို့ဝင်ရောက်တိုက်ခတ်မည်ဖြစ်ကြောင်း ဩစတြေးလျမိုးလေဝသဗျူရိုက သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် ဩစတြေးလျနိုင်ငံ ကင်ဘာလေဒေသသို့ ဝင်ရောက်တိုက်ခတ်မည်ဖြစ်ပြီး ဆိုင် ကလုန်းမုန်တိုင်း အီဗက်(Yvette) အမည်ဖြင့် ဝင်ရောက်တိုက်ခတ်မည်ဖြစ်ကြောင်း weather.com တွင် ဖော်ပြထားသည်။

ဆိုင်ကလုန်းမုန်တိုင်း အီဗက်သည် ဩစ




တြေးလျနိုင်ငံ၊ လာမောက်မြို့၏ မြောက်ဘက် ကီလိုမီတာ ၉၀၀ ခန့်အကွာတွင် တည်ရှိနေပြီး မြောက်ဘက်သို့ တစ်နာရီလျှင် ၁ ဒသမ ၈ ကီလိုမီတာ( ၁ ဒသမ ၁မိုင်) နှုန်းဖြင့်ရွေ့လျားရှိသည်ဟု ဆိုသည်။

ယင်းမုန်တိုင်းသည် အစပိုင်းတွင် တစ်နာရီလျှင် ၄၆ မိုင်နှုန်းဖြင့် တိုက်ခတ်နိုင်သော်လည်း ကုန်းတွင်းပိုင်းသို့ ရောက်ရှိချိန်တွင် ၇၈ ဒသမ ၄ မိုင်နှုန်းဖြင့် တိုက်ခတ်နိုင်ကြောင်း ဩစတြေးလျနိုင်ငံ မိုးလေဝသဗျူရိုက ခန့်မှန်းထား သည်။

အီဗက်သည် နောက်နှစ်ရက်အတွင်း ဩစတြေးလျနိုင်ငံအနောက်ပိုင်း ကမ်းခြေဒေသသို့ မဝင်ရောက်နိုင်ကြောင်း၊ နိုင်ငံ၏အရှေ့တောင်ဘက်ရှိပီလ်ဘာရာဒေသနှင့်ကင်ဘာလေ အနောက်ပိုင်းတို့ကိုသာ ဝင်ရောက်တိုက်ခတ်နိုင်ကြောင်း ဩစတြေးလျ မိုးလေဝသဌာနက ခန့်မှန်းထားသည်။

သို့သော် ခရစ္စမတ်ကာလအတွင်း ဆိုင်ကလုန်းမုန်တိုင်းဝင်ရောက်တိုက်ခတ်မည်ကို စိုးရိမ်နေကြသည့် ဩစတြေးလျပြည်သူများမှာ မုန်တိုင်းတိုက်ခတ်မည်ဟု ကြေညာထားသော်လည်း ခရစ္စမတ် ပွဲတော်ကို ကျင်းပကြမည်ဟု ဆိုသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် ဩစတြေးလျ အနောက်ပိုင်းဒေသများသို့ ခရစ္စမတ်ပွဲတော်ကာလပြီးမှသာ ဝင်ရောက်တိုက်ခတ်မည်ဖြစ်သော်လည်း ထိုအချိန်တွင် မုန်တိုင်းသည် အားပျော့ပျက်ပြယ်သွားနိုင်လောက်သည့် အခြေအနေသို့ ရောက်ရှိနိုင်ကြောင်း JWTC က ခန့်မှန်းထားသည်။

**မယ်သီတာ**




## ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများ ငွေလွှဲနိုင်ရန်အတွက် ကက်စီကွန်းဘဏ်နှင့် ကမ္ဘောဇဘဏ်တို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

ထိုင်းနိုင်ငံတွင် ရောက်ရှိနေသည့် မြန်မာရွှေ့ပြောင်း အလုပ်သမားများ လွယ်လင့်တကူ ငွေလွှဲပြောင်းနိုင်ရန်အတွက် ထိုင်းနိုင်ငံမှ ကက်စီကွန်းဘဏ် (Kasikorn Bank-KBank)နှင့် မြန်မာနိုင်ငံမှ ကမ္ဘောဇဘဏ်တို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို ရန်ကုန်မြို့၊ ကမ်းနားလမ်းရှိ ကမ္ဘောဇဘဏ်တွင် ဒီဇင်ဘာ ၂၃ ရက်က ကျင်းပခဲ့သည်။

အဆိုပါ နားလည်မှုစာချွန်လွှာအရ ထိုင်းနိုင်ငံမှ မြန်မာအလုပ်သမားများအနေဖြင့် မြန်မာနိုင်ငံရှိ မိဘဆွေမျိုးများထံသို့ ငွေလွှဲပြောင်းပေးပို့ရန်အတွက် လွယ်ကူလျင်မြန်စေမည်ဖြစ်သည်။ အဆိုပါအစီအစဉ်ကို လာမည့်နှစ် မတ်လနောက်ဆုံးပတ်တွင် စတင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

"ငွေလွှဲခ နှုန်းထားကတော့ အသက်သာဆုံးဖြစ်အောင် စီစဉ်နေပါတယ်။ ဖြစ်နိုင်ရင် ပထမဦးဆုံးစတင်တဲ့ လတွေမှာ ငွေလွှဲဝန်ဆောင်ခကို လုံးဝမယူဘဲနဲ့ ဆောင်ရွက်ပေးသွားနိုင်ဖို့ ညှိနှိုင်းလျက်ရှိပါတယ်"ဟု ကမ္ဘောဇဘဏ်မှ ဒုတိယဥက္ကဋ္ဌဖြစ်သူ ဦးမောင်မောင်က ပြောကြားခဲ့သည်။

ငွေလွှဲခြင်းကို ကက်စီကွန်းဘဏ်၏ မိုဘိုင်း App ကို အသုံးပြုကာပေးပို့နိုင်မည်ဖြစ်သည်။ ထိုင်းနိုင်ငံမှ ငွေလွှဲပေးပို့သူများအနေဖြင့် အဆိုပါ App ကို အသုံးပြုပြီး မိမိလွှဲလိုက်သည့်ငွေကို ကြည့်ရှုစစ်ဆေးနိုင်မည်ဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံမှ ငွေလွှဲလက်ခံရရှိသူအနေဖြင့် မိမိလက်ခံရရှိသည့် ငွေပမာဏကို ၎င်းတို့၏ငွေစုဘဏ်စာရင်းသို့မဟုတ် စုပွားငွေစုစနစ်တွင်းသို့ ထည့်သွင်းနိုင်ပြီး အတိုးငွေရရှိခံစားနိုင်မည်ဖြစ်သည်။ ထို့ပြင် အဆိုပါငွေအား ထုတ်ယူလိုပါကလည်း ကမ္ဘောဇဘဏ်၏ ဘဏ်ခွဲတိုင်းတွင် ထုတ်ယူနိုင်ကြောင်း သိရသည်။

ထိုင်းကက်စီကွန်းဘဏ် အနေဖြင့်လည်း ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်း အလုပ်သမားများရှိသည့်စက်ရုံများသို့ သွားရောက်၍ အဆိုပါငွေလွှဲစနစ်ကို ကျင့်သုံးနိုင်ရေးအတွက် လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ကမ္ဘောဇဘဏ်၏ အပြည်ပြည်ဆိုင်ရာဘဏ်လုပ်ငန်းဌာနမှ အုပ်ချုပ်မှုဒါရိုက်တာဖြစ်သူ ဦးဝင်းလွင်က "ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံကို ငွေလွှဲပို့နိုင်တဲ့ ဒီယုံကြည်စိတ်ချရတဲ့ ဝန်ဆောင်မှုဟာ ရွှေ့ပြောင်းလုပ်သားတွေ ကြုံတွေ့နေကျ၊ တခြားငွေလွှဲလုပ်ငန်းတွေထက်ပိုပြီး အသုံးပြုရလွယ်ကူသလို အခက်အခဲတွေလည်း သိသိသာသာ လျော့နည်းစေမှာဖြစ်ပါတယ်။ ကက်စီကွန်းဘဏ်နဲ့ ပူးပေါင်းလုပ်ဆောင်ခြင်းအားဖြင့် လွှဲပြောင်းငွေတွေကို လုံခြုံမှုရှိစွာနဲ့ ဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

အဆိုပါငွေလွှဲစနစ်ကို ၂၀၁၅ခုနှစ်မှစ၍ယနေ့အထိ ထိုင်းနိုင်ငံနှင့်ကမ္ဘောဒီးယားနိုင်ငံတို့အကြား ငွေလွှဲပြောင်းမှုကို စတင်ခဲ့သည့် Wing Money အမည်ရှိ ငွေလွှဲပြောင်းပေးချေသည့် ဝန်ဆောင်မှုကို အခြေခံကာ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

## နိုင်ငံခြားဖက်စပ် ကုမ္ပဏီများအား ကုန်သွယ်ခွင့်ပြုသည့် ဆေးရုံသုံးကိရိယာများနှင့် ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများအား HS Code လိုင်းဖြင့် သတ်မှတ်ထုတ်ပြန်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် နိုင်ငံခြားဖက်စပ်ကုမ္ပဏီများအား ကုန်သွယ်ခွင့်ပြုသည့် ဆေးရုံသုံးကိရိယာများနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား HS Code လိုင်းများ သတ်မှတ်၍ ထုတ်ပြန်လိုက်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၀ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၈၅/၂၀၁၆) ဖြင့်ထုတ်ပြန်ကြေညာလိုက်ကြောင်း သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကုန်သွယ်မှုနှင့်ပတ်သက်သည့် နိုင်ငံတကာလုပ်ထုံးလုပ်နည်းများ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ စည်းမျဉ်းများအရ လည်းကောင်း၊ လက်ရှိပြောင်းလဲလာသော စီးပွားရေးအခြေအနေများအရ နိုင်ငံခြားဖက်စပ်ကုမ္ပဏီများအား ဓာတ်မြေဩဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေးနှင့် ဆေးရုံသုံးကိရိယာများ၊ ကုန်သွယ်ခွင့်ပြုခြင်းကို အမိန့်ကြော်ငြာ စာအမှတ် (၉၆/၂၀၁၅)ဖြင့်လည်းကောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ကုန်သွယ်ခွင့်ပြုခြင်းကို အမိန့်ကြော်ငြာစာအမှတ်(၅၆/၂၀၁၆)ဖြင့် လည်းကောင်း ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

အဆိုပါအမိန့်ကြော်ငြာစာများဖြင့် ထုတ်ပြန်ခဲ့သည့်ကုန်ပစ္စည်းများကို နိုင်ငံခြားဖက်စပ်ကုမ္ပဏီများအနေဖြင့် ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ရာတွင် လွယ်ကူရှင်းလင်းစေရန်အတွက် မြန်မာနိုင်ငံ၏ HS Code 2012 Version အရ ကုန်သွယ်ခွင့်ပြုသည့် ဆေးရုံသုံးကိရိယာများအတွက် HS Code လိုင်း ၆၉ လိုင်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအတွက် HS Code လိုင်း ၄၆၁ လိုင်းတို့ကို ထုတ်ပြန်လိုက်ကြောင်း သိရသည်။ အဆိုပါ HS Code လိုင်းများစာ ရင်းအသေးစိတ်ကို သိရှိလိုပါက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ တရားဝင်ဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**မယ်သီတာ**

## Vietjet က ဟိုင်ဖောင်-ဆိုးလ် ခရီးစဉ်သစ်ကို တိုးချဲ့ပြေးဆွဲ

Vietjet လေကြောင်းလိုင်းသည် ဟိုင်ဖောင်(ဗီယက်နမ်)-ဆိုးလ်(တောင် ကိုရီးယား)ခရီးစဉ်သစ်ကို ဒီဇင်ဘာ ၁၂ ရက်မှစတင်ကာ တိုးချဲ့ပြေးဆွဲလိုက်ပြီဖြစ်ကြောင်း Vietjet ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါ ဟိုင်ဖောင်-ဆိုးလ်ခရီးစဉ်အား အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနှင့် တနင်္ဂနွေနေ့တို့တွင် ပျံသန်းပြေးဆွဲသွားမည်ဖြစ်ပြီး ကြာမြင့်ချိန်မှာ ငါးနာရီခန့်ရှိမည်ဖြစ်သည်။ သို့သော် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၉ ရက်မှ ဖေဖော်ဝါရီ ၁၃ ရက်အထိ ကာလတွင် နေ့စဉ်ခရီးစဉ်အဖြစ် တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်သည်။

ဟိုင်ဖောင်မြို့မှ ည ၁၁ နာရီ ၄၅ မိနစ်တွင် စတင်ထွက်ခွာကာ ဆိုးလ်မြို့တော်သို့ ဒေသစံတော်ချိန် နံနက် ၆ နာရီတွင် ရောက်ရှိမည်ဖြစ်ပြီး အပြန်ခရီးအဖြစ် ဆိုးလ်မြို့တော်မှ ဒေသစံတော်ချိန် နံနက် ၇ နာရီ ၁၅ မိနစ်တွင်ထွက်ခွာကာ ဟိုင်ဖောင်မြို့သို့ ၁၀ နာရီ မိနစ် ၄၀ တွင် ပြန်လည်ရောက်ရှိမည်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံ အရှေ့မြောက်ပိုင်း၊ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှု အလယ်ဗဟိုတွင်တည်ရှိသော ဟိုင်ဖောင်မြို့သည် နိုင်ငံတကာမှ ခရီးသွားများအတွက် ဒေသတွင်းအားသာချက်များ၊ ဝန်ဆောင်မှုများ ကြွယ်ဝခြင်းနှင့်အတူ ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် အလားအလာကောင်းများ များစွာတည်ရှိနေသည်။

လက်ရှိအချိန် တွင်ဟိုင်ဖောင်မြို့သို့ ဆက်သွယ်ပြေးဆွဲလျက်ရှိသော Vietjet သည် လေကြောင်းခရီးလမ်းကြောင်း ကိုးခုပြေးဆွဲလျက်ရှိရာ ခရီးစဉ်အကြိမ်အရေအတွက်ပေါင်း ၁၀၀၀၀ ပြေးဆွဲခဲ့ပြီး ခရီးသည်ပေါင်း နှစ်သန်းကျော်ကို လိုရာခရီးသို့ ပို့ဆောင်ပေးခဲ့သည်။

ထို့ပြင် Vietjet ၏ အခြားနိုင်ငံတကာ လေကြောင်းခရီးစဉ်တစ်ခုဖြစ်သည့် ဟိုချီမင်း-ကောင်းရှမ်ခရီးစဉ်ကိုလည်း ဒီဇင်ဘာ ၁၂ ရက်တွင် စတင်မိတ်ဆက်ခဲ့သည်။ ဟိုချီမင်း-ကောင်းရှမ် ခရီးစဉ်ကို အပတ်စဉ် တနင်္လာ၊ အင်္ဂါ၊ ကြာသပတေး၊ သောကြာနှင့် တနင်္ဂနွေနေ့တို့တွင် ပျံသန်းပြေးဆွဲသွားမည်ဖြစ်သည်။

ခရီးစဉ်တစ်ပိုင်းအတွက် အချိန် သုံးနာရီခွဲကြာမြင့်မည့် အဆိုပါခရီးစဉ်သည် ဟိုချီမင်းမြို့တော်မှ မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် ထွက်ခွာကာ ကောင်းရှမ်သို့ ဒေသစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ဆိုက်ရောက်မည်ဖြစ်သည်။ အပြန်ခရီးစဉ်အဖြစ် ည ၈ နာရီ ၁၅ တွင် ကောင်းရှမ်မှ စတင်ထွက်ခွာပြီး ဟိုချီမင်းသို့ ည ၁၀ နာရီ ၄၅ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်သည်။

လက်မှတ်များကို နံနက် ၁၁ နာရီခွဲမှ နေ့လယ် ၁နာရီခွဲအတွင်း www. vietjetair.com (စမတ်ဖုန်းများအတွက် https://m.vietjetair.com) တွင် သို့မဟုတ် www.facebook. com/vietjetmyanmar မှ ("Booking" tab ကို နှိပ်ရုံဖြင့်) ဝယ်ယူနိုင်သည်။ ငွေပေးချေမှုများကို Visa, Master-Card, JCB နှင့် American Express ကတ်များဖြင့် ပေးချေနိုင်ကြောင်း သိရသည်။

**မယ်သီတာ**

## သွင်းကုန်လိုင်စင်လျှောက်ထားရန် လိုအပ်သည့် ကုန်စည်လိုင်းများအနက်မှ ကုန်စည်လိုင်း ၁၅၀ အား ထပ်မံဖြေလျှော့

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် သွင်းကုန်လိုင်စင်လျှောက်ထားရန် လိုအပ်သည့်ကုန်စည်လိုင်းများ အနက်မှ ကုန်စည်လိုင်း ၁၅၀ အား သွင်းကုန်လိုင်စင်လျှောက်ထားရန် မလိုအပ်သောကုန်စည်လိုင်းအဖြစ် ၂၀၁၆ခုနှစ်၊ ဒီဇင်ဘာ ၂၀ ရက် ရက်စွဲပါအမိန့်ကြော်ငြာစာ(၈၆/၂၀၁၆) ဖြင့် ထုတ်ပြန်ကြေညာလိုက်ကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အားလျော်စွာWTO ၏ Agreement on Import Licensing Procedures အရ လိုက်လျောညီထွေဖြစ်စေရန်အတွက် လိုင်စင်လျှောက်ထားရန် လိုအပ်သည့် သွင်းကုန်အမယ်စာရင်းများကို မြန်မာနိုင်ငံ၏ HS Code 2012 Version အရ စုစုပေါင်းကုန်စည်လိုင်းများ၏ ၄၅ ရာခိုင်နှုန်းဖြစ်သော ကုန်စည် ၄၄၀၅ လိုင်းအား Negative List အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၆၉ / ၂၀၁၅) နှင့် ဒုတိယအဆင့်ဖြေလျှော့မှုအနေဖြင့် Negative List မှ ကုန်စည်လိုင်း ၂၆၇လိုင်းအား လိုင်စင်လျှောက်ထားရန်မလိုသော ကုန်စည်လိုင်းအဖြစ် အမိန့်ကြော်ငြာစာအမှတ်(၆၀/၂၀၁၆)ဖြင့် သတ်မှတ်ထုတ်ပြန်ခဲ့သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမိန့်ကြော်ငြာစာအမှတ်(၆၀/၂၀၁၆)ဖြင့် ထုတ်ပြန်ခဲ့ပြီး သွင်းကုန်လိုင်စင်လျှောက်ထားရန် လိုအပ်သော (Negative List) ကုန်စည်လိုင်း ၄၁၃၈ လိုင်းအနက်မှ ကုန်စည်လိုင်း ၁၅၀ ကို ထပ်မံဖြေလျှော့လိုက်ခြင်းဖြစ်သည်။

အဆိုပါ သွင်းကုန်လိုင်စင်လျှောက်ထားရန်မလိုအပ်သော ကုန်စည်လိုင်း ၁၅၀ ၏စာရင်းကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ တရားဝင်ဝက်ဘ်ဆိုက်ဖြစ်သည့် www. commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**မယ်သီတာ**

# Jovago ၏ ပြည်တွင်းသို့ ရောက်ရှိခြင်း တစ်နှစ်ပြည့် အခမ်းအနားနှင့် အကောင်းဆုံးဟိုတယ်များအား ဆုချီးမြှင့်




မြန်မာနိုင်ငံတွင် တစ်ခုတည်းသော ပြည်တွင်းခရီးသွားအွန်လိုင်းဝန်ဆောင်မှု ပေးလျက်ရှိသည့် ကုမ္ပဏီတစ်ခုဖြစ်သည့် Jovago ၏ပြည်တွင်းသို့ ရောက်ရှိခြင်း တစ်နှစ်ပြည့် အခမ်းအနားနှင့် အကောင်းဆုံးဟိုတယ်များအား ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဒီဇင်ဘာလ ၂၁ ရက်က ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်တွင် ကျင်းပခဲ့သည်။

"Jovago အနေနဲ့ ပြည်တွင်းဈေးကွက်ကိုပဲ ဦးတည်ပြီးထားတာဖြစ်တဲ့အတွက် ဈေးနှုန်းတွေကအစ အသင့်တင့် ဆုံးနှုန်းထားမှာ ရှိနေပါတယ်။ Jovago နဲ့ ချိတ်ဆက်ထားတဲ့ဟိုတယ်တွေရဲ့ ၈၂ ရာခိုင်နှုန်းဟာ ပြည်တွင်းခရီးသွားတွေအတွက် အဆင်ပြေတဲ့နှုန်းထားမှာရှိနေပါတယ်။ ဒါ့အပြင် နိုဝင်ဘာနဲ့ ဒီဇင်ဘာလအတွင်းက Jovago မှ Booking လုပ်ခဲ့တဲ့သူတွေအားလုံးရဲ့ ၅၅ ရာခိုင်နှုန်းဟာ ပြည်တွင်းက ဧည့်သည်တွေဖြစ်နေတာကို တွေ့ရပါတယ်။ ဒါ့အပြင် ဟိုတယ်ကိုရောက်မှ ငွေပေးချေတဲ့စနစ်ကို ကျင့်သုံးနေတဲ့အတွက် Booking ပြုလုပ်သူတွေအနေနဲ့ ပိုမိုအဆင်ပြေချောမွေ့စေတာကိုတွေ့ရပါတယ်"ဟု Jovago ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Frans Mass က ပြောကြားခဲ့သည်။

Jovago နှင့် လုပ်ငန်းချိတ်ဆက်ရာတွင် အကောင်းဆုံးမိတ်ဖက်ဟိုတယ် (Best Partner Hotel)အဖြစ် ဆီဒိုးနားဟိုတယ်(ရန်ကုန်)၊ KMA Hotels Group နှင့် Orchid Hotels Group တို့ကလည်းကောင်း၊ Customer Choice Award ကို Aureum Palace Hotels & Resorts. Taw Win Myanmar Hotel နှင့် Palace Nyaung Shwe Guest House ဟိုတယ်ကလည်းကောင်း၊ Rising Star Award ကို Vintage Luxury Yatch Hotel, Su Tine San Royal Palace Hotel နှင့် Oway Grand Hotel တို့ကလည်းကောင်း၊ Beach Hotel ဆုကို Hotel Ayeyarwady, Shwe Hin Thar Hotel (Ngwe Saung) နှင့် Maungmagan Beach Resort တို့ကလည်းကောင်း၊ Best Hotel Award ကို Thiri Hpa-An Hotel, Hotel Hazel နှင့် Hotel Thumbla တို့က ရရှိခဲ့ကြောင်း သတင်း ရရှိသည်။ ■

# အိုင်စီတီဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေရန်အတွက် Huawei က ခေတ်မီ လေ့ကျင့်သင်ကြားရေးစင်တာတစ်ခု ရန်ကုန်မြို့တွင် ဖွင့်လှစ်

အိုင်စီတီဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေရန်အတွက် Huawei က ရန်ကုန်မြို့တွင် ခေတ်မီလေ့ကျင့်သင်ကြားရေး စင်တာတစ်ခုကို ဖွင့်လှစ်ခဲ့ကြောင်း Huawei ၏သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါစင်တာသည် Huawei ၏ ၄၆ ခုမြောက် လေ့ကျင့်ရေးစင်တာဖြစ်ပြီး အမှတ် ၁၆၊ ကမ္ဘာ့ဇရိပ်သာလမ်း၊ ဗဟန်းမြို့တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ယင်းစင်တာကို မြန်မာနိုင်ငံ၏ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာစေရေး ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပေးရေးဟူသော ဦးတည်ချက်ဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

Huawei နည်းပညာကုမ္ပဏီ (ရန်ကုန်) အမှုဆောင်အရာရှိချုပ်ဖြစ်သူ Mr. Zhang Limn က "တာဝန်သိစီးပွားရေးလုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးအနေနဲ့ ကျွန်တော်တို့ဟာ အိုင်စီတီ ကျွမ်းကျင်ပညာရှင်တွေ မွေးထုတ်ပေးပြီး မြန်မာနိုင်ငံရဲ့အိုင်စီတီကဏ္ဍဖွံ့ဖြိုးရေးမှာ နောက်တစ်ဆင့် တက်လှမ်းနိုင်ဖို့အတွက် လိုအပ်တဲ့အကူအညီများပေးဖို့ စိတ်အားထက်သန်လျက်ရှိပါတယ်။ ကမ္ဘာတစ်ဝန်းမှာ Huawei ရဲ့ လေ့ကျင့်သင်ကြားရေးစင်တာ ၄၅ ခု ရှိပါတယ်။ ဒီနေ့ ကျွန်တော် တို့ ၄၆ ခုမြောက် လေ့ကျင့်သင်ကြားရေးစင်တာကို မြန်မာ နိုင်ငံမှာ ဖွင့်လှစ်လိုက်ပါတယ်။ နောက်ဆုံးပေါ် အိုင်စီတီအထောက်အကူပြုပစ္စည်းများပါဝင်တဲ့ကျွန်တော်တို့ရဲ့ခေတ်မီ သင်ကြားလေ့လာရေးစင်တာမှာ အစိုးရဌာနတွေ၊ တက္ကသိုလ်ကျောင်းတွေ၊ စီးပွားရေးအဖွဲ့အစည်းတွေ၊ ပြီးတော့ မြန်မာနိုင်ငံက ကျွန်တော်တို့ Huawei အဖွဲ့တွေလာရောက်လေ့လာနိုင်ပါ တယ်။ မိမိတို့ရဲ့ အိုင်စီတီစွမ်းဆောင်ရည်တွေကို မြှင့်တင်လိုပြီး အိုင်စီတီကဏ္ဍ အတွက် အကျိုးပြုဖို့ စိတ်ဆန္ဒပြင်းပြတဲ့ အိုင်စီတီနယ်ပယ်ထဲက မိတ်ဖက်ပါတနာတွေနဲ့လည်း လက်တွဲသွားနိုင်ဖို့ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့သည်။

အဆိုပါစင်တာတွင် သင်ကြား လေ့ကျင့်ရေးအခန်းသုံးခန်း၊ ခေတ်မီ သင်ကြားရေးအထောက်အကူပြုပစ္စည်း များ၊ နောက်ဆုံးပေါ် ဆက်သွယ်ရေး နည်းပညာများအပြင် အဖွဲ့လိုက်အပန်း ဖြေအနားယူနိုင်မည့် ကာရာအိုကေခန်းတစ်ခန်း၊ ဥယျာဉ်တစ်ခုတို့ပါဝင်ပြီး နေ့စဉ်နံနက် ၉ နာရီမှ ည ၉ နာရီအတွင်း ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

ကြိုးမဲ့ရေဒီယိုကွန်ရက် (RAN)၊ ရေဒီယိုအသံလွှင့်စနစ် (DWDM) နှင့် ဒေတာအထောက်အပံ့ပစ္စည်းများ အစရှိသည့် နောက်ဆုံးပေါ်နည်းပညာတို့နှင့်လည်း အားဖြည့်ထားသည်။

Huawei ၏အသိအမှတ်ပြု သင်တန်းများ တက်ရောက်ပြီးစီးချိန်တွင် အတန်းအောင်မြင်စွာ ပြီးမြောက်ကြောင်း အသိအမှတ်ပြုလက်မှတ်များ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

# ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြု၍ လျင်မြန်စွာ အလုပ်လျှောက်ထားနိုင်မည့် အလုပ်အကိုင်ပြပွဲ ဇန်နဝါရီလအတွင်း ကျင်းပမည်

ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြု၍ လျင်မြန်စွာ အလုပ်လျှောက်ထားနိုင်မည့် အလုပ်အကိုင်ပြပွဲကို လာမည့် ဇန်နဝါရီလအတွင်း work.com.mm က ဦးစီး၍ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအလုပ်အကိုင်ပြပွဲကို ဒစ်ဂျစ်တယ်နည်းပညာသုံးအလုပ်အကိုင်ပြပွဲ Paperless Job Fair ဟု အမည်ပေးထားပြီး ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်တွင် ရန်ကုန်မြို့၊ ပြည်လမ်းရှိ International Business Centre (IBC) တွင် ကျင်းပမည်ဖြစ်သည်။




"ကျွန်တော်တို့ work.com.mm အနေနဲ့ ဈေးကွက်ကို စိုးမိုးထားနိုင်ပြီး အောင်မြင်နေရတဲ့ အဓိကအကျဆုံး သိသာထင်ရှားတဲ့ အကြောင်းအရင်းတစ်ချက်ကို ပြောပြရမယ်ဆိုရင် ကျွန်တော်တို့ဟာ နိုင်ငံအတွင်းမှာ ဒစ်ဂျစ်တယ်နည်းပညာနဲ့ ပတ်သက်ပြီး ဖွံ့ဖြိုးတိုးတက်ရေး၊ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားတိုးတက်လာစေရေးကို အဓိကအလေးပေးဆောင်ရွက်နိုင်ဖို့ ယုံကြည်ထားလို့ပဲဖြစ်ပါတယ်"ဟု work.com.mm ၏မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် မစ္စတာဘတ်ဗန်ဒစ်ခ်က ပြောကြားခဲ့သည်။

Paperless Job Fair ပြပွဲကို ပြုလုပ်ရခြင်း၏ရည်ရွယ်ချက်မှာ ပြပွဲသို့ လာရောက်၍ ဝန်ထမ်းရှာဖွေခေါ်ယူမည့် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲရေး မန်နေဂျာများအနေဖြင့် ၎င်းတို့အမှန်တကယ်လိုအပ်သည့်အရည်အချင်းမီ အလုပ်လျှောက်လွှာများ အများအပြားရရှိစေနိုင်ရေးသာမက ယင်းအလုပ်လျှောက်လွှာများကို စာရွက်စာတမ်းများအဖြစ် သိမ်းဆည်းသိုလှောင်ထားရပါက မလိုလားအပ်ဘဲအချိန်ကုန်လူပင်ပန်းဖြစ်စေမည့် အခြေအနေများကို လျှော့ချရန်ဖြစ်သည်။

အဆိုပါ ဒစ်ဂျစ်တယ်နည်းပညာကိုသာ အဓိကအသုံးချ၍ ကျင်းပမည့် Paperless Job Fair တွင် မြန်မာနိုင်ငံ၏ ထိပ်တန်းကုမ္ပဏီကြီးကုမ္ပဏီပေါင်း ၃၆ ခုပါဝင်မည်ဖြစ်သည်။

ယင်းပြပွဲ သို့ လာရောက်မည့် အလုပ်လျှောက်ထားသူများအတွက် အူရီဒူးဆင်းမ်ကတ်အသုံးပြုပါက ၁၅၀ MB အင်တာနက်ကို အခမဲ့အသုံးပြုခွင့်ရရှိမည်ဖြစ်ပြီး အူရီဒူးကွန်ရက်ကို အသုံးမပြုသူများအနေဖြင့်လည်း ပြပွဲတွင် အူရီဒူးဆင်းမ်ကတ်ကို အခမဲ့ထုတ်ယူအသုံးပြုနိုင်ရန် ကူညီပေးထားမည်ဖြစ်ကြောင်း သိရသည်။

work.com.mm အနေဖြင့် ၂၀၁၂ ခုနှစ်မှ စတင်ကာ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် အလုပ်အကိုင်အခွင့်အလမ်းများကို ငါးကြိမ်ကျင်းပခဲ့ပြီးဖြစ်ကြောင်း သိရသည်။



## ကရင်ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ (၄/၂၀၁၆) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ကရင်ပြည်နယ် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ (၄/၂၀၁၆) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကရင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၂၂ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အစည်းအဝေးသို့ ကရင်ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းနိုင်နဲ့ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။ ကရင်ပြည်နယ် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌက ၂၀၁၆-၂၀၁၇ ခုနှစ် ဧပြီလမှစ၍ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်မှာ ရှစ်လကျော်ခဲ့ပြီဖြစ်ပါကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ လျာထားချက်ထက် ပိုမိုတိုးမြှင့်ဆောင်ရွက်နေသည်ကို တွေ့မြင်သိရှိရပါကြောင်း၊ သို့သော် အငြင်းပွားတိုင်တန်းမှု၊ တိုင်ကြားမှုမရှိသေးပါကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားကြရာတွင် အဖွဲ့ဝင်များအားလုံး ဝိုင်းဝန်းဆောင်ရွက်စေလိုကြောင်း ပြောကြားပါသည်။

ဆက်လက်ပြီး ကရင်ပြည်နယ် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ကရင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်ဆန်းက နိုဝင်ဘာ ၃ ရက်က ကျင်းပခဲ့သည့် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့(၃/၂၀၁၆) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးသည့် အခြေအနေများအား အသေးစိတ်ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် အဖွဲ့ဝင်များက အသေးစိတ်ရှင်းလင်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**ခင်ကြည်(ကရင်ပြည်နယ်၊ စားသုံးသူရေးရာ)**

## မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနစ်ရပ်တို့၏ (၆/၂၀၁၆) လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်



မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဦးစီးမှူးရုံးတွင် ဒီဇင်ဘာ ၂၀ ရက်က မန္တလေးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၊ စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေး လုပ်ငန်းကော်မတီနှင့် ထုတ်ကုန်များ လုံခြုံစိတ်ချရမှု ဆိုင်ရာ လုပ်ငန်း ကော်မတီတို့၏ (၆/၂၀၁၆) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ပါတယ်။

အဆိုပါ အစည်းအဝေးတွင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူ၊ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာအောင်မြင့်၊ အတွင်းရေးမှူး ဦးကြည်စိန်၊ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဦးနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါတယ်။

ပထမဦးစွာ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူက ကုန်ပစ္စည်းထုတ်လုပ်ရောင်းချသူများအနေဖြင့် သတ်မှတ်စံချိန်စံညွှန်း ပြည့်မီပြီး အရည်အသွေးပြည့်ဝသော ကုန်ပစ္စည်းများကို ထုတ်လုပ်ရောင်းချစေလိုကြောင်း၊ စားသုံးသူရေးရာ ဦးစီးဌာနနှင့် မိတ်ဖက်ဌာနများ ပူးပေါင်းပြီး စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲများနဲ့ ကွင်းဆင်းစစ်ဆေးခြင်းများကို တိုင်းဒေသကြီးအတွင်း ယခုလို အကောင်အထည်ဖော် စီမံဆောင်ရွက်ပေးခဲ့တဲ့အတွက် မန္တလေးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ကိုယ်စား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ရုပ်မြင်သံကြားအသံလွှင့်ဌာနမှတစ်ဆင့် အများပြည်သူများသိရှိအောင် စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းနှင့် ပတ်သက်သည့် ဇာတ်လမ်းတိုများ ထုတ်လွှင့်ပြသသင့်ကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားခဲ့ပါတယ်။

ဆက်လက်၍ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးကြည်စိန်က စားသုံးသူများအား အကာအကွယ်ပေးနိုင်ရန် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်မှုအခြေအနေ၊ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များ စတင်ဖွဲ့စည်းခြင်း၊ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ လုပ်ငန်းကော်မတီနှစ်ရပ်တို့၏ လုပ်ငန်းတာဝန်များ၊ ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပနိုင်မှု အခြေအနေ၊ ၂၀၁၆ ခုနှစ် ဧပြီလမှ ဒီဇင်ဘာလထိ စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများ ဆောင်ရွက်ရန် ၇၄၅ ကြိမ် လျာထားခဲ့ရာ ဒီဇင်ဘာ ၁၉ ရက်အထိ အမှန်ဆောင်ရွက်ပြီးစီးမှု ၈၇၃ ကြိမ် လျာထားချက်ထက် ကျော်လွန်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မန္တလေးတိုင်းဒေသကြီး၏ ကျောင်းအလိုက်၊ ဈေးအလိုက် စားသုံးသူ အကာအကွယ်ပေးရေးအသင်းဖွဲ့စည်းမှု အခြေအနေ၊ စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးဌာန Consumer Information and Complaint Center (CICC) ဖွဲ့စည်း၍ ဆောင်ရွက်မည့် အစီအစဉ်နှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေအား Power Point ဖြင့် အကျယ်တဝင့် ရှင်းလင်းတင်ပြဆွေးနွေးခဲ့ပါတယ်။

ဆက်လက်၍ တက်ရောက်လာသော စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့ဝင်များမှ ဝိုင်းဝန်း ဆွေးနွေးခဲ့ကြ ကြောင်း သိရှိရပါတယ်။

**တင်တင်ခိုင်**
**(စားသုံးသူ - မန္တလေး)**

## ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ သောက်ရေသန့်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ စားသုံးသူရေးရာဦးစီးဌာနသည် ဒီဇင်ဘာ ၁၅ ရက်က လားရှိုးမြို့၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးတွင် သောက်ရေသန့်လုပ်ငန်း လုပ်ကိုင်လျက်ရှိသော စီးပွားရေးလုပ်ငန်းရှင်များ၊ လုပ်ကိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပခဲ့ပါသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန စသည့် ဌာနဆိုင်ရာများမှ တာဝန်ခံများနှင့် သောက်ရေသန့် လုပ်ငန်း လုပ်ကိုင်နေသူများ၊ လုပ်ကိုင်ရန် ဆန္ဒရှိသူများနှင့် လေ့လာလိုသူများ စုစုပေါင်း ၄၇ ဦးခန့် တက်ရောက် ဆွေးနွေးခဲ့ကြပါသည်။

ဆွေးနွေးပွဲတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာခင်သူဇာထူးက သောက်ရေသန့်လုပ်ငန်း လုပ်ကိုင်နေသူများအနေဖြင့် FDA ထောက်ခံချက်များ ပြုလုပ်ကြရန်နှင့် FDA ထောက်ခံချက်မရှိသည့် သောက်ရေသန့် လုပ်ငန်းရှင်များအား အရေးယူဆောင်ရွက်သွားမည့် အကြောင်းများကိုလည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယပြည်နယ်ဦးစီးမှူး ဦးဇော်မင်းသန်းက စားသုံးသူရေးရာဦးစီးဌာနမှ လက်ရှိဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များ၊ ဆောင်ရွက်ရမည့်အချက်များ၊ သောက်ရေသန့်လုပ်ငန်း လုပ်ကိုင်ရာတွင်ရှိရမည့် လိုင်စင်/ထောက်ခံချက်များ အပါအဝင် ဆောင်ရွက်ရမည့် အချက်များ၊ ဖောက်ဖျက် ကျူးလွန်ပါက အရေးယူဆောင်ရွက်သွားမည့် နည်းလမ်းများ စသည်တို့ကိုလည်းကောင်း၊ စည်ပင်သာယာရေးဌာနမှ ဦးမြတ်သူက ခွင့်ပြုချက်၊ လိုင်စင်၊ ထောက်ခံချက်များမရှိဘဲ ထုတ်လုပ်ရောင်းချပါက စည်ပင်သာယာရေး ဥပဒေအရ အရေးယူဆောင်ရွက်နိုင်သည့် ပြစ်ဒဏ်များကိုလည်းကောင်း၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ဦးအောင်နိုင်ဦးက ပုဂ္ဂလိက စက်မှုလုပ်ငန်း မှတ်ပုံတင်လက်မှတ်ပြုလုပ်ရန် လိုအပ်သည့် စက်မှုလုပ်ငန်း အမျိုးအစားများအကြောင်း၊ ပြုလုပ်ရန်ပျက်ကွက်ပါက ဥပဒေအရ အရေးယူဆောင်ရွက်နိုင်သည့် နည်းလမ်းများ၊ ပြစ်ဒဏ်များ အကြောင်းကိုလည်းကောင်း၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဒေါက်တာပိုင်စိုးမိုးက သောက်ရေသန့်လုပ်ငန်း လုပ်ကိုင်ရာတွင် လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ FDA ထောက်ခံချက်ပြုလုပ်ရာ၌ ပါဝင်ရမည့် အချက်များကိုလည်းကောင်း အသီးသီးဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူ လုပ်ငန်းရှင်များမှလည်း သိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြောင်း သတင်းရရှိပါသည်။

**အောင်ကျော်မြင့် (လားရှိုး)**

## ဘားအံမြို့ပေါ်ရှိ ဈေးများအား ပြည်နယ်စားသုံးသူရေးရာဦးစီးဌာနက ကွင်းဆင်းစစ်ဆေးခဲ့ပြီး မီဒီယာများနှင့် တွေ့ဆုံရှင်းလင်း

ဘားအံမြို့ စားသုံးသူရေးရာဦးစီးဌာနနှင့် ဆက်စပ်အဖွဲ့အစည်းများဖြစ်သည့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအပါအဝင် သက်ဆိုင်ရာအဖွဲ့အသီးသီးမှ တာဝန်ရှိသူများပါဝင်သည့် ပူးပေါင်းအဖွဲ့သည် အဖွဲ့သုံးဖွဲ့ခွဲ၍ ဒီဇင်ဘာ ၆ ရက်က ဘားအံမြို့ပေါ်ရှိ ဘားအံမြို့မဈေး၊ စံပြဈေး (ရေပေါ်ဈေး)၊ သီရိဈေး၊ ရဲဘော်ဈေး၊ မဲဘောင်ဈေး၊ ညဈေး၊ ဖိုးလမင်း ရှော့ပ်ပင်းမောလ်နှင့် လာဘ်ပန်း အိမ်စတိုးဆိုင် စသည့် ဈေးဆိုင်ပေါင်း ၆၆ ဆိုင်တို့အား ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ယင်းကဲ့သို့စစ်ဆေးရာတွင် ဈေးများအတွင်း၌ မှိုဆိပ် (Aflatoxin B) ပါဝင်နေသည့် ငရုတ်သီးမှုန့်များအား ရောင်းချနေခြင်း၊ တားမြစ်ထားသည့် စားသောက်ကုန်များအား ရောင်းချနေခြင်းတို့အား ရပ်ဆိုင်း/ဖယ်ရှားပေးရန်နှင့် နောက်နောင်ရောင်းချခြင်းမပြုရန် သတိပေးပြောကြားခဲ့ကြကြောင်း သိရသည်။

ထိုကဲ့သို့ စစ်ဆေးပြီးနောက် အဆိုပါပူးပေါင်းအဖွဲ့သည် ဘားအံမြို့ ပြည်နယ်ဦးစီးမှူးရုံးတွင် ကွင်းဆင်းစစ်ဆေးရသည့် အကြောင်းနှင့် တွေ့ရှိချက်များအား ဘားအံမြို့အခြေစိုက် ပြည်တွင်း/ပြည်ပမှ ရုပ်သံနှင့် ဂျာနယ်များမှ တာဝန်ရှိသူများအား ရှင်းလင်းပြောကြားခဲ့ပြီး မီဒီယာများ၏ မေးမြန်းချက်များအား ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ခင်ကြည် (ကရင်/ စားသုံး)**

# ရေဦးမြို့မစည်ပင်သာယာဈေးအတွင်း စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်း ကွင်းဆင်းစစ်ဆေး



ရေဦးမြို့နယ်၊ စားသုံးသူရေးရာ ဦးစီးဌာန၊ မြို့နယ်စားသုံးသူ အကာအကွယ်ပေးရေး စစ်ဆေးရေးအဖွဲ့၊ အစိုးရမဟုတ်သော မြို့နယ်စားသုံးသူ အကာအကွယ်ပေးရေးအဖွဲ့၊ စည်ပင်သာယာရေးကော်မတီများနှင့် ဈေးအကျိုးတော်ဆောင်များ ပူးပေါင်းပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၆ ရက်က ရေဦးမြို့မစည်ပင်သာယာဈေးအတွင်း ရောင်းချလျက်ရှိသော ကုန်စုံဆိုင် ၂၅ ဆိုင်သို့ ကွင်းဆင်းစစ်ဆေးပညာပေးလုပ်ငန်းများဆောင်ရွက်ခဲ့ပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် မန္တလေးမြို့မှ ဝယ်ယူရောင်းချသော နှင်းပုလဲတံဆိပ်ပါ ငရုတ်သီးမှုန့်များ၊ အရောင်တင်မှုန့်များ၊ နနွင်းမှုန့်များ ရောင်းချသည့် ကုန်စုံဆိုင် ၁၀ ဆိုင်၊ မန္တလေးရွှေနန်းစံမှ ဝယ်ယူရောင်းချသည့် တရုတ်စာတမ်းပါ ကြက်အူချောင်း၊ VIALHUANGJIJING စာတမ်းပါ အသားမှုန့်ရောင်းချသည့် ကုန်စုံဆိုင် တစ်ဆိုင်၊ တုတ်ထိုးချိုချဉ် အာနီ လျှာနီ ရောင်းချသည့် ကုန်စုံဆိုင်တစ်ဆိုင်၊ POPY ကြက်ခြေထောက်ထုတ်၊ No.1 ပေကျင်းဘဲကင်ထုတ်၊ No.1 မွေးစပ်ပုဇွန်ထုတ်များ ရောင်းချသည့် ကုန်စုံဆိုင်တစ်ဆိုင်နှင့် စိန် ပဲဆီသန့်တံဆိပ်ပါ စားသုံးဆီရောင်းချသည့် ဆိုင်တစ်ဆိုင်တို့အားစစ်ဆေးရာ အစားအစာများတွင် ခွင့်မပြု ဓာတုဆိုးဆေးများ ပါဝင်ခြင်းကြောင့် စားသုံးရန် မသင့်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ကြေညာထားသည့်အပြင် စားသုံးသူပြည်သူများ၏ ကျန်းမာရေးကောင်းမွန်စေရန် စောင့်ရှောက်သောအားဖြင့် ဆက်လက်ဝယ်ယူ ရောင်းချခြင်းမပြုကြရန်အဖွဲ့မှ ပညာပေးဆွေးနွေး ခဲ့ပါသည်။ ထို့နောက် ကျန်းမာရေးဝန်ကြီးဌာနမှ ခွင့်မပြုဓာတုဆိုးဆေးများ ပါဝင်ခြင်းကြောင့် စားသုံးရန်မသင့်ကြောင်း ကြေညာထားသည့် စားသောက်ကုန် ၁၇၈ မျိုး၊ စာရွက်အစုံ ၃၀ ကို ဖြန့်ဝေပညာပေးခဲ့ပါသည်။

**အောင်ညွန့်(ရေဦး)**

# ကန်ကြီးထောင့် မြို့နယ်တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲ ပြုလုပ်

ကန်ကြီးထောင့်မြို့နယ်၊ စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအုန်းသိန်းဦးဆောင်၍ မိတ်ဖက်ဌာနများဖြစ်သော မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအုပ်စံလင်း၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးရဲထွန်းဦး၊ ကျန်းမာရေးဦးစီးဌာန၊ မီးသတ်တပ်ဖွဲ့များ ပူးပေါင်းပါဝင်လျက် ဒီဇင်ဘာ ၁၆ ရက်က ကန်ကြီးထောင့်မြို့နယ်၊ မြင်းကဆိပ်ကျေးရွာ အထက ကျောင်းရှိ ကျောင်းမုန့်ဈေး တန်းများတွင် FDA မှ တားမြစ်ထားသော စားသုံးရန်မသင့်သည့်မုန့်များ၊ ဓာတုဆိုးဆေးများသုံးစွဲထားသည့် မုန့်များ၊ နိုင်ငံတကာမှ ဝင်ရောက်လာသည့် လိပ်စာမပါ၊ ရက်စွဲမပါ၊ နားမလည်သည့် ဘာသာစကားများဖြင့် ရေးသားထားသည့် မုန့်များ ရောင်းချမှုရှိမရှိကို သွားရောက် ကွင်းဆင်းစိစစ် ဆောင်ရွက်ခဲ့ပါတယ်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးအုန်းသိန်းနှင့် အဆိုပါကျောင်းရှိ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သက်နိုင် အပါအဝင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းအကျိုးတော်ဆောင်များနဲ့ ကျောင်းသားမိဘများ၊ မုန့်ဈေးတန်းရှိ ဈေးရောင်းချနေသူများ၊ စုစုပေါင်း ၄၀၀ ဦးခန့်အား အစားအသောက်များတွင် ဓာတုဆိုးဆေးများ၊ တာရှည်ခံဆေးဝါးများ သုံးစွဲထားတဲ့ ကုန်စည်များ စားသောက်ရာမှ အန္တရာယ်ဖြစ်ပွားရခြင်း၊ စံမမီဆီများ၊ ငါးပိ၊ ငါးခြောက်များတွင် ယင်မနားဆေးသုံးစွဲထားမှုများ၊ ဟင်းသီးဟင်းရွက်များကိုလည်း စနစ်တကျ သုံးစွဲ စားသောက်နိုင်ရေးနဲ့ စားသုံးသူများ၏ အခွင့်အရေး၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေတို့အား အကျယ်တဝင့် အသိပညာပေး ရှင်းလင်းဆွေးနွေး ဟောပြောခဲ့ကြောင်း သိရပါတယ်။

**မင်းမင်းဦး၊ စားသုံးသူရေးရာဦးစီးဌာန (ပုသိမ်)**

# တောင်ကြီးမြို့နယ်ရှိ အ.မ.က (နောင်လံ) နှင့် အ.လ.က (ခွဲ) ဒုံပင်ငိုတို့တွင် စားသုံးသူအကာအကွယ်ပေးရေးဟောပြောပွဲကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံးမှ ပြည်နယ်ဦးစီးမှူး၏ ဦးဆောင်မှုဖြင့် တာဝန်ရှိဝန်ထမ်းများသည် ဒီဇင်ဘာ ၂၀ ရက်က တောင်ကြီးမြို့နယ် အမက (နောင်လံ) နှင့် အလက(ခွဲ)(ဒုံပင်ငို)တို့တွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ကျင်းပခဲ့ရာ ဆရာ/ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူ ၃၀၄ ဦးတက်ရောက်ခဲ့ကြသည်။

အဆိုပါဟောပြောပွဲတွင် ဦးစောမောင်(ဦးစီးမှူး)က စားသုံးသူရေးရာဦးစီးဌာန၏ သမိုင်းကြောင်း၊ စားသုံးသူ၏ အဓိပ္ပာယ်အခွင့်အရေးနှင့် တာဝန်များ၊ အန္တရာယ်ရှိဆီများနှင့် သုံးစွဲရမည့်နည်းစနစ်များ၊ ကုန်စည်ဝယ်ယူအသုံးပြုရာတွင် သတိပြုရမည့်အချက်များ၊ စားသုံးသူနစ်နာဆုံးရှုံးမှုရှိပါက တိုင်ကြားရမည့် ပုံစံများကို ရှင်းလင်းဟောပြောခဲ့ပြီး ဒုဦးစီးမှူးဒေါ်ဆုမွန်ဆွေက ကင်ဆာဖြစ်စေသည့် အစားအသောက်နှင့် အမှုအကျင့်များကိုလည်းကောင်း၊ အငယ်တန်းစာရေး ဦးအံ့ကျော်ပိုင်က ဆိုးဆေးနှင့်မှိုဆိပ်ပါ အစားအသောက်များအကြောင်းကိုလည်းကောင်း၊ အငယ်တန်းစာရေး ဒေါ်နန်းခမ်းခြူးက အသားငါးများတွင် တာရှည်ခံဆေး သုံးစွဲမှုများအကြောင်း၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များတွင် ပိုးသတ်ဆေး၊ အားဆေး၊ မှည့်ဆေး သုံးစွဲထားမှုများနှင့် ပတ်သက်၍ ချက်ပြုတ်စားသောက်ရာမှာ အန္တရာယ်ကင်းရန် စီမံရမည့်နည်းစနစ်များကို အကျယ်တဝင့် ရှင်းလင်းဟောပြောခဲ့ကြပြီး လက်ကမ်းစာစောင်၊ တိုင်ကြားမှုပုံစံ၊ ဥပဒေစာအုပ်နှင့် နိုင်ငံတော်မှ သုံးစွဲရန်မသင့်၍ ထုတ်ပြန်ထားသော အစားအသောက်နှင့် အလှကုန်ပစ္စည်းများ စာရင်းစာအုပ်ကိုလည်း သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**စောမောင် (တောင်ကြီး)**

# ပခုက္ကူခရိုင်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အစည်းအဝေး (၂/၂၀၁၆) ကျင်းပ

ပခုက္ကူခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး(၂/၂၀၁၆)ကို ဒီဇင်ဘာ ၈ ရက်က ပခုက္ကူမြို့၊ ခရိုင်အုပ်ချုပ်ရေးရုံး၌ ကျင်းပခဲ့ရာ အစည်းအဝေး၌ ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ၊ ပခုက္ကူခရိုင် အုပ်ချုပ်ရေးမှူးက ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့အစည်းအဝေး(၁/၂၀၁၆)တွင် ချမှတ်ခဲ့သည့်အချက်များအား အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ရှေ့ဆက်လက် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် အကြံပြုဆွေး နွေးကြရန် ပြောကြားသည်။

ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ အတွင်းရေးမှူး၊ ပခုက္ကူခရိုင်၊ စားသုံးသူရေးရာ ဦးစီးမှူး ဦးသန်းဦးက ပြင်ဆင်ရေးဆွဲခဲ့သည့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေမူကြမ်းကို ဖတ်ရှုလေ့လာပြီး အကြံပြုလိုသည်များရှိပါ က ပေးဖို့အကြံပြုနိုင်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့က ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်ရှစ်ရပ်အား ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

**မြင့်ဦး (ပခုက္ကူ)**

# ဘိုကလေးမြို့ အထက(၁) နဲ့အလက(၂) တို့တွင် စားသုံးသူအကာအကွယ် ပေးရေးဟောပြောပွဲများကျင်းပ

ဘိုကလေးမြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနဲ့ ဝန်ထမ်းများသည် သက်ဆိုင်ရာ မိတ်ဖက်ဌာနများနဲ့ ပူးပေါင်းပြီး ဘိုကလေးမြို့ အ. ထ. က (၁) နဲ့ အ. လ. က (၂) တို့တွင် ဒီဇင်ဘာ ၈ ရက်က ကျင်းပခဲ့ပါတယ်။ ဟောပြောပွဲများတွင် ကျောင်းအုပ်ဆရာမကြီးများနဲ့ ကျောင်းသား/ကျောင်းသူများ၊ ကျောင်းဈေးသည်များ စုစုပေါင်း ၃၀၆၂ ဦး တက်ရောက်ခဲ့ကြသည်။

ဟောပြောပွဲများတွင် သက်ဆိုင်ရာတာဝန်ရှိသူများက စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများအကြောင်းကို လည်းကောင်း၊ စားသုံးရန်မသင့်တဲ့ အစားအသောက်များအကြောင်းကို လည်းကောင်း ဟောပြောခဲ့ကြပါတယ်။

ဟောပြောပွဲများအပြီးတွင် ပူးပေါင်းအဖွဲ့များသည် ကျောင်းမုန့်ဈေးတန်းများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြပြီး FDA မှ တားမြစ်ထားသည့် အန္တရာယ်ရှိ စားသောက်ကုန်များအား ရောင်းချခြင်းမပြုရန် မှာကြားခဲ့ကြကြောင်း သတင်းရရှိပါတယ်။

**မောင်ဇော် (ဘိုကလေး)**


# တောင်ကြီးမြို့ ကွန်ပျူတာတက္ကသိုလ်တွင် စားသုံးသူအကာအကွယ်ပေးရေး ဟောပြောဆွေးနွေးပွဲကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ ရှမ်းပြည်နယ် ဦးစီးမှူးရုံးမှ ပြည်နယ်ဦးစီးမှူး ဦးဆောင်သောအဖွဲ့က တောင်ကြီးမြို့၊ ကွန်ပျူတာတက္ကသိုလ်တွင် ဒီဇင်ဘာ ၁၉ ရက်တွင် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေးမှုများ ပြုလုပ်ခဲ့ရာ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၄၃၈ ဦး တက်ရောက်ခဲ့ကြတယ်လို့ သိရပါတယ်။

ဆွေးနွေးပွဲတွင် ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသင်းယုနိုင်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ပြည်နယ်ဦးစီးမှူး (တာဝန်) ဦးအောင်ကျော်က စားသုံးသူရေးရာဦးစီးဌာန သမိုင်းကြောင်းနှင့် အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ၊ အာဆီယံနိုင်ငံများတွင် လုပ်ကိုင်ဆောင်ရွက်နေသော စားသုံး သူကာကွယ်ရေးလုပ်ငန်း လှုပ်ရှားမှုများကို ရှင်းလင်း ဆွေးနွေးခဲ့ပြီး ဦးခွန်ကျော်ဌေး (ရုံးအုပ်)က စားသုံးသူ ကာကွယ်ရေးဥပဒေနှင့် ကုန်သွယ်မှု လုပ်ငန်းအကြောင်းတွေကို ဆွေးနွေးခဲ့ပါတယ်။ (ဒုတိယဦးစီးမှူး) ဒေါ်စောယုထွေးက ကင်ဆာဖြစ်စေနိုင်သော ဖော့ဘူးနှင့် ပလတ်စတစ်၊ ခွင့်မပြုဆိုးဆေးပါအချိုရည်၊ အကင်စားသုံးခြင်း၊ မှိုဆိပ်အန္တရာယ်၊ ဟော်မုန်းဆေး၊ ပိုးသတ်ဆေး၊ မှည့်ဆေးနှင့် ဖော်မလင် အသုံးပြုခြင်း၊ မြောင်းဆီနှင့် အလှကုန်ပစ္စည်းများ အကြောင်းတို့ကို စိတ်ဝင်စားဖွယ်ရာ အကျယ်တဝင့် ဆွေးနွေးခဲ့ကြကြောင်း သိရပါတယ်။

ဆွေးနွေးပွဲတွင် တက်ရောက်လာသူများ အားလုံးကို လက်ကမ်းစာစောင်များဝေငှခဲ့ပြီး ပြည်နယ်ဦးစီးမှူး (တာဝန်)က ပါမောက္ခချုပ်အား ဥပဒေစာအုပ်များ၊ တိုင်ကြားမှုပုံစံများ၊ နိုင်ငံတော်မှ ထုတ်ပြန်ထားသော စားသုံးရန်မသင့်သည့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ပါရှိသည့် စာအုပ်များကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**စောမောင် (တောင်ကြီး)**




# yrJKk,pdkH;a@ wdk;wufygovm;

မျိုးသူ ( ကုန်သွယ်မြှင့် )

*ယခင်တစ်ပတ်မှ အဆက်*

၂၀၁၀ ခုနှစ်နောက်ပိုင်းကို လက်ရှိကာလဟု ခွဲခြားကြည့်နိုင်ပါသည်။ ၂၀၁၁မှ ၂၀၁၆ မတ်လအထိ စာရင်းဖြစ်သဖြင့် အဆိုပါကာလမှာ သမ္မတ ဦးသိန်းစိန်အစိုးရ တာဝန်ယူသောကာလ ဖြစ်ပါသည်။ ယခုခေတ် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေ သော ပဲမျိုးစုံတင်ပို့မှုကို ကြည့်လျှင် အောက်ပါအတိုင်း တွေ့ရှိနိုင်ပါသည်။




## တပ်မတော်အစိုးရနောက်ပိုင်း မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော ပဲမျိုးစုံတင်ပို့မှု

မြန်မာနိုင်ငံ၏လက်ရှိ အခြေအနေတွင် ပဲအမျိုးအစားပေါင်း ၂၀ ခန့်ကို အဓိက တင်ပို့လျက်ရှိပါသည်။ ၂၀၁၀-၂၀၁၁ ခုနှစ်တွင် တန်ချိန် ကိုးသိန်းကျော်သာတင်ပို့နိုင်ခဲ့ပြီး၊ တန်ချိန်တစ် သန်းအောက်ရောက်ခဲ့ပါသည်။ အဆိုပါနှစ်သည် မြန်မာနိုင်ငံ၏ ပဲမျိုးစုံထွက်ရှိမှု၊ အထွက်နှုန်း နည်း ခဲ့သော နှစ်လည်း ဖြစ်ခဲ့ပါသည်။ ပျမ်းမျှ အားဖြင့် တန်ချိန် တစ်သန်းမှ တစ်သန်းခွဲအတွင်းသာ တင်ပို့နိုင်ခဲ့ပြီး၊ ၂၀၀၀ ခုနှစ်နောက်ပိုင်းမှ ၂၀၁၅ -၂၀၁၆ ခုနှစ်အထိ တစ်ဆယ့်ငါးနှစ်တာကာလအတွင်း ပဲတင်ပို့မှုပေါ် အခြေခံသည့် ထုတ်လုပ်မှုသည် ထူးခြားစွာ တိုးတက်လာခြင်းမရှိခဲ့ပေ။ ပြည်ပတင်ပို့မှုတွင် ထူးခြားစွာ ဆောင်ရွက်နိုင်မှု၊ စွမ်းဆောင်နိုင်မှုသည်လည်းကောင်း၊ အခြားနည်းစနစ်ပိုင်းဆိုင်ရာများတွင်လည်းကောင်း၊ ထူးခြားစွာ တိုးတက်ပြောင်းလဲလာခြင်းလည်း မရှိခဲ့ပေ။ စိုက်ပျိုးထုတ်လုပ်မှုအပိုင်းတွင် အထွက်နှုန်းအနေဖြင့် နှစ်စဉ်တိုးတက်မှုများကို စာရင်းပေါ်တွင် တွေ့ရသော်လည်း ပဲစင်းငုံ၊ ကုလားပဲတို့တွင် အစေ့အဆန်များ သေးငယ်လာခြင်း၊ အထွက်နည်းခြင်းများကို နှစ်စဉ်လိုလို တောင်သူများထံမှ ကြားသိနေရပါသည်။ အဓိက အားနည်းချက်မှာ မျိုးညံ့ လာခြင်း ဖြစ်ပါသည်။ မျိုးကို သီးသန့်စိုက်ပျိုး ထုတ်လုပ်ရာတွင် အစိုးရမှ တစ်ပါးအခြားလုပ်ကိုင်နိုင်သူ မရှိခဲ့ခြင်းသည် အခြားကောက်ပဲ သီးနှံများကဲ့သို့ပင် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှုတွင် တိုးတက်မှုနည်းစေသော အကြောင်းကြီး တစ်ချက်ဖြစ်ခဲ့ပါသည်။

မည်သို့ပင် ဆိုစေကာမူ ပဲမျိုးစုံ ပြည်ပတင်ပို့မှုကို ဆန်စပါးကဲ့သို့ ထိန်းချုပ်မှုများ မများခဲ့သဖြင့် အထိုက်အလျောက် တိုးတက်မှုရှိသည်ကို တွေ့နိုင်ပါသည်။ နှစ်ပေါင်း ၉၅ နှစ်အတွင်းတွင် တန်ချိန် တစ်သိန်းခန့်မှ တစ်သန်းကျော်အထိ တိုးတက်လာသဖြင့် ၁၀ ဆကျော် တိုးတက်လာသည်ဟု အကြမ်းဖျဉ်းအားဖြင့် ဆိုနိုင်ပါသည်။

ပြီးခဲ့သည့် ငါးနှစ်တာကာလအတွင်း ပြည်ပတင်ပို့မှု မည်မျှ တိုးတက်ခဲ့သည်ကို ပြန်ကြည့်လျှင် ၂၀၁၁-၂၀၁၂ ခုနှစ်တွင် တန်ချိန် ၁ ဒသမ ၄၅၄ သန်း၊ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် တန်ချိန် ၁ ဒသမ ၅၂၇ သန်း၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ၁ ဒသမ ၃၀၀ သန်း၊ ၂၀၁၄-၂၀၁၅ တွင် တန်ချိန်၁ ဒသမ ၄၉၇ သန်းနှင့် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် တန်ချိန် ၁ ဒသမ ၂၄၂ သန်း တို့ဖြစ်သဖြင့် သိသာစွာ တိုးတက်မှု မရှိခဲ့ပေ။ အဆိုပါ ငါးနှစ်၏ ဂရပ်ဖ်ကို ကြည့်လျှင် အရေအတွက်တိုးတက်မှု မရှိကြောင်းကို တွေ့နိုင်ပါသည်။ သီးနှံထွက်ရှိမှု၊ ရာသီဥတု အခြေအနေ၊ အိန္ဒိယနိုင်ငံ၏ ဝယ်လိုအားနှင့် ဝယ်ဈေးတို့ အပေါ်တွင်လိုက်၍ တန်ချိန် ၁ ဒသမ ၄သန်း ပတ် ဝန်းကျင်တွင်သာ ရှိခဲ့ပါသည်။ အဆိုပါ အရေအတွက်ထက် ပိုမိုတင်ပို့နိုင်ခြင်းလည်း မရှိခဲ့ပေ။ တင်ပို့သည့် ပဲအမျိုးအစားသည် နှစ်ပေါင်း၉၅နှစ်အတွင်း ပြောင်းလဲမှု နည်းသကဲ့သို့၊ ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း လုံးဝ ပြောင်းလဲမှုလည်းမရှိသလောက်သာ ဖြစ်ခဲ့ပါသည်။ မြန်မာနိုင်ငံတွင် ပြည်ပသို့ အဓိက တင်ပို့သည့် ပဲအမျိုးအစားမှာ သုံးမျိုးသာ ရှိသည်ဟု ပြောရမည်ထင်ပါသည်။ မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံတို့ ဖြစ်ပါသည်။ ကုလားပဲ၊ ထောပတ်ပဲ၊ မြေထောက်ပဲ၊ ပဲလွန်း၊ ပဲယင်းတို့ကိုလည်း တင်ပို့ပါသည်။ အထက် ဖော်ပြပါ ပဲသုံးမျိုးနှင့် ယှဉ်လျှင် များစွာနည်းပါး ပါသည်။ မည်သို့ပင်ဆိုစေကာမူ ပြီးခဲ့သော အစိုးရလက်ထက် ငါးနှစ်တာကာလအတွင်း ပဲမျိုးစုံတင်ပို့မှုသည် တိုးတက်လာသည်ဟု မဆိုနိုင်ပါ။ တန်ဖိုးအားဖြင့် မူ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ဈေးနှုန်းအကြီးအကျယ် မြင့်တက်ခဲ့သဖြင့် တောင်သူများ အထူးသဖြင့် ကုန်သည်များ အကျိုးအမြတ် အများအပြား ရှိခဲ့ပါသည်။

## ပဲမျိုးစုံကဏ္ဍမြင့်တက်ဖို့

သို့ဖြစ်၍ ပဲမျိုးစုံ ပို့ကုန်မြှင့်တင်ရေးအတွက် မည်သို့ဆောင်ရွက်မည်ဆိုသည့် အစီအမံများကို စဉ်းစားသုံးသပ်သင့်သည်ဟု ခံစားမိပါသည်။ ၁၉၂၁-၁၉၂၂ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ခုနှစ်အထိ နှစ်ပေါင်း ၉၅ နှစ်အတွင်း နှစ်စဉ် ပဲတင်ပို့မှုကို ကြည့်လျှင် ၁၉၂၁-၁၉၂၂ ခုနှစ်တွင် တန်ချိန် တစ်သိန်းကျော်စတင် တင်ပို့နိုင်ခဲ့ပြီး၊ ဆိုရှယ်လစ်ခေတ်တွင် တန်ချိန်သောင်းဂဏန်းသာ တင်ပို့နိုင် ခဲ့ပါသည်။ ၁၉၈၈ ခုနှစ် တပ်မတော်အစိုးရ လက်ထက်တွင်လည်း ပဲတင်ပို့မှုသည် ရုတ်တရက်တိုးတက်မလာသေးဘဲ ၁၉၉၁ ခုနှစ်ခန့်တွင် တန်ချိန် တစ်သိန်းကျော်မှ နှစ်သိန်း-သုံးသိန်းစသည်ဖြင့် တိုးတက်လာပါသည်။ ၂၀၀၁ ခုနှစ်တွင် တန်ချိန် တစ်သန်းအထိ တိုးတက်လာသည်ကို တွေ့ရပါသည်။ ထိုအချိန်တွင် တောင်သူများသည် နှစ်သီး စိုက်နိုင်ရန် ကြိုးပမ်းလာကြသဖြင့် ယခုကဲ့သို့ အထွက်စုစုပေါင်း များပြားလာပြီး ပြည်ပတင်ပို့မှုများပြားလာခြင်း ဖြစ်ပါသည်။ အဓိကမောင်းနှင် အားမှာ အိန္ဒိယနိုင်ငံ၏ ဝယ်လိုအားပင်ဖြစ်သည်ဟု ဆိုပါက မှားမည်မထင်ပါ။ သို့ရာတွင် အထက် ဖော်ပြပါ နှစ်ပေါင်း ၉၅ နှစ်အတွင်း ပဲမျိုးစုံ တင်ပို့မှုသည် ကုန်ကြမ်းအဖြစ် သာတင်ပို့နေခြင်း ဖြစ်ပါသည်။ ပဲမှုန့်၊ ပဲခွဲခြမ်း တင်ပို့မှုသည် အနည်းငယ်သာ တိုးတက်လာပါသည်။

သို့ရာတွင် ၂၀၀၀ ပြည့်နှစ် နောက်ပိုင်း၊ ၂၀၁၆ ခုနှစ်အထိ ၁၅ နှစ် ၁၆ နှစ်တာကာလအတွင်း ပြည်ပတင်ပို့မှုသည် နှစ်ဆပြည့်အောင် တိုးတက်လာခဲ့ခြင်း မရှိပေ။ စဉ်းစားရန်အချက်များ အလွန် များပြားလာသည်ကို တွေ့နိုင်ပါသည်။ ပြည်ပတင်ပို့မှုကို လက်ရှိအခြေအနေထက် နှစ်ဆတိုးတက်အောင် နောင်ငါးနှစ်အစီအမံကို မည်ကဲ့သို့ဆောင်ရွက်ရပါမည်နည်းဟု တွေးကြည့်မိပါသည်။ စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ် လျှော့ကျရေးအတွက် မျိုးကောင်းမျိုးသန့်များကို အိန္ဒိယမှ ပြန်ဝယ်သွင်းပါမည်။ ပဲမျိုးစုံစိုက်ပျိုးသည်မှ ပြည်ပတင်ပို့သည်အထိ လိုအပ်သော Local Value Chain and Global Value Chain ကို ပြည့်စုံအောင် ဖြည့်စွမ်းရပါမည်။ ဆိုလိုသည်မှာ မျိုး၊ မြေဩဇာ၊ ပိုးသတ်ဆေးမှ အစနည်းစနစ်ကျကျ ဆောင်ရွက်ရပါမည်။ ပဲအရည်အသွေးကောင်းရေးကို အထူးသတိပြုဆောင်ရွက်ရပါမည်။ ပဲအထွက်နှုန်းကောင်းရေးကို အထူးသတိပြုဆောင်ရွက်ရပါမည်။ ဆိုလိုသည်မှာ အထွက်နှုန်းကောင်းခြင်းဖြင့် တစ်တင်းအတွက် စိုက်ပျိုးမှုစရိတ်ကျဆင်းပြီး မိမိအတွက်အမြတ် ပိုမိုလာမည်ဖြစ်ပါသည်။ ထို့အပြင် အရည်အသွေးကောင်းရအောင် ဆောင်ရွက်ခြင်းဖြင့် ပြန်လည်အစားမထိုးနိုင်သော တန်ဖိုးကို ရရှိမည် ဖြစ်ပါသည်။ တောင်သူအများစုကဲ့သို့ ပဲမျိုးစုံစိုက်ပျိုးရာ၌ မြေဩဇာနှင့် ပိုးသတ်ဆေးကို သုံးစွဲရာတွင် နည်းစနစ်ပိုင်းများ နားလည်ရန် ကြိုးစားကြရဦးမည် ဖြစ်ပါသည်။ ထို့နောက် ပဲကို ကုန်ကြမ်းအနေဖြင့် တင်ပို့မည်ဆိုပါက FAQ အဆင့်နှင့် တင်ပို့မည့်အစား First Quality and Special Quality အဖြစ် ရောင်းချနိုင်ရေး ဆောင်ရွက်ရပါမည်။ ခွဲခြမ်းများ၊ ပဲမှုန့်များပြုလုပ်နိုင်သည့် စက်ရုံများ ထူထောင်ကာ တင်ပို့နိုင်ရေးဆောင်ရွက်ရပါမည်။ ထို့နောက် အဆိုပါ Supply Chain တစ်ခုလုံးအတွက် အဓိကကျသော ကုန်ပစ္စည်း လက်ကျန်ကို စီမံနိုင်ရေးအတွက် ကန်ထရိုက်လယ်ယာစနစ် (Contract Farming) ကို ဆောင်ရွက်သွားလျှင် အောင်မြင်သော ပဲမျိုးစုံတင်ပို့မှုနှင့် တင်ပို့မှုပမာဏအတိုင်း အဆတိုးလာနိုင်မည်ဟု ထင်မြင်မိပါကြောင်း တင်ပြအပ်ပါသည်။

သို့ရာတွင် ယခုအတိုင်း ဆက်လက်သွားမည် ဆိုပါက ပဲမျိုးစုံတင်ပို့မှုသည် အနှစ် ၁၀၀ ပြည့်မည့် ၂၀၂၁-၂၀၂၂ ခုနှစ်တွင် တန်ချိန်တစ်သန်းခွဲထက် နှစ်ဆဖြစ်သော တန်ချိန် သုံးသန်း တင်ပို့နိုင်ရန် လွယ်ကူမည် မဟုတ်ပါကြောင်း တင်ပြအပ်ပါသည်။ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ပဲမျိုးစုံ တင်ပို့သည့် တန်ဖိုး၏ နှစ်ဆသို့ရောက်ရှိရန်မှာ အခြေခံအားဖြင့် ကုန်ထုတ်လုပ်မှုနှင့် ပြည်ပတင်ပို့သည့် အရေအတွက်တိုးမှသာ ရောက်ရှိနိုင်မည်ဖြစ်ပါသည်။

**ကိုးကား** ။ ။ ယခု ၉၅ နှစ်တာ ကာလ၏ပဲမျိုးစုံ ပြည်ပတင်ပို့မှုစာရင်းများအနက် ၁၉၂၁ မှ၁၉၉၅ ထိကို ကွယ်လွန်သူ ဆရာဦးသန်းထွန်း (မောင်ဒိပ္ပ)၏ ပဲမျိုးစုံအကြောင်း သိကောင်းစရာအဖြာဖြာစာအုပ်မှ ရရှိပါသည်။ ကျန်နှစ်များအတွက် ပြည်ပတင်ပို့မှုကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်နီလာစိုးထံမှ ရရှိပါကြောင်း ကျေးဇူးတင်စွာဖြင့် တင်ပြအပ်ပါသည်။

## ပုသိမ်မြို့တွင် နိုင်ငံတကာ စက်မှုလယ်ယာနှင့် စားသောက်ကုန်ပြပွဲ ၂၀၁၇ ကျင်းပမည်

မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ ဧရာကုန်သွယ်မှုဗဟိုဌာနနှင့် Bagan Hub Co.,Ltd တို့ ပူးပေါင်း၍ ပုသိမ်မြို့တွင် နိုင်ငံတကာစက်မှုလယ်ယာနှင့် စားသောက်ကုန်ပြပွဲ၂၀၁၇ (2017 International Agricultural Machineries and Food Expo) ကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၀ ရက်မှ ၂၂ ရက်အထိ ပုသိမ်မြို့၊ မြို့တော်ခန်းမတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကုန်စည်ပြပွဲတွင် ဗီယက်နမ်နိုင်ငံမှ နောက်ဆုံးထုတ်ခေတ်မီ လယ်ယာသုံး စက်ကိရိယာများနှင့် ရန်ကုန်မြို့ရှိ နာမည်ကြီး ကုမ္ပဏီများမှ စားသောက်ကုန်များ၊ ဧရာဝတီတိုင်းဒေသကြီးဒေသထွက်ကုန်များကို ပြခန်း ပေါင်း ၆၀ ကျော်နှင့် ပြသရောင်းချသွားမှာဖြစ်ပြီး စီးပွားရေးပညာရှင်များဖြစ်သော ဒေါက်တာအောင်ထွန်းသက်၊ ဒေါက်တာမောင်အောင်တို့က စီးပွားရေး ပညာရပ်များနှင့်စိုက်ပျိုးရေးပညာရှင်များကလည်း စိုက်ပျိုးရေးနည်းပညာ ဘာသာရပ်များကို ဆွေးနွေးဟောပြောသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**မင်းမင်းဦး (ပုသိမ်)**

# tEdy&ubowæw

ဒီဇင်ဘာ ၁၉ ရက်တွင် ကုန်ဆုံးသော ရက်သတ္တပတ်အတွက် ထုတ်ပြန်သော အဂရီဝပ်ချ်၏ အိန္ဒိယနိုင်ငံ ပဲမျိုးစုံရက်သတ္တပတ် အစီရင်ခံစာတွင်ဆောင်းရာသီပဲ စိုက်ပျိုးမှုအခြေအနေ၊ ဩစတြေးလျမှ ကုလားပဲရောက်ရှိနိုင်မှု အလားအလာ၊ နာဗားရှီးဗား ဆိပ်ကမ်းသို့ ကုန်သေတ္တာရောက်ရှိမှုနှင့် ပဲမျိုးစုံ ဈေးနှုန်း အခြေအနေတို့ ဖော်ပြထားသည်။ သို့ရာတွင် အပြည်ပြည်ဆိုင်ရာ ဈေးကွက်အခြေအနေမှာမူ ယခင်ရက်သတ္တပတ်က အခြေအနေနှင့် ကွာခြားမှုမရှိသည်ကို တွေ့ရသည်။

## ဆောင်းရာသီစိုက်ပျိုးမှု

အိန္ဒိယနိုင်ငံ၏ ဆောင်းရာသီ ပုံမှန်ပဲမျိုးစုံ စိုက်ပျိုးမှုဧရိယာမှာ ဟက်တာ ၁၄၀ ဒသမ ၆၇ သိန်းရှိသည့်အနက် ဆောင်းရာသီ စိုက်ပျိုးပြီးစီးမှု အခြေအနေမှာ ၉၄ ရာခိုင်နှုန်းရှိပြီ ဖြစ်သည်။ ဒီဇင်ဘာ ၁၆ ရက်အထိ စိုက်ပျိုးပြီးစီးမှု အခြေအနေမှာ ဟက်တာ ၁၃၁ ဒသမ ၈ သိန်းရှိသည့်အတွက် ယခင်နှစ်နှင့် နှိုင်းယှဉ်ကြည့်ပါက ၁၂ဒသမ ၆၀ ရာခိုင်နှုန်း ပိုမိုလျက်ရှိနေသည်ကို တွေ့ရသည်။

ဆောင်းစိုက်ပဲမျိုးစုံတွင် အဓိကသီးနှံဖြစ်သော ကုလားပဲစိုက်ပျိုးမှုမှာ ဟက်တာ ၈၆ ဒသမ ၉သိန်းရှိရာ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၁၂ဒသမ ၉၃ ရာခိုင်နှုန်းပိုမိုသည်။ ဆောင်းရာသီတွင် ပုံမှန်စိုက်ပျိုးသော ကုလားပဲစိုက်ပျိုးမှု ဧရိယာမှာ ဟက်တာ ၈၈ ဒသမ ၃၇ သိန်းရှိရာ ရာသီဥတု အခြေအနေမှာ ကောင်းမွန်လျက်ရှိသဖြင့် ဒီဇင်ဘာလကုန်တွင် စိုက်ပျိုးမှုများပြီးစီးမည်ဟု ခန့်မှန်းထားသည်။ ကုလားပဲ ဈေးနှုန်းမှာလည်း မြင့်တက်လျက်ရှိနေသည့်အပြင် အစိုးရကပေးသော အနိမ့်ဆုံးထောက်ပံ့ကြေး (MSP) မှာလည်း တစ်ကွင်တယ်ကို ရူပီး၄၀၀၀အထိ သတ်မှတ်ထားသည့်အတွက် ယခုနှစ်တွင် ပဲတောင်သူတို့က ကုလားပဲကို ပိုမိုစိုက်ပျိုးမည်ဟု ခန့်မှန်းရသည်။

ဆောင်းရာသီပဲမျိုးစုံ စိုက်ပျိုးပြီးစီးမှု ဧရိယာများအနက် ပဲနီလေးစိုက်ပျိုးမှု ဧရိယာမှာ ဟက်တာ ၁၅ ဒသမ ၃၇သိန်း ရှိသည့်အတွက် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၆ရက်အထိ စိုက်ပျိုးခဲ့သော ဟက်တာ ၁၂ဒသမ ၂၃ သိန်းနှင့် နှိုင်းယှဉ်ပါက ၂၅ ဒသမ ၆၇ ရာခိုင်နှုန်း ပိုမိုခဲ့သည်ကို တွေ့ရသည်။ သို့သော် မတ်ပဲနှင့် ပဲတီစိမ်း စိုက်ပျိုးပြီးစီးမှု အခြေအနေမှာ ယခင်နှစ် ကာလတူနှင့် နှိုင်းယှဉ်ပါက ၈ဒသမ ၇၉ ရာခိုင်နှုန်းနှင့် ၆ဒသမ ၉၂ ရာခိုင်နှုန်း အသီးသီး ကျဆင်းနေသည်ကို တွေ့ရသည်။ ပဲတီစိမ်းက ဇန်နဝါရီအထိ ဆက်လက် စိုက်ပျိုးဦးမည်ဖြစ်ရာ သာမန်စိုက်ပျိုးမှု ဧရိယာကို ပြည့်မီမည်ဟု ခန့်မှန်းသော်လည်း မတ်ပဲစိုက်ပျိုးသည့် ဧရိယာများတွင် အခြားသီးနှံများ အစားထိုး စိုက်ပျိုးမှုကြောင့် မတ်ပဲစိုက်ဧရိယာမှာ ပုံမှန်အောက် အနည်းငယ် ကျဆင်းနိုင်သည်။

ပဲစိမ်းလုံး စိုက်ပျိုးမှုဧရိယာမှာ ယခုနှစ်တွင် အနည်းငယ် တိုးတက်မှု ရှိလာနိုင်သည်။ ပုံမှန်စိုက်ပျိုးမှု ဧရိယာမှာ ဟက်တာ ၉ဒသမ ၅၁သိန်း ရှိသည့်အနက် ယခုအချိန်ထိ ဟက်တာ ၉ဒသမ ၂၂သိန်း စိုက်ပျိုးပြီးဖြစ်သည့်အတွက် ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၃၄ ဒသမ ၉၉ရာခိုင်နှုန်း ပိုမိုသည်။ လက်ရှိနှုန်းထားအတိုင်း တိုးတက်သွားမည်ဆိုပါက ယခုနှစ်တွင် သာမန် စိုက်ပျိုးဧရိယာကို ကျော်လွန်မည်ဟု ခန့်မှန်းရသည်။ ယခုလောလောဆယ်တွင် ပဲစိမ်းလုံးကို ယူကရိန်း၊ ကနေဒါနှင့် ရုရှားတို့မှ တင်သွင်းလျက်ရှိပြီး ပဲဈေးနှုန်းမှာ ယခုနှစ် စိုက်ပျိုးရာသီတွင် တစ်ကွင်တယ်ကို ရူပီး ၂၀၀၀ အောက်သို့ကျဆင်းမည်ဟု ကျွမ်းကျင်သူတို့က ခန့်မှန်းသည်။

ဆောင်းရာသီ စိုက်ပျိုးနိုင်မှု အခြေအနေမှာ ကောင်းမွန်စွာ တိုးတက်လျက်ရှိနေသည်ဟု ဆိုနိုင်သော်လည်း မတ်ပဲစိုက်ပျိုးမှု အခြေအနေကိုကြည့်ပါက ယခင်နှစ်က ဒီဇင်ဘာ ၁၆ရက်အထိ စိုက်ပျိုးမှုမှာ ဟက်တာ ၅ဒသမ ၈၆ သိန်းရှိခဲ့သော်လည်း ယခုနှစ်တွင် ဟက်တာ ၄ဒသမ ၉၈ သိန်းအထိသာ စိုက်ပျိုးနိုင်သည့်အတွက် ၈ဒသမ ၉၇ ရာခိုင်နှုန်း ကျဆင်းနေသည်။ ဆောင်းရာသီ တစ်ခုလုံးအတွက် ပုံမှန်စိုက်ပျိုးမှုပမာဏမှာ ဟက်တာ ၇ဒသမ ၆၈သိန်းရှိပြီး ယခုကဲ့သို့ မတ်ပဲစိုက်ဧရိယာကျဆင်းရခြင်းမှာ ယခုနှစ် စိုက်ပျိုးရာသီတွင် ပဲတောင်သူတို့က ငရုတ်ကောင်းနှင့် ကုလားပဲကို ပိုမိုစိုက်ပျိုးသောကြောင့် ဖြစ်သည်။ မည်သို့ပင်ဆိုစေ ရာသီကုန် စုစုပေါင်းစိုက်ဧကမှာ ဟက်တာ ခုနစ်သိန်းအထိ ရောက်ရှိမည်ဟု ခန့်မှန်းထားသည်။

## ပဲတင်သွင်းမှု

ပြည်ပမှ ပဲတင်သွင်းမှုအခြေအနေကို ကြည့်ပါက ဩစတြေးလျမှ တင်သွင်းလာသော ကုလားပဲတန်ချိန် ၁၇၅၀၀ မှာ ဒီဇင်ဘာ ၂၅ရက်တွင် မဒ္ဒရာဆိပ်ကမ်းသို့ရောက်ရှိမည်ဟု ခန့်မှန်းထားသည်။ အလားတူပင် ဩစတြေးလျမှ တင်သွင်းလာသော ကုလားပဲတန်ချိန် ၁၉၉၅၀ တန်မှာ ဒီဇင်ဘာ ၂၈ရက်တွင် မွမ်ဘိုင်းဆိပ်ကမ်းသို့ ရောက်ရှိမည်ဟု ခန့်မှန်းရသည်။ ထို့ပြင် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၅ရက်တွင် မဒ္ဒရာဆိပ်ကမ်းသို့ ၂၇၂၇၇ တန် ရောက်ရှိမည်ဟု ခန့်မှန်းရသည်။ အဆိုပါ ပဲသွင်းကုန်အားလုံးမှာ ဝမ်းပုံစနစ်ဖြင့် ရောက်ရှိလာမည့်ပဲများဖြစ်သည်။

ကုန်သေတ္တာဖြင့် ပဲတင်သွင်းမှု အခြေအနေကို ကြည့်ပါက နာဗားရှီးဗာ ဆိပ်ကမ်းသို့ ဒီဇင်ဘာ ၂၀ရက်တွင် ပဲမျိုးစုံကုန်သေတ္တာ ၇၇၄ လုံး ရောက်ရှိမည်။ အဆိုပါ ကုန်သေတ္တာများအနက် ဩစတြေးလျမှ ကုလားပဲ ကုန်သေတ္တာအလုံး ၂၈၀ ပါဝင်မည်။ ကနေဒါနှင့် ဩစတြေးလျမှ တင်သွင်းသည့် ပဲနီလေး ကုန်သေတ္တာက အလုံး၁၉၀ ရှိမည်ဖြစ်သည်။ မာလာဝီ၊ ယူဂန္ဒာနှင့် တန်ဇန်းနီးယားတို့မှ ပဲစင်းငုံ ကုန်သေတ္တာ ၉၇လုံးလည်း ရောက်ရှိမည်ဟု ခန့်မှန်းရသည်။ အခြားပဲများဖြစ်သော ကုလားပဲဝါ၊ ဘိုစားပဲနှင့် ပဲတီစိမ်းတို့လည်း အနည်းငယ် ရောက်ရှိမည်ဟု ခန့်မှန်းရသည်။

## ပဲမျိုးစုံဈေးနှုန်း

မွမ်ဘိုင်းဈေးကွက်တွင် ပဲစင်းငုံဈေးမှာ တစ်ကွင်တယ်ကို ရူပီး ၄၉၀၀ ဈေးဖြင့် ရောင်းချလျက်ရှိရာ ယခုအချိန်တွင် ပဲသစ်များလည်း ဝင်လာပြီဖြစ်သဖြင့် ပဲစင်းငုံဈေးမှာ ငြိမ်နေရာမှ အကျဘက်သို့ ဦးတည်သွားနိုင်သည်ဟု ခန့်မှန်းကြသည်။ မတ်ပဲပေါက်ဈေးမှာလည်း တစ်ကွင်တယ်ကို ရူပီး ၇၀၀၀ မှ ရူပီး ၆၂၀၀ သို့ ကျဆင်းလာသည်။ ရှေ့ဆက်လည်း ကျဦးမည့် အခြေအနေရှိသည်။ ဝယ်လိုအားကျဆင်းမှုနှင့် အခြားဈေးသက်သာသော ပဲများဈေးကွက်အတွင်း ဝင်ရောက်လာမှု စသည့်အခြေအနေများက မတ်ပဲဈေးနှုန်း မြင့်တက်မည့် အလားအလာကို အဟန့်အတားဖြစ်စေခဲ့သည်။ ဩစတြေးလျ ကုလားပဲဈေးမှာ မွမ်ဘိုင်းတွင် တစ်ကွင်တယ်ကို ရူပီး ၉၄၀၀ နှင့် မဒ္ဒရာဆိပ်ကမ်းတွင် တစ်ကွင်တယ်ကို ရူပီး ၉၅၀၀ အထိရှိခဲ့သည်။ တန်ဇန်းနီးယားနှင့် အီသီယိုးပီးယားကုလားပဲမှာ တစ်ကွင်တယ်ကို ရူပီး ၉၂၀၀ နှင့် ၈၃၀၀ အသီးသီး ရှိကြသည်။ ပြည်ပမှတင်သွင်းသည့် ပဲများ ဒီဇင်ဘာနှင့် ဇန်နဝါရီတို့တွင် ထပ်မံဝင်ရောက်လာဦးမည်ဖြစ်သဖြင့် ပဲဈေးက အကျဘက်သို့ ဦးတည်နေသည်။

ကနေဒါ ပဲစိမ်းလုံးဈေးမှာ မွမ်ဘိုင်းတွင် တစ်ကွင်တယ်ကို ၂၂၈၁ ရူပီး ပေါက်ဈေးရှိသည်။ ရုရှားပဲစိမ်းလုံးဈေးက တစ်ကွင်တယ်ကို ၂၂၅၁ ရူပီးနှုန်းရှိသည်။ ပြည်တွင်းဈေးကွက်တွင် ဝယ်လိုအားကျဆင်းနေပြီး ဝယ်လက်များက အသုံးလိုမှသာ ဝယ်ယူသောစနစ်ကို ကျင့်သုံးလျက် ရှိသည်။ မိုးပဲသီးနှံက အထွက် ကောင်းခဲ့ပြီးသည့်နောက် ဆောင်းသီးနှံ အလားအလာကလည်း အလွန်ကောင်းနေသည်။ ရုရှား၊ ကနေဒါနှင့် ဩစတြေးလျမှသွင်းယူသော ပဲများ ဆက်တိုက် စီးဝင်ဦးမည်ဖြစ်သဖြင့် ရောင်းလိုအားဘက်တွင် မြင့်တက်လာမည့် အလားအလာများ ရှိနေသည်။

**စံမီအောင်**

# ထိုင်းဆန်စိုက်ပျိုးရေး ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် အလေးပေးဆောင်ရွက်ရန်လို

ထိုင်းနိုင်ငံတွင် စံပယ်ဖြူဆန်ထွက်ရှိရာတွင် နာမည်ကြီးဒေသဖြစ်သော နိုင်ငံအရှေ့မြောက်ပိုင်း ရှိုင်အက်ဒေသမှ လယ်သမားများသည် ဒေသထွက်ဆန်များကို လေလံတင်ရောင်းချရာတွင် သတိထား၍ ဆောင်ရွက်လျက်ရှိကြောင်း နေးရှင်း သတင်းတွင် ဖော်ပြသည်။

ဆန်အကောင်းစားများ၏ ရောင်းလိုအား မြင့်တက်မှု၊ အကောင်းစားစပါးကိုရွေးချယ်နိုင်သည့် အခွင့်အလမ်းများပြားမှုကြောင့် ဆန်စက်ပိုင်ရှင်များအတွက် အခြေအနေက အလေးသာလျက်ရှိသည်။ လေလံပွဲတွင် မရောင်းချသူများအတွက် ဆန်များကို ရောင်းချဖို့ ဆောင်ရွက်ရာတွင် အခက်အခဲများနှင့် တွေ့ကြုံရသည်။ လေလံပွဲတွင် ရောင်းချသူတို့မှာ စိတ်သက်သာရာ ရခဲ့သော်လည်း အကျိုးအမြတ် မရှိလှကြောင်း လယ်သမားတစ်ဦးက ပြောသည်။

ရှိုင်အက်က လယ်သမားများအတွက် လက်ရှိပေါက်ဈေးအရ စပယ်ဖြူဆန် တစ်ကီလိုကို ခြောက်ဘတ်နှုန်းသာရှိသည်။ သူတို့ရောင်းချမည့် ဆန်များမှာ အစိုဓာတ် များလွန်းနေသည့်အတွက် လေလံပွဲတွင်ရောင်းချ၍ မရခဲ့ကြောင်း လယ်သမားအများစုက ပြောသည်။

ထိုင်းနိုင်ငံမှာ အဓိကဆန် ထုတ်လုပ်သည့်နိုင်ငံ ဖြစ်ခဲ့သော်လည်း ဆန်ရောင်းဝယ် ဖောက်ကားမှုလုပ်ငန်း ဆောင်ရွက်နေသူ ထိုင်းလယ်သမားများမှာ ငွေကြေးအရ အကျိုးခံစားခွင့် မရှိသည်ကို တွေ့ရသည်။ သို့ဖြစ်ရာ ဆန်စပါးစိုက်ပျိုးရေးလုပ်ငန်း၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးမှာ မေးခွန်းထုတ်စရာဖြစ်လာသည်။

ဆန်စပါးစိုက်ပျိုးသူ လယ်သမားအများစုမှာ အသေးစားလုပ်ငန်းများဖြစ်သဖြင့် ငွေကြေးအရ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လယ်များကို တစ်ကွင်းတစ်စပ်တည်း ဖြစ်အောင် အစိုးရက ပေါင်းစည်းလိုသော ဆန္ဒရှိသည်။

“လယ်သမားတွေနဲ့ မိသားစုတွေကို ရေရှည်မှာ အကူအညီပေးနိုင်ဖို့အတွက် ပြည်နယ်တွေမှာ လယ်ယာစိုက်ပျိုးရေးမဟုတ်တဲ့ လုပ်ငန်းတွေ ထူထောင်ပေးပြီး ကျေးလက်စီးပွားရေး ဖွံ့ဖြိုးအောင် အစိုးရက ရေရှည်ဖွံ့ဖြိုးရေး စီမံကိန်းတွေ ရေးဆွဲဖို့လိုပါတယ်” ဟု ထိုင်းဖွံ့ဖြိုးရေး သုတေသနသိပ္ပံမှ စီးပွားရေးပညာရှင် နီပွန်ပိုပွန်ဆာကွန်က ပြောသည်။

**ဉာဏ်တင်**

# ၂၀၁၇-၂၀၁၈ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၏ သကြားထုတ်လုပ်မှု ပိုလျှံမည်

သကြားတောင်သူတို့က ကြံစိုက်ပျိုးသော ဧရိယာကို တိုးချဲ့စိုက်ပျိုး ထားပြီးဖြစ်သည့်အတွက် ၂၀၁၇-၁၈ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၏ သကြားထုတ်လုပ်မှု ပိုလျှံလာနိုင်ဖွယ်ရှိကြောင်း အိန္ဒိယသကြားစက်ရုံများအသင်းက ဒီဇင်ဘာ ၁၉ ရက်က ပြောကြားချက်ကို ရိုက်တာသတင်းတွင် ဖော်ပြသည်။

အိန္ဒိယ သကြားထုတ်လုပ်သူများ၏ ကွန်ဖရင့်ကို ဒီဇင်ဘာ ၁၉ ရက်က ကျင်းပခဲ့သည်။ ၂၀၁၅ ခုနှစ်က ကျန်ရှိ ခဲ့သော သကြားသိုလှောင်မှု လက်ကျန်မှာ အိန္ဒိယနိုင်ငံတွင် အလျှံပယ် ရှိနေသည့်အတွက် အောက်တိုဘာ ၁ ရက်က စတင်ခဲ့သော ၂၀၁၆-၁၇ ခုနှစ် သကြား ရာသီတွင် ပြည်ပမှ သကြားအများဆုံး တင်သွင်းနိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံက ပြည်ပမှ သကြားကို တင်သွင်းရဖွယ်မရှိကြောင်း အဆိုပါ အစည်းအဝေးအတွင်း ပြုလုပ်သော အလွတ်သဘောတွေ့ဆုံပွဲတွင် အိန္ဒိယသကြားစက်များအသင်း ညွှန်ကြားရေးမှူးချုပ် အဘီနပ်ဗာမာက ပြောသည်။

၂၀၁၆-၁၇ ခုနှစ် အိန္ဒိယနိုင်ငံက သကြားတန်ချိန် ၂၃ဒသမ ၄သန်း ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းထားသည်။ သို့ ဖြစ်ရာ ယခင်နှစ် ထုတ်လုပ်မှုနှင့် နှိုင်းယှဉ်ပါက ခုနစ်ရာခိုင်နှုန်း ကျဆင်းခဲ့ သည်။ အထူးသဖြင့် သကြားအများဆုံး ထုတ်လုပ်သော အနောက်ပိုင်းပြည်နယ် တစ်ခုဖြစ်သည့် မဟာရရှတ္တရ ပြည်နယ်တွင် ပူပြင်းခြောက်သွေ့မှုကြောင့် သီးနှံပျက်စီးခဲ့သည့်အတွက်ဖြစ်သည်။

**ဉာဏ်တင်**



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

အမေရိကန်ပြည်ထောင်စု ရွေးချယ်ခံသမ္မတ ဒေါ်နယ်ထရမ့်က အခြေခံအဆောက်အအုံ တည်ဆောက်မှု အသုံးစရိတ်ကို မြှင့်တင်ပေးပြီး အခွန်အကောက်ကို လျှော့ချပေးလိမ့်မည်ဟု ခန့်မှန်းချက်ကြောင့် အမေရိကန်ဒေါ်လာနှင့် ဘွန်းစာချုပ်များ၏ အတိုးနှုန်းများ မြှင့်တက်လာသည့်အတွက် ထွန်းသစ်စ အာရှဒေသမှ ငွေကြေးများ၏ တန်ဖိုးသည် နိုဝင်ဘာလဆန်းကတည်းက ကျဆင်းခဲ့သည်။

ယခင်ရက်သတ္တပတ်က အမေရိကန် ဗဟိုဘဏ်က အတိုးနှုန်းကို မြှင့်တင်ပေးလိုက်ပြီး ၂၀၁၇ ခုနှစ်တွင်လည်း သုံးကြိမ်ထပ်မံ တိုးမြှင့်ပေးရန် စီစဉ်ထားကြောင်း ကြေညာပြီး နောက်ပိုင်း အာရှငွေကြေးများ အပေါ်တွင် ဖိအားပေးမှုအသစ် ထပ်မံပေါ်ပေါက်ခဲ့သည်။ ဒေါ်နယ်ထရမ့်၏ ကုန်သွယ်မှုနှင့်ပတ်သက်သော ရပ်တည်ချက်ကြောင့် ပို့ကုန်အပေါ် မှီခိုနေရသော အာရှဒေသရှိ ငွေကြေးများအပေါ် အကျိုးသက်ရောက်မှု ဖြစ်စေခဲ့သည်။

သို့သော် ဒီဇင်ဘာ ၂၂ရက်က ထုတ်ပြန်သော အမေရိကန် စီးပွားရေးကိန်းဂဏန်းများတွင် အတက်အကျအမျိုးမျိုး ရှိနေသည့်အတွက် ဒေါ်လာနှင့် ဖလှယ်ရာတွင် ကမ္ဘာ့ငွေကြေးများ၏ တန်ဖိုးကျဆင်းမှု သက်သာရာရခဲ့သည်။

**တရုတ်ယွမ်**

အားလပ်ရက် ရာသီမတိုင်မီ ဒီဇင်ဘာ ၂၃ရက် နံနက်က ပြည်မကြီးရှိ ဈေးကွက်တွင် အရောင်းအဝယ် ပါးသဖြင့် ယွမ်ငွေတန်ဖိုး အနည်းငယ် ကျဆင်းခဲ့သည်။ ဒီဇင်ဘာ ၂၃ရက် နံနက် ၁၁နာရီခွဲက ဟောင်ကောင်ရှိ Onshore ယွမ်တန်ဖိုးမှာ သုညဒသမ ဝ၃ ရာခိုင်နှုန်း ကျဆင်းပြီး အမေရိကန် တစ်ဒေါ်လာကို ၆ဒသမ ၉၄၉၇ ယွမ်နှုန်း ရှိခဲ့သည်။ သို့သော်လည်း ဟောင်ကောင်ရှိ Offshore ယွမ်တန်ဖိုးမှာ သုညဒသမ ဝ၁ ရာခိုင်နှုန်း မြှင့်တက်ပြီး အမေရိကန် တစ်ဒေါ်လာကို ၆ဒသမ ၉၄၅၆ ရာခိုင်နှုန်း ရှိခဲ့သည်။ တရုတ်ဗဟိုဘဏ်ကမူ ဗဟိုဘဏ် သတ်မှတ်ဖလှယ်နှုန်းကို သုညဒသမ ဝ၄ရာခိုင်နှုန်း လျှော့ချပြီး အမေရိကန် တစ်ဒေါ်လာကို ၆ဒသမ ၉၄၆၃ ယွမ်နှုန်း ရှိခဲ့သည်။

**အိန္ဒိယရူပီး**

ပို့ကုန်လုပ်ငန်းရှင်များနှင့် ဘဏ်များက အမေရိကန်ဒေါ်လာကိုအရောင်းများလာသည့်အတွက် ဒီဇင်ဘာ ၂၃ ရက်က ဘဏ်အချင်းချင်း နိုင်ငံခြားငွေဖလှယ်ရေး ဈေးကွက်တွင် အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာ၌ ရူပီး တန်ဖိုးမှာ ၆ရူပီးနှုန်း မြှင့်တက်ပြီး တစ်ဒေါ်လာကို ၆၇ ဒသမ ၉၃ ရူပီးနှုန်းအထိ ရောက်ရှိခဲ့သည်။

ထို့ပြင် ပင်လယ်ရပ်ခြားဈေးကွက်၌ အဓိကငွေကြေးအချို့နှင့် ဖလှယ်ရာတွင် အမေရိကန်ဒေါ်လာတန်ဖိုး ကျဆင်းမှုက ရူပီးတန်ဖိုး မြှင့်တက်မှုကို အထောက်အကူ ဖြစ်စေခဲ့သော်လည်း ပြည်တွင်း ရှယ်ယာ ဈေးနှုန်းများ တန်ဖိုးကျဆင်းမှုက ရူပီးတန်ဖိုး မြှင့်တက်မှုကို အဟန့်အတား ဖြစ်စေခဲ့သည်။

**ဂျပန်ယန်း**

စောစောပိုင်း အမြတ်ရစဉ်ဒေါ်လာများကို ထုတ်ရောင်းခဲ့ပြီး နောက်ပိုင်း ပြန်လည် ဝယ်ယူလာကြသည့်အတွက် ဒီဇင်ဘာ ၂၂ရက်က အခြား ငွေကြေးများနှင့် ဖလှယ်ရာတွင် ဒေါ်လာတန်ဖိုးမှာ အနည်းငယ် အပြောင်းအလဲ ရှိခဲ့သည်။ ယခုရက်သတ္တပတ် စောစောပိုင်းကမူ ၁၄ နှစ်အတွင်း အမြင့်ဆုံးနှုန်း ဝန်းကျင်တွင် ရှိခဲ့သည်။

ဒေါ်လာယန်း ဖလှယ်နှုန်းမှာ ယခင် ရက်သတ္တပတ်က အမေရိကန် တစ်ဒေါ်လာကို ၁၁၈ဒသမ ၆၆ယန်းနှုန်း ရှိခဲ့ရာမှ ဒီဇင်ဘာ ၂၂ရက်တွင် တစ်ဒေါ်လာကို ၁၁၇ဒသမ ၅၇ယန်းနှုန်းဖြင့် ဈေးငြိမ်နေသည်။ ယူရိုနှင့် ဖလှယ်ရာတွင် ယူရိုတန်ဖိုးက သုညဒသမ ၁ ရာခိုင်နှုန်း မြှင့်တက်ပြီး တစ်ဒေါ်လာကို ၁၂၂ ဒသမ ၆၇ယန်းနှုန်း ရှိခဲ့သည်။

**မလေးရှားရင်းဂစ်**

ဈေးကွက်တွင် ကုန်သည်များ ပါဝင်မှု နည်းလာခြင်းနှင့် ပြည်ပတွင်ဖြစ်ပေါ်နေသော အကြောင်းတရားများက လွှမ်းမိုးမှုရှိခြင်းတို့ကြောင့် ခရစ္စမတ်မတိုင်မီ ဒီဇင်ဘာ ၂၃ရက်က ရင်းဂစ်တန်ဖိုး အနည်းငယ် ကျဆင်းခဲ့သည်။

အမေရိကန်ဒေါ်လာနှင့် ရင်းဂစ်ဖလှယ်နှုန်းမှာ ဒီဇင်ဘာ ၂၂ ရက်တွင် တစ်ဒေါ်လာကို ၄ဒသမ ၄၇၄၀ ရင်းဂစ်နှုန်း ရှိခဲ့ရာမှ နောက်တစ်ရက်တွင် တစ်ဒေါ်လာကို ၄ဒသမ ၄၇၅၀ ရင်းဂစ်နှုန်း ရှိခဲ့သည်။

အခြားငွေကြေးများနှင့် ဖလှယ်ရာတွင်မူ အများအားဖြင့် ရင်းဂစ်တန်ဖိုး မြှင့်တက်ခဲ့သည်။

**ကိုရီးယားဝမ်**

ရင်းနှီးမြှုပ်နှံသူတို့က သတိထားပြီး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသဖြင့် ဒီဇင်ဘာ ၂၃ရက်တွင် တောင်ကိုရီးယား ရှယ်ယာများ၏ တန်ဖိုးက အပြောင်းအလဲ မရှိသလောက်နီးပါး ဖြစ်နေသည်။ သို့သော် တောင်ကိုရီးယား ဝမ်တန်ဖိုးကမူ အမေရိကန် တစ်ဒေါ်လာကို ၁၂၀၃ ဝမ်နှုန်း ရှိခဲ့သည့်အတွက် ဒီဇင်ဘာ ၂၂ ရက် ဈေးပိတ်ချိန်က ဖလှယ်နှုန်းနှင့် နှိုင်းယှဉ်ပါက ၃ဒသမ ၉၀ ဝမ်နှုန်း ကျဆင်းခဲ့သည်။

**ထိုင်းဘတ်**

ရိုက်တာသတင်းဌာနက ပြုစုထားသော ကိန်းဂဏန်းများအရ ဘတ်ငွေတန်ဖိုးသည် ယခင်နေ့က ဖလှယ်နှုန်းနှင့် နှိုင်းယှဉ်ပါက ဒီဇင်ဘာ ၂၃ ရက်တွင် အမေရိကန်တစ်ဒေါ်လာကို ၃၆ ဒသမ ဝ၁ ဘတ်နှုန်း ရှိပြီး သုညဒသမ ဝ၂ ရာခိုင်နှုန်း တန်ဖိုးကျဆင်းခဲ့သည်။

## ဒေါ်လာတန်ဖိုးနှင့် ရေနံစိမ်းဈေးနှုန်းများ မြှင့်တက်မှုကြောင့် အိန္ဒိယဗဟိုဘဏ် အတိုးနှုန်းလျှော့ချပေးမည့် အလားအလာနည်း

ဒေါ်လာနှင့် ဖလှယ်ရာတွင် ရူပီးတန်ဖိုးအဆက်မပြတ်ကျဆင်းနေမှု၊ အမေရိကန်အတိုးနှုန်းမြှင့်တက်မှုနှင့် ရေနံစိမ်းဈေးနှုန်းများ မြှင့်တက်နေမှုတို့ကြောင့် အိန္ဒိယဗဟိုဘဏ်အတိုးနှုန်း မြှင့်တင်ပေးမည့် အလားအလာမှာ မှေးမှိန်နေဆဲဖြစ်ကြောင်း အစီရင်ခံစာတစ်စောင်တွင် ဖော်ပြသည်။

ငွေစက္ကူတရားမဝင်ကြေညာခြင်းနှင့် ငွေကြေးဖောင်းပွမှုနှုန်းလျော့ကျခြင်း စသည်တို့ ဖြစ်ပွားပြီးနောက်ပိုင်း ဘဏ်လုပ်ငန်းစနစ်တွင် ငွေဖြစ်လွယ်မှု မြင့်မားလာခဲ့သော်လည်း ဤအခြေအနေမှာ ပုံမှန်အခြေအနေမဟုတ်နိုင်ကြောင်း သုံးသပ်ကြသည်။ တရားမဝင်ကြေညာခဲ့သော ရူပီး ၅၀၀ တန်နှင့် ၁၀၀၀ တန်တို့ နေရာတွင် အစားပြန်ထိုးပေးနိုင်ပြီး ဘဏ်လုပ်ငန်းစနစ်အတွင်းသို့ ငွေများ ထပ်မံဖြည့်ဆည်းပေးနိုင်မည်ဆိုပါက အခြေအနေမှာတစ်မျိုးတစ်ဖုံ ပြောင်းလဲ သွားနိုင်သည်။ ထို့ပြင် သကြားနှင့် ဂျုံတို့ကဲ့သို့ ဈေးနှုန်းခိုင်မာနေသော ကုန်စည်များလည်း ရှိနေသေးကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။

အကြီးမားဆုံး ကြုံတွေ့ရသည့် အန္တရာယ်များမှာ ကမ္ဘာ့စီးပွားရေး အလားအလာ၊ အမေရိကန်ဒေါ်လာတန်ဖိုး မြှင့်တက်မှုနှင့် အမေရိကန် စီးပွားရေးအတွင်းသို့ အပြည်ပြည်ဆိုင်ရာငွေကြေးများ ပြန်လည်ဝင်ရောက်လာမှု စသည်တို့ဖြစ်ကြောင်း Assocham အသင်းက ဝေဖန် ဆန်းစစ်ထားသည်။

ထို့ပြင် ထွန်းသစ်စ ဈေးကွက်အများစုမှာ ငွေကြေးစီးထွက်မှုကို ခံစားနေရကြောင်း အသင်းကပြောသည်။ အိန္ဒိယနိုင်ငံသည် ရေနံတင်သွင်းမှု အများဆုံး နိုင်ငံများတွင် ပါဝင်ပြီး ရေနံတင်ပို့မှုမရှိသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။

## ဘဏ်များက ထားရှိရမည့် မတည်ရင်းနှီးငွေ လုံလောက်မှု အချိုးအစားကို တောင်ကိုရီးယားနိုင်ငံက လျှော့ချ

ဘဏ်များ၏ ဘဏ္ဍာရေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုးကို လျှော့ချပေးရန် ရည်ရွယ်၍ ဘဏ်များက ထားရှိရမည့် မတည်ရင်းနှီးငွေ အချိုးအစားနှင့် ပတ်သက်သော စည်းမျဉ်း ဥပဒေကို ယခုရက်သတ္တပတ်အတွင်း တောင်ကိုရီးယားနိုင်ငံက လျှော့ချပေးလိုက်ကြောင်း တောင်ကိုရီးယားနိုင်ငံ ဘဏ္ဍာရေးကြီးကြပ်မှုအဖွဲ့၏ ဒီဇင်ဘာ ၁၉ ရက်က ပြောကြားချက်ကို ယွန်းဟပ်သတင်းတွင် ဖော်ပြသည်။

ဒီဇင်ဘာ ၂၀ ရက်က စတင် အကျိုးသက်ရောက်မည့် စည်းကမ်းဥပဒေအရ ချေးငွေနှင့် ဆုံးရှုံးမှု အရန်ငွေကြေးကို သာမန်မတည်အရန်ငွေကြေး အဖြစ်သာထားရှိရန် ဘဏ္ဍာရေးလုပ်ငန်းကော်မရှင် (FSC) က ခွင့်ပြုထားသည်။

လက်ရှိကျင့်သုံးနေသော စည်းကမ်းဥပဒေအရ အချိန်စေ့ရောက်သော်လည်း ပေးဆပ်ခြင်း မရှိသေးသော ချေးငွေများမှ ဆုံးရှုံးနိုင်မည့် အလားအလာရှိသော ပမာဏကို ကာမိသည်အထိ မတည်ရင်းနှီးငွေကို ဘဏ်များက သီးသန့်ထားရှိရသည်။ သို့မဟုတ် ပေးဆပ်ရန်ပျက်ကွက်မည်ဟု ခန့်မှန်းရသောပမာဏကို မတည်ရင်းနှီးငွေ ပမာဏလျာထားချက်မှ လျှော့ချပေးရသည်။

အပြည်ပြည်ဆိုင်ရာ ငွေကြေးရှင်း လင်းရေးဘဏ်က သတ်မှတ်ထားသော တင်းကျပ်သည့် မတည်ရင်းနှီးငွေ လုံလောက်မှုအချိုးအစားကို ဘဏ်များအနေဖြင့် ပြည့်မီအောင်ထားရှိရမည်ဖြစ်ရာ လက်ရှိကျင့်သုံးနေသော ကန့်သတ်ချက်များက ဘဏ်များအတွက် ဝန်ထုပ်ဝန်ပိုးသဖွယ် ဖြစ်နေသည်။ မတည်ရင်းနှီးငွေ အခြေခံနှင့် ပတ်သက်၍ လျှော့ချပေးမှုက ဘဏ်များကထားရှိရမည့် မတည်ရင်းနှီးငွေ အချိုးအစားကို သုညဒသမ ၆ ရာခိုင်နှုန်း ကျဆင်းစေနိုင်ကြောင်း ဘဏ္ဍာရေးကြီးကြပ်မှု အဖွဲ့က ပြောသည်။



ဉာဏ်တင်-စုစည်းတင်ပြသည်

HAPPY New Year 2017

GLOBAL WORLD INSURANCE CO., LTD

နှစ်သစ်အခါသမယတွင် ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့စွာဖြင့်
လူကြီးမင်းတို့၏ လုပ်ငန်းဆောင်တာများ အောင်မြင်တိုးတက်ပါစေကြောင်း
ကျွန်တော်များ ဂလိုဘယ်ဝေါ(လ်) အာမခံမိသားစု မှ ဆုတောင်းမေတ္တာ
ပို့သအပ်ပါသည်။

# WIN WIN & MAY MAY
## GROUP OF COMPANIES

SPECIALIZED IN :

Company Reg : (3182/2015-16)

DESIGN, PROJECT, MANAGEMENT, IPVT TESTING, T&C
- M & E PROJECT
- ACMV PROJECT
- INDUSTRIAL PROJECT
  - HOTEL
  - HOSPITAL
  - SHOPPING MALL
  - DATA CENTRE
  - BREWERIES & SOFT DRINK FACTORY
  - CLEAN ROOM-PHARMACEUTICAL

ဆေးဝါးစက်ရုံ





No. (90/91), Room No. (1-B), Aung Thu Kha Street, Hantha Yeik Mon Housing, Quarter (5), Kamayut Township, Yangon.
Tel: 09 797 625 113, 09-250 910 788 Email: win21362@gmail.com

# PYAE SONE THANLWIN
## Construction Company Limited.

PYAE SONE THANLWIN မှ လူကြီးမင်းတို့၏

- လုံးချင်း၊ (အထပ်မြင့်/အထပ်နိမ့်) အဆောက်အဦးများ
- အဆင့်မြင့်တိုက်ခန်းများနှင့် ကွန်ဒိုမီနီယမ် တိုက်ခန်းများ
- စက်ရုံ၊ အလုပ်ရုံ၊ Super Market များတည်ဆောက်ခြင်းလုပ်ငန်းများ
- မြေကွက်နေရာကောင်းများရှိသော မြေပိုင်ရှင်များနှင့် အကျိုးတူပူးပေါင်းခြင်း
- အိမ်အတွင်း၊ အပြင် အလှဆင်ခြင်း လုပ်ငန်းများ
- Aluminium Composite ပြုလုပ်တပ်ဆင်ခြင်း လုပ်ငန်းများ ကို

နိုင်ငံတကာအဆင့်မီ ဒီဇိုင်းဖြင့် စံချိန်စံညွှန်းအမီ ဆောက်လုပ်ပေးခြင်း၊

သတ်မှတ်ချိန်အမီ သေသပ်လှပစွာ ဆောက်လုပ်ပေးခြင်း တို့ကို PAE စနစ်ဖြင့် စိတ်တိုင်းကျ တာဝန်ယူ တည်ဆောက် ပေးနေပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**Hot Line 09-4500 47500, 09-5132435**

**Yangon Office**

No.59/4, Nawaday Garden Housing, Hlaingtharyar Township, Yangon.
Tel : +951 681366, +959 49331313, +959 49201313, +959 425273339
E-mail : psthanlwin@gmail.com, azm.powerhouse@gmail.com

**Nay Pyi Taw Office**

No.Pha/213, Tha Pyae Gone , Zabuthiri Township,Nay Pyi Taw.
Tel : +9567 432535, +959 49223499
E-mail : psthanlwin@gmail.com, azm.powerhouse@gmail.com

# CNQC
Building For Tomorrow

We are specialize in Construction,EPC,MEP,Foundation Engineering, Interiors fitting out,Steel Works,Real Estate Development & Investment Trading And Consultancy Services.




CNQC
QINGJIAN INTERNATIONAL (MYANMAR) GROUP DEVELOPMENT CO., LTD.

Tel : +95 1 554046 / +95 1 8604597 | Email : enquiry@cnqc.com.mm
အမှတ် ၂၂ ၊ ဦးချစ်မောင်အိမ်ရာ၊ဦးချစ်မောင်လမ်း၊ဗဟန်းမြို့နယ်၊ရန်ကုန်မြို့၊မြန်မာနိုင်ငံ။


WTHM WIN, THAN, HTAY, MIN INDUSTRIAL CO.,LTD.
P.P.P uPVC PIPE & FITTING
ပီသုံးလုံးကိုစိတ်ချသုံး ပျော်ရွှင်ရမယ်တသက်လုံး
ရန်ကုန် 01 684844,01 684990,01 685841,01 685842,
09 788880324,09 788880325,09 788880326,09 73123285
မန္တလေး 02 34975,02 60627,02 33494,09 799900028


SPOMPA
Water Pump
စပွန်းပါး ရေတင်ပန့်
1 Year Warranty
ကြေးကွိုင်၊ကြေးဒလက် အစစ်ဖြစ်ကြောင်း အာမခံပါသည်။
ဖုန်းတစ်ချက်ခေါ်ဆိုရုံဖြင့်(ရန်ကုန်မြို့တွင်း)
အိမ်တိုင်ရာရောက်အကောင်းဆုံးဝန်ဆောင်မှုပေးနေပါသည်
ဖြန့်ချိရေး - ဘိုဆန်း Win Than Htay Min CO.,LTD.
:09-96 444 98 33, 09-26 444 98 33,
:09-501 75 28
Hot line
09 4200 69 444
09 4200 69 666
"ရွှေတောင်" အိမ်ဆောက်ပစ္စည်းဆိုင်
No 2, 84 လမ်း၊ 23 x 24 လမ်းကြား၊ မန္တလေးမြို့၊ 09 2000 915


GP Golden Pollen TRADING CO.,LTD.
ရေယာဥ်သုံးအင်ဂျင်နှင့်ဂီယာဘောက်စ်များကို
ဈေးနှုန်းချိုသာစွာဖြင့်တင်သွင်းရောင်းချပေးနေပါသည်။
ADVANCE
အမှတ်တံဆိပ်ဂီယာဘောက်စ်များ
MB170 MARINE GEARBOX
135A MARINE GEARBOX
D300A MARINE GEARBOX
HCT400A/1 MARINE GEARBOX
HCT600A MARINE GEARBOX
HCT400A MARINE GEARBOX
HCT600A/1 MARINE GEARBOX
中国重汽 SINOTRUK
Cummins Marine
WD615.57C
KTA 19M
NTA 855M
NTA 855G4
No.(112), Banmaw Atwin Wun Street, Shwe Pyi Tahar Industrial Zone 2,
Shwe Pyi Thar Township, Yangon, Myanmar.
Tel: 01-618021, 618022, 618346, 618347, 720229 Fax : 01-618060
email: goldenpollen@myanmar.com.mm
မြောက်ပိုင်းနဂါးရောင်းဝယ်ရေးကုမ္ပဏီလီမိတက်မှဖြန့်ချိသော
ND ဟိုင်ဖော့ဓ ကွန်ပေါင်းဓါတ်မြေဩဇာ
NPK 10:7:8 NPK 12:13:0
ရန်ကုန်
အမှတ် (၁၁၂)၊ ဗန်းမော်အတွင်းဝန်လမ်း၊
ရွှေပြည်သာစက်မှုဇုန် (၂)၊ ရွှေပြည်သာမြို့နယ်။
ဖုန်း ၀၁ - ၆၁၈၀၂၂၊ ၆၁၈၃၄၇၊ ၇၂၀၂၂၉
ဖက်စ် ၀၁ - ၆၁၈၀၆၀
မန္တလေး
ကနောင်မင်းသားကြီး နှင့် ဂုဏ်လမ်း၊ ပြည်ကြီးတံခွန်မြို့နယ်။
ဖက်၀၂ - ၅၂၂၆၇

